# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် ၂၀၁၉ ခုနှစ်၊ မတ် ၄ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၁၅၅)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေဝတီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး



ချောင်းသာ မတ် ၃

**ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့၌ ရောက်ရှိနေသည့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဦးတင်မြင့်၊ ဦးလှကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့နှင့် ရွှေသောင်ယံမြို့အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် နံနက် ၇ နာရီတွင် Amazing Chaungtha Hotel သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့အား တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ကမ်းခြေပတ်လမ်း (Coastal Road) စီမံကိန်း တည်ဆောက်ရန် ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေနှင့် စီမံကိန်းပြီးစီးပါက ရရှိမည့် အကျိုးကျေးဇူးများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ငရုပ်ကောင်း-ရန်ကုန်ကားလမ်း တည်ဆောက်ရေး၊ ရန်ကုန်-ပုသိမ်ကားလမ်း အဆင့်မြှင့်တင်ရေးနှင့် ကမ်းခြေပတ်လမ်းစီမံကိန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ◆



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်တာဝန်ရှိသူများ ချောင်းသာကမ်းခြေတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ အနားယူအပန်းဖြေမှုအခြေအနေများကို ကြည့်ရှုစဉ်။**

သတင်းစဉ်




မြန်မာ့အလင်း

# မလိုမုန်းထား ခွဲခြားဆက်ဆံမှုနှင့် တစ်ဖက်စောင်းနင်းလုပ်ရပ်များ

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ကျော်ကာလက စတင်ဖွဲ့စည်းတည်ထောင်ခဲ့ရာ ဒုတိယကမ္ဘာစစ်အပြီးကာလတွင် ဖြစ်သည့်အလျောက် အဖွဲ့ကြီး၏ ရည်ရွယ်ချက်များသည်လည်း တစ်ကမ္ဘာလုံးတွင် ငြိမ်းချမ်းရေးထိန်းသိမ်းရန်၊ နိုင်ငံအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံမှုများ တိုးတက်ဖြစ်ပေါ်လာစေရန်၊ လူများ၏ နေထိုင်မှုအဆင့်အတန်း ပိုမိုကောင်းမွန်စေ၍ ဆင်းရဲခြင်း၊ ရောဂါများဖြစ်ပွားခြင်း၊ စာမတတ်ခြင်းတို့ ကမ္ဘာပေါ်မှ ပပျောက်စေရန်၊ လူ့ပတ်ဝန်းကျင်ပျက်စီးမှု ရပ်တန့်စေရန်နှင့် လူအချင်းချင်း၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို အပြန်အလှန်အရေးထား လေးစားရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြစေရန်၊ နိုင်ငံများအား ထိုရည်မှန်းချက်များ ပေါက်ရောက်စေရေးအတွက် ကူညီပံ့ပိုးသော ဗဟိုဌာနဖြစ်စေရန်ဟူ၍ ဖြစ်ခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ကြီးကို တည်ထောင်ခဲ့သည့် မူလရည်ရွယ်ချက်များ၏ အနှစ်သာရမှာ အပြုသဘောဆောင်ခြင်း၊ အပြန်အလှန်လေးစားခြင်း၊ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကူညီပံ့ပိုးမှုပေးခြင်းတို့ ကဲ့သို့သော အပေါင်းလက္ခဏာဆောင်သည့် သဘောများသာ ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့အပြင် ကုလသမဂ္ဂအဖွဲ့ကြီး၏ အဓိကဦးတည်ချက် (၄) ရပ်တွင်လည်း "အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားဆိုင်ရာ အခက်အခဲပြဿနာများကို ဖြေရှင်းရာ၌လည်းကောင်း၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားလိုက်နာရေးအား ဖွံ့ဖြိုးတိုးတက်စေရာတွင်လည်းကောင်း အတူတကွတွဲဖက်လုပ်ကိုင်ကြရန်" ဟူသည့်အချက်၊ "နိုင်ငံများအနေဖြင့် ဤပန်းတိုင်များကို ရရှိရေးအတွက်ဆောင်ရွက်ရာတွင် ညှိနှိုင်းရာ အချက်အချာဌာနဖြစ်စေရန်" ဟူသည့်အချက်များပါရှိရာ အုပ်စုဖွဲ့ဖိအားပေးခြင်း၊ ကုလသမဂ္ဂယန္တရားနှင့် ကုလသမဂ္ဂစနစ်တို့ကို လိုသလိုအသုံးချပြီး မိမိတို့နိုင်ငံရေးအကျိုးစီးပွားအတွက် အမြတ်ထုတ်ခြင်းကဲ့သို့သော လုပ်ရပ်မျိုးများနှင့် ဆန့်ကျင်စွာ အလှမ်းကွာဝေးလှသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂလုံခြုံရေးကောင်စီခန်းမတွင် မြန်မာနိုင်ငံအခြေအနေ ခေါင်းစဉ်ဖြင့် တံခါးဖွင့်ရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့ရာ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံအချို့က "မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့" ၏ အစီရင်ခံစာကို ရည်ညွှန်းပြီး တာဝန်ခံမှုကိစ္စနှင့်ဆက်နွယ်၍ ပြောကြားမှုများ ပြုလုပ်ခဲ့ကြခြင်းကြောင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက တုံ့ပြန်ကန့်ကွက်ခဲ့ရသည့်အချက်များကို သတင်းများတွင် ဖတ်ရှုတွေ့မြင်ကြရပြီး ဖြစ်သည်။ လူ့အခွင့်အရေးကောင်စီသည် ၎င်း၏အခွင့်အာဏာကို ကျော်လွန်ကာ မြန်မာနိုင်ငံအပေါ် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရားတစ်ရပ်တည်ထောင်ခြင်းအားဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ကို ထိပါးရာရောက်သော၊ မလိုမုန်းထားမှုဖြင့် ခွဲခြားဆက်ဆံရာရောက်သော၊ ယခင်က အစဉ်အလာမရှိခဲ့သော လုပ်ရပ်ကိုပြုလုပ်ခဲ့သည်။ လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့၏ အစီရင်ခံစာသည်လည်း သမာသမတ်မရှိ၊ တစ်ဖက်သတ်ကျ၊ ဘက်လိုက်သော အချက်အလက်များ သက်သက်ကိုသာ ဖော်ပြထားပြီး မြန်မာနိုင်ငံနှင့် နိုင်ငံ့ခေါင်းဆောင်များ၏ ပုံရိပ်ကို အဆုံးစွန်အထိ ထိခိုက်စေရန် ရည်ရွယ်လှုံ့ဆော်မှုသက်သက်သာဖြစ်ခဲ့သည်။

စင်စစ်အားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိဒေသအနည်းငယ်တွင်သာ ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်သည် ဗြိတိသျှနယ်ချဲ့ကိုလိုနီခေတ်က စတင်ခဲ့သည့် နယ်စပ်ဖြတ်ကျော်တရားမဝင်အခြေချမှုကို အခြေပြု၍ ဖြစ်ပေါ်လာခဲ့ရသော ကာလရှည်ကြာ ပြဿနာတစ်ခု ဖြစ်ပြီး ဘာသာရေးဆိုင်ရာ ပဋိပက္ခ၊ ဖိနှိပ်မှုလုံးဝ မဟုတ်ပါပေ။ နိုင်ငံတကာက အထင်မှား၊ အမြင်မှားနေသကဲ့သို့ ကမ္ဘာ့မီဒီယာများက ပုံဖော်ရေးသားနေသကဲ့သို့ မဟုတ်ကြောင်းကိုလည်း သမိုင်းကြောင်းနောက်ခံနှင့် ဖြစ်ရပ်မှန်များကို အချက်အလက်မှန်ကန် ပြည့်စုံစွာရရှိအောင် စေ့စေ့စပ်စပ်စုံစမ်းလေ့လာသူတိုင်းက သိရှိထားကြပြီးလည်းဖြစ်သည်။ ကိုယ်ပိုင်နိုင်ငံရေးအာဂျင်ဒါများဖြင့် တစ်ဖက်သတ်ပြုမူနေသရွေ့ လူက ခွေးကိုကိုက်မှသာ သတင်းဖြစ်သည်ဟူသော အယူအစွဲဖြင့် သတင်းများကို ဖန်တီးနေသေးသရွေ့၊ လက်ခံယုံကြည်နေသေးသရွေ့ ဖြစ်ရပ်မှန်တို့က အသံတိုးတိမ်နေဦးမည်၊ အဖြေမှန်နှင့် ဝေးကွာနေဦးမည်ဖြစ်သည်။ ။




## သက်ငယ်မုဒိမ်းနှင့် မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး

**ပျဉ်းမနား မတ် ၃**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၏ ညွှန်ကြားမှုဖြင့် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုနှင့်အတူ သက်ငယ်မုဒိမ်း မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့က ပျဉ်းမနားမြို့ ကံဦးရပ်ကွက် ဓမ္မာရုံတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး အေးမြင့်နိုင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်နိုင်ဦးတို့က ဟောပြောရာ ကံဦးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းနှင့် အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**

## ပထမအကြိမ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ မြန်မာစကားပြောစွမ်းရည်ပြိုင်ပွဲ ရန်ကုန်တက္ကသိုလ်ကိုယ်စားပြု (အဓိပတိ)အသင်း ပထမဆုဆွတ်ခူး

**ရန်ကုန် မတ် ၃**

ပထမအကြိမ်ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ မြန်မာစကားပြောစွမ်းရည်ပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် ရန်ကုန်တက္ကသိုလ်ကိုယ်စားပြု (အဓိပတိ) အသင်းက ဗိုလ်စွဲသွားသည်။

ပညာရေးဝန်ကြီးဌာန Mytel နှင့် Skynet တို့ ပူးပေါင်းကျင်းပခဲ့သည့် အဆိုပါ ပထမအကြိမ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံမြန်မာစကားပြောစွမ်းရည်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရန်ကုန်တက္ကသိုလ် ကိုယ်စားပြု (အဓိပတိ) အသင်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ငွေကျပ်သိန်း ၁၅၀ ကို ချီးမြှင့်သည်။

ယင်းအပြင် ဒုတိယဆုရရှိခဲ့သည့် ဒဂုံတက္ကသိုလ်ကိုယ်စားပြု (ဒဂုံမောင်) အသင်းကို Mytel ဒုတိယ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက ငွေကျပ် သိန်း ၆၀ ကို ချီးမြှင့်သည်။

ဗိုလ်လုပွဲတွင် ရန်ကုန်တက္ကသိုလ်ကိုယ်စားပြု (အဓိပတိ) အသင်းနှင့် ဒဂုံတက္ကသိုလ်ကိုယ်စားပြု (ဒဂုံမောင်) အသင်းတို့သည် မတ် ၂ ရက်က ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမတွင် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့်အသင်းကို မတ် ၃ ရက်တွင် ကြေညာပေးခဲ့ခြင်း ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အသင်းများအနက် မိမိကြိုက်နှစ်သက်သည့် အသင်းကို Mytel ဆင်းကတ်များဖြင့် ၈၆၆၈ သို့ကိုယ်စားပြုနံပါတ်များကို ရိုက်နှိပ်ကာ အကန့်အသတ်မရှိ ပေးခဲ့ကြသည့် Voting ရမှတ်များကိုပါ ထည့်သွင်းကာ ရွေးချယ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **သူသူထက်လွင်**




ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပထမဆုရရှိသည့် ရန်ကုန်တက္ကသိုလ် ကိုယ်စားပြု အဓိပတိအသင်းအား ဆုချီးမြှင့်စဉ်။ ဓာတ်ပုံ - MPA

## မကွေးတိုင်းဒေသကြီး တရားလွှတ်တော်၌ (၁၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး မတ် ၃**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ (၁၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံ ရှင်းလင်းသည့် အခမ်းအနားကို ယမန်နေ့က မကွေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်း က အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က (၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးများ၏ မှာကြားချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများဖြစ်သည့် ဦးမြင့်သိန်းနှင့် ဒေါ်နုယဉ်တို့က တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ကြူကြူဝင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များကိုလည်းကောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**




မကွေးတိုင်းဒေသကြီး တရားလွှတ်တော် လုပ်ငန်းညှိနှိုင်းစည်းဝေး ကျင်းပစဉ်။





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချောင်းသာမြို့ရှိ Amazing Chaungtha Hotel ၌ တာဝန်ရှိသူများအား တွေ့ဆုံစဉ်။ သတင်းစဉ်

◆ ရှေ့ဖုံးမှ

ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ဒေသခံပြည်သူလူထုအနေဖြင့် စီမံကိန်း၏ အကျိုးကျေးဇူးကို သဘောပေါက်နားလည်စေရေး အသိပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အသိပေးခဲ့သည့်အတိုင်း ပြည်သူလူထုကျေနပ်မှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အလေးထားရန်လိုအပ်ကြောင်း၊ ယခုစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက တိုင်းဒေသကြီးအတွက် စီးပွားဖွံ့ဖြိုးမှုကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

**အရေးပါသည့်**
**လမ်းကြောင်းတစ်ခုဖြစ်**

ကမ်းခြေပတ်လမ်းသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်၏ အနောက်ဘက်ပင်လယ်ကမ်းခြေတစ်လျှောက်ကိုဆက်စပ်မည့် မိုင် ၁၇၀ ရှိသည့် မဟာဗျူဟာမြောက်လမ်းဖြစ်ပြီး တည်ဆောက်ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်နိုင်ခြင်း၊ လူမှုစီးပွားဘဝ၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးအခြေခံသည့် ထုတ်ကုန်လုပ်ငန်းနှင့် ပင်လယ်ရေထွက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကာ နိုင်ငံတော်၏ အနောက်ဘက်လုံခြုံရေးအတွက်ပါ အရေးပါသည့်လမ်းကြောင်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ချောင်းသာကမ်းခြေတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ အနားယူ အပန်းဖြေမှု၊ ဒေသထွက်ကုန်များ ရောင်းချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျောက်မောင်နှမ Ocean View Hotel View Point သို့ ရောက်ရှိကြပြီး ပင်လယ်သဘာဝရှုခင်းများကို ကြည့်ရှုကြသည်။

**ခရီးစဉ်ဒေသများ**
**တိုးချဲ့ဖွင့်လှစ်နိုင်ရေးရှင်းလင်း**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရွှေသောင်ယံမြို့ ရွှေသောင်ယံဟိုတယ်သို့ ရောက်ရှိကြရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က ခရီးသွားဧည့်သည်ဝင်ရောက်မှု၊ ဟိုတယ်နှင့် တည်းခိုရိပ်သာများဖွင့်လှစ်ထားရှိမှု၊ ကမ်းခြေသာယာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ခရီးသွားဧည့်သည်များ စိတ်ကျေနပ်မှုရရှိစေရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်မှု၊ ခရီးစဉ်ဒေသများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

**သန့်ရှင်းသာယာမှုသည် အရေးကြီး**

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ခရီးသွားဧည့်သည်များကို ဆွဲဆောင်မှုရှိစေရန် ကမ်းခြေများ သန့်ရှင်းသာယာမှုသည် အရေးကြီးပါကြောင်း၊ ယခင်နှစ်များထက် ခရီးသွားဧည့်သည်ပိုမိုဝင်ရောက်လာနိုင်မည့် အခြေအနေကို မျှော်မှန်း၍ ယာဉ်ရပ်နားစခန်းများ စနစ်တကျတည်ဆောက်ခြင်း၊ အများသုံး သန့်စင်ခန်းများ၊ အားကစားခန်းမများ ထားရှိခြင်းတို့ကို ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး သင်တန်းများလည်း ဖွင့်လှစ်ပို့ချပေးရန် လိုအပ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး Master Plan အား လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ရေးဆွဲရန် လိုအပ်ပါကြောင်း၊ ရေးဆွဲရာတွင်လည်း ဌာနဆိုင်ရာများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းများ ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

**ပြန်လည်ရောက်ရှိ**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



ချောင်းသာကမ်းခြေ၌ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ အနားယူအပန်းဖြေနေမှုကို တွေ့ရစဉ်။ သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ကိုယ်အင်္ဂါမသန်စွမ်း ၂၄ ဦး ဝင်ရောက်ဖြေဆိုမည်

ပုသိမ် မတ် ၃

**ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျင်းပမည့် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကိုယ်အင်္ဂါမသန်စွမ်းနှင့် အကြားအာရုံချို့တဲ့သူ ၂၄ ဦး ဝင်ရောက်ဖြေဆိုသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။**



တိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကိုယ်အင်္ဂါမသန်စွမ်း ၂၄ ဦး ၊ အကြားအာရုံချို့တဲ့သူတစ်ဦးတို့ဖြစ်ပြီး ၂၀၁၉ ခုနှစ် စာမေးပွဲတွင် ကိုယ်အင်္ဂါမသန်စွမ်း ၁၁ ဦး၊ အကြားအာရုံချို့တဲ့သူ ၁၃ ဦးတို့ ဝင်ရောက်ဖြေဆိုသွားမည် ဖြစ်ကြောင်း သိရသည်။

**တိုးတက်စေချင်တဲ့ဆန္ဒ**

"ဒီနှစ်စာမေးပွဲမှာ ကလေးနဲ့မိဘတွေအပါအဝင် မေးခွန်းပုံစံပြောင်းမယ်ဆိုပြီး စိတ်ပူပန်နေတာတွေ အများကြီးရှိနေကြတာကို ကြားရပါတယ်။ အဲ့ဒီအတွက် အားလုံးဟာ တစ်ခုတည်းခံယူထားပေးပါ။ အားလုံးဟာလက်တွဲပြီးတော့ ပညာရေးရည်မှန်းချက် အောင်မြင်အောင် ဒီထက်မကတိုးတက်ဖို့ လုပ်ဆောင်နေတာဟာ ကဏ္ဍပေါင်းစုံနဲ့သွားဖို့၊ နည်းလမ်းအသွယ်သွယ်ကိုဖြတ်ဖို့ ဘယ်လိုဘယ်နည်း အမျိုးမျိုးနဲ့ ဖြစ်ပါစေ တကယ်ရည်မှန်းချက်က တစ်ခုတည်းပါပဲ။ ပညာဘယ်လိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်အောင် လုပ်မလဲဆိုတဲ့ ရည်မှန်းချက်ကိုသွားဖို့ရာဖြစ်တဲ့အတွက် ဘယ်လိုပဲ စနစ်တွေပြောင်းပြောင်း၊ ဘယ်လိုမှုတွေပြောင်းပြောင်း ကောင်းစေချင်၊ တိုးတက်စေချင်တဲ့ဆန္ဒနဲ့လုပ်တာ ဖြစ်ပါတယ်။ အဲဒီပြုပြင်ပြောင်းလဲမှုဟာ အတူလက်တွဲသွားမယ်ဆိုရင် ရည်မှန်းချက်ပန်းတိုင်ဟာ အောင်မြင်မှာဖြစ်ပါတယ်။ ကလေးတွေကိုလည်း အားပေးမှုလုပ်ပေးစေချင်တယ်"ဟု ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးက ပြောသည်။

**ကြီးကြပ်ဆောင်ရွက်**

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ၂၀၁၈ ခု နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အတွင်းဖြေ ၆၅၁၁၆ ဦး၊ အပြင်ဖြေ ၂၉၀၅၃ ဦး စုစုပေါင်း ၉၄၁၆၉ ဦး ရှိခဲ့ပြီး ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အတွင်းဖြေ ၆၈၆၁၄ ဦး၊ အပြင်ဖြေ ၂၆၃၂၆ ဦး စုစုပေါင်း ၉၄၉၄၀ ဦးတို့ ဝင်ရောက်ဖြေဆိုသွားမည်ဖြစ်ရာ ယခင်နှစ်ထပ်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၇၇၁ ဦး တိုးလာကြောင်း တိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ၂၄၈ ခုရှိခဲ့ရာမှ ယခုနှစ်တွင် ၂၇၀ အထိ တိုးမြှင့်ဖွင့်လှစ်ထားကြောင်း၊ စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်ကြားရေးဆရာ ဆရာမများ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါ လုံခြုံရေးကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထွန်းဇော်**

# အိန္ဒိယနိုင်ငံရှိ Chola ဘုရားကျောင်းများ၏ ဗိသုကာဆိုင်ရာ မှတ်တမ်းဓာတ်ပုံများပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၃**

အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ပြပွဲတစ်ရပ်အဖြစ် အိန္ဒိယနိုင်ငံရှိ Chola ဘုရားကျောင်းများ၏ ဗိသုကာဆိုင်ရာ မှတ်တမ်းဓာတ်ပုံများပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားပြတိုက်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာဆော်ရက်(ဘ်)ကူမားနှင့် သံရုံးအဖွဲ့ ဒုတိယအကြီးအကဲ Dr.Sumit Seth တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဆီမီးထွန်းညှိ၍ အခမ်းအနားကို စတင်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာဆော်ရက်(ဘ်) ကူမားက အမှာစကားပြောကြားသည်။

**အရေးပါသည့်ခြေလှမ်းတစ်ရပ်**

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကား ပြောကြားရာတွင် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံပြည်သူများ အကျိုးအတွက် တူညီသောဘုံရည်မှန်းချက်များနှင့် ဂုဏ်ယူဖွယ် ရှည်လျားသော သမိုင်းကြောင်းများရှိခဲ့ပြီး ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ပြပွဲသည် အိန္ဒိယနှင့် မြန်မာနိုင်ငံတွင် ရှိကြသည့် ကွဲပြားခြားနားသည့် ယုံကြည်ကိုးကွယ်မှုများအကြား ဘာသာရေးဆိုင်ရာ သဟဇာတဖြစ်မှုနှင့် ရင်းနှီးချစ်ခင်မှုကို ထိန်းသိမ်းပြီး နှစ်နိုင်ငံ ပိုမိုနားလည်မှု ရရှိစေရေး ဆောင်ရွက်ရာတွင် အရေးပါသည့် ခြေလှမ်းတစ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးယဉ်ကျေးမှုဌာနမှ ဒါရိုက်တာ Ms. AsawariBapat က အိန္ဒိယနိုင်ငံရှိ Chola ဘုရားကျောင်းများ၏ ဗိသုကာဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအကြောင်းကို ရှင်းလင်းပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာဆော်ရက်(ဘ်)ကူမားနှင့် တာဝန်ရှိသူများသည် ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် အိန္ဒိယနိုင်ငံရှိ Chola ဘုရားကျောင်းများ၏ ဗိသုကာဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။




**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အိန္ဒိယနိုင်ငံရှိ Chola ဘုရားကျောင်းများ၏ ဗိသုကာဆိုင်ရာ မှတ်တမ်းဓာတ်ပုံများပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**

ပြပွဲဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ယနေ့ ကျင်းပသည့် အိန္ဒိယနိုင်ငံရှိ Chola ဘုရားကျောင်းများ၏ ဗိသုကာဆိုင်ရာ မှတ်တမ်းဓာတ်ပုံများပြပွဲကို မတ် ၅ ရက်မှ ၇ ရက်အထိ ပြသထားမည်ဖြစ်ပြီး မည်သူမဆို ဝင်ကြေးအခမဲ့ဖြင့် လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

Chola ဘုရားကျောင်းများကို (၈)ရာစုနှစ်မှ (၁၂)ရာစုနှစ်များအတွင်း Chola မင်းဆက်များကာလအတွင်း၌ တည်ဆောက်ခဲ့ပြီး အဆိုပါဘုရားကျောင်းများသည် ၁၉၈၇ ခုနှစ်မှစ၍ UNESCO မှ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပြီး Dravida အမျိုးအစား (ပိရမစ်ပုံစံ) ဘုရားကျောင်းများ၏ ဗိသုကာဆိုင်ရာ ထူးခြားသော အယူအဆများနှင့် တီထွင်မှုများကို ဖော်ပြထားသည်။

ယနေ့ ကျင်းပသည့် "အိန္ဒိယနိုင်ငံရှိ Chola ဘုရားကျောင်းများ၏ ဗိသုကာဆိုင်ရာ မှတ်တမ်းဓာတ်ပုံများပြပွဲ" ကို အိန္ဒိယနိုင်ငံသံရုံး(ရန်ကုန်)သည် အိန္ဒိယနိုင်ငံအစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ထောက်ပံ့မှုနှင့်အတူ Centre for Art & Archaeology၊ American Institute of Indian Studies (AIIS) နှင့် အမျိုးသားပြတိုက်(ရန်ကုန်) တို့နှင့် ပူးပေါင်းလျက် မြန်မာနိုင်ငံတွင် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-လှမိုး**

# ကမ္ဘာ့သောတအာရုံနေ့အခမ်းအနား ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး၌ ပထမဆုံးအကြိမ် ကျင်းပ

**ရန်ကုန် မတ် ၃**

ကမ္ဘာ့သောတအာရုံနေ့ (World Hearing Day) အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ရှိ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နှစ်စဉ်နှစ်တိုင်း မတ် ၃ ရက်နေ့ကို World Hearing Day အဖြစ် သတ်မှတ်၍ ကမ္ဘာတစ်ဝန်းလုံး၌ ကျင်းပပြီး ရန်ကုန် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး၌ World Hearing Day အခမ်းအနားကို ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ တိုးတက်လာသည့် နည်းပညာများက ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိစေကြောင်း၊ ယနေ့အခမ်းအနားတွင် နားကြားကိရိယာ တပ်ဆင်ပေးထားသည့် ကလေးများ၊ နားအစားထိုးခွဲစိတ်ထားသည့် ကလေးများ၊ Down Syndrome ကလေးများ၏ ဖျော်ဖြေမှုများနှင့်တကွ နားကျန်းမာရေးဆိုင်ရာ အမေးအဖြေများ ပြုလုပ်ရင်း ကျန်းမာရေးအသိပညာပေးမည်ဟု သိရပါကြောင်း၊ ယနေ့ World Hearing Day ၏ဆောင်ပုဒ် ဖြစ်သည့် "Check Your Hearing" နှင့်အညီ အခမဲ့ နားစမ်းသပ်မှုများကိုလည်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအေးအောင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ရွယ်ချက် ဖြစ်သည့် သောတအာရုံချို့ယွင်းမှုအတွက် အသိပညာများ ပိုမိုပြန့်ပွားစေရေး၊ အကြားအာရုံချို့ယွင်းမှုအား ကြိုတင်ကာကွယ်ရေးနှင့် ထိရောက်သောကုသမှုများ ပေးနိုင်စေရေးစသည်တို့ကို ရည်မှန်း၍ နှစ်စဉ်ကမ္ဘာ့သောတအာရုံနေ့ကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆေးတက္ကသိုလ်(၁) နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်ပညာဌာန ပါမောက္ခ ဒေါက်တာခင်လှလှက "ကမ္ဘာမှာ အကြားအာရုံ လျော့နည်းသူတွေ ပိုပိုများလာတယ်။ အကြားအာရုံ ချို့တဲ့လာတဲ့အတွက် လူတွေမှာ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး စသဖြင့် ထိခိုက်မှုတွေ အများကြီး ရှိလာတယ်။ ဘက်ပေါင်းစုံမှာ ထိခိုက်မှုတွေရှိတဲ့ အကြားအာရုံ ချို့တဲ့မှု ပိုမိုများလာတဲ့အတွက် အဓိက အကြောင်းရင်း မျိုးစုံရှိတဲ့အနက် တော်တော်များများက ကာကွယ်လို့ရနိုင်မယ့် အရာတွေ ဖြစ်နေတယ်။ ဒါတွေက လူတွေရဲ့ ကျန်းမာရေးအသိပညာ နည်းပါးမှုကြောင့် ဖြစ်တယ်လို့ သိရတယ်။ ဒါကြောင့် နားကျန်းမာရေးက အရေးကြီးတဲ့အကြောင်း၊ လူတွေကို နားစောင့်ရှောက်မှုနဲ့ ပတ်သက်ပြီး ကျန်းမာရေးအသိပေးစေချင်တဲ့ အဓိကရည်ရွယ်ချက်နဲ့ ဒီအခမ်းအနားကို ကျင်းပခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ အခမ်းအနားကို မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုပညာအဖွဲ့နှင့် ORL - HNS Society တို့က ဦးဆောင်စီစဉ် ဆောင်ရွက်ပေးပြီး Hearing International၊ IFOS၊ AANOA၊ IAPA၊ တာမွေနားမကြားကျောင်းနှင့် မေရီချက်ပ်မင်း နားမကြားကျောင်းတို့ကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ ဆေးရုံကြီး၌ ယခုအခါ Audiology Unit သီးခြားဖွင့်လှစ်ထားပြီး နားအကြား စမ်းသပ်မှုကို ကလေးနှင့် လူကြီး သီးခြားစမ်းသပ်ပေးလျက်ရှိကြောင်း၊ အသက် ၁၂ နှစ်အောက် ကလေးများအတွက် Under 12 Hearing Center ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Implementation Research ကို လုပ်ဆောင်ပေးခဲ့ကြောင်း၊ ကလေး ၈၅၅ ဦးကို နားအကြား အာရုံစမ်းသပ်ပေးခဲ့ရာ နားကြားကိရိယာ ၅၅ ခု ပေးအပ်ခဲ့ပြီး နားအစားထိုး ခွဲစိတ်မှု ၁၇ ခု ပြုလုပ်ခဲ့ကြောင်း၊ ဟန်ချက်ဆိုင်ရာ စမ်းသပ်မှုများကိုလည်း ကမ္ဘာ့စံချိန်မီ ပစ္စည်းကိရိယာများ အသုံးပြုပြီး Vertigo Clinic ကိုလည်း ၂၀၁၈ ခုနှစ် မတ်လ၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆေးရုံကြီး ပြင်ပလူနာဌာန၌ တနင်္လာနေ့မှ သောကြာနေ့ နံနက် ၈ နာရီမှ ၁၁ နာရီခွဲအထိ နားအကြား အာရုံ စမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**






# ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် လက်ဖက်ထုတ်ကုန်ပစ္စည်းများပြပွဲ တက်ရောက်

**လားရှိုး မတ် ၃**

ရှမ်းပြည်နယ် လားရှိုးခရိုင် တန့်ယန်းမြို့နယ် ခိုယောင်းကျေးရွာအုပ်စုရှိ ရွှင်ချမ်းလုံကုမ္ပဏီပိုင် ဂျီအေပီ အသိအမှတ်ပြုလက်မှတ်ရ လက်ဖက်ခြံတွင် ကုမ္ပဏီမှ ထုတ်လုပ်သော လက်ဖက်ထုတ်ကုန်ပစ္စည်းများပြပွဲကို မတ် ၃ ရက် နံနက်က အဆိုပါခြံ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းစနစ်များဖြင့် တောင်သူများ သီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်ရေးအတွက် စည်းရုံး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်ရီရီမြင့်က လက်ဖက်ကုန်ကြမ်း တစ်ရက်လျှင် ရွက်စိမ်း ပိဿာ ၁၀၀၀ ထုတ်လုပ်နိုင်ပါက လက်ဖက်ခြောက် စက်ရုံတစ်ရုံ တည်ထောင်ပေးနိုင်ကြောင်း၊ ယခုအချိန်တွင် လက်ဖက်ပျိုးပင် ငါးသိန်းကျော် ပျိုးထောင်စိုက်ပျိုးထားပြီဖြစ်သည့်အတွက် စိုက်ဧက တိုးချဲ့စိုက်ပျိုးလိုသူ တောင်သူများ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ ကုမ္ပဏီအနေဖြင့် လက်ဖက်ရွက်စိမ်းထွက်သမျှကို ဝယ်ယူပေးမည့်အပြင် တောင်သူများနှင့် နှစ်ရှည်စာချုပ် ချုပ်ဆိုပြီ Concract Framing စနစ်ဖြင့် ဆောင်ရွက်လိုကြောင်း၊ တောင်သူပိုင် စိုက်ခင်းများတွင်လည်း နည်းပညာများ ပံ့ပိုးပေးပြီး လက်ဖက်အထွက်နှုန်းတိုးတက်စေရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသူများ လက်ဖက်ဆွတ်ခူးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**မောင်ကျော်ကြီး**

# ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိ(ပ်)မြို့၌ ကျင်းပသည့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများ၏ (၇)ကြိမ်မြောက် ကြားဖြတ်ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်ဆွေးနွေး

**နေပြည်တော် မတ် ၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိ(ပ်)မြို့၌ မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပသည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ဆိုင်ရာ ဝန်ကြီးများ၏ (၇) ကြိမ်မြောက် ကြားဖြတ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို မတ် ၂ ရက် နံနက်ပိုင်းက ဆီယမ်ရိ(ပ်)မြို့ရှိ Sokha Seam Reap Resort and Convention Center ၌ ကျင်းပခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ အဆိုပါအဖွင့်အမှာစကား၌ ဝန်ကြီးချုပ်က အာရှ၏စီးပွားရေးကို အသွင်ပြောင်းလဲရာတွင် RCEP ၏ အရေးပါမှုကို အလေးပေးပြောကြားခဲ့ပြီး RCEP သဘောတူစာချုပ်၏ နောက်ခံသမိုင်းကြောင်းကိုလည်း ပြန်လည်ပြောဆိုခဲ့သည့်အပြင် ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံအားလုံး၏ မဆုတ်မနစ်သော ကြိုးပမ်းအားထုတ်မှုများအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

**နိုင်ငံစုံ ကုန်သွယ်ရေးစနစ်ကို မြှင့်တင်**

ဝန်ကြီးချုပ်က ကမ္ဘောဒီးယားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ်သော နိုင်ငံစုံ ကုန်သွယ်ရေးစနစ်ကို မြှင့်တင်ရန်အတွက် နိုင်ငံစုံသဘောတူညီချက်များနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လိုက်ပါဆောင်ရွက်ရန် အပြည့်အဝ ကတိပြုထားပြီးဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပြီး RCEP ကုန်သွယ်ရေးညှိနှိုင်းမှုများကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်နိုင်ရန် မျှော်လင့်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

RCEP သည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်ခြောက်နိုင်ငံဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့အကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်တစ်ခုဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ ၄၅ ရာခိုင်နှုန်းကို ကိုယ်စားပြုသကဲ့သို့ ကမ္ဘာ့ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းနှင့် GDP ၏ သုံးပုံတစ်ပုံရှိမည်ဖြစ်၍ RCEP သည် ကမ္ဘာ့အကြီးဆုံးကုန်သွယ်ရေးအုပ်စုကြီးများတွင် တစ်ခုအပါအဝင်ဖြစ်လာရန် မျှော်မှန်းထားသည်။ RCEP ညှိနှိုင်းဆွေးနွေးမှုများကို ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့သည်။




**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများ၏ (၇) ကြိမ်မြောက် ကြားဖြတ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာ၌ ဈေးကွက်ဖွင့်လှစ်ပေးရေးအပိုင်းနှင့် စာချုပ်ပါစာသားများ ညှိနှိုင်းမှုအပိုင်းတွင် ကောင်းမွန်သော တိုးတက်မှုများရရှိခဲ့မှုအတွက် RCEP ကုန်သွယ်ရေးညှိနှိုင်းမှု ကော်မတီကို ချီးကျူးခဲ့ပြီး ညှိနှိုင်းမှုနှစ်ခုလုံးကို ပိုမိုတိုးတက်ဖြစ်ထွန်းစေရန်နှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများ ကျန်ရှိနေသေးကြောင်းကိုလည်း တစ်ပါတည်း ထောက်ပြပြောကြားခဲ့သည်။

**ညှိနှိုင်းမှုများကို ပိုမိုအားထည့်**

ဆက်လက်၍ စီးပွားရေးအရအကျိုးရှိစေမည့် ရလဒ်များရရှိစေရေး ဆောင်ရွက်ရာတွင် ထူးခြားပြီး ထိခိုက်လွယ်သော အထူးကိစ္စရပ်များကို ပြေလည်မှုရရှိအောင် ဆွေးနွေးညှိနှိုင်းသွားကြရန်နှင့် ယခုနှစ်ကျန်ရှိသည့်အချိန်များတွင် ညှိနှိုင်းမှုများကို ပိုမိုအားထည့် ဆောင်ရွက်သွားရန်အတွက်လည်း RCEP အဖွဲ့ဝင်နိုင်ငံများအားလုံးကို တိုက်တွန်းခဲ့သည်။

**လက်မှတ်ရေးထိုး**

အဆိုပါ အစည်းအဝေးကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့သည် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ပြင်ဆင်သည့်ပထမ အခြေပြစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် လူ့အခွင့်အရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာအစည်းအဝေးများ တက်ရောက်ခဲ့

**နေပြည်တော် မတ် ၃**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အကြိမ်(၄၀) ပြည့် ပုံမှန်အစည်းအဝေးနှင့် လက်နက်ဖျက်သိမ်းရေးညီလာခံတို့၏ အဆင့်မြင့်ကဏ္ဍများသို့ ပါဝင်တက်ရောက်ခဲ့ပြီး မတ် ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**လူ့အခွင့်အရေး မြှင့်တင်**

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၂၆ ရက်က လူ့အခွင့်အရေးကောင်စီ၏ အဆင့်မြင့်ကဏ္ဍ အစည်းအဝေး၌ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပြီး လူ့အခွင့်အရေးကောင်စီမှ လူ့အခွင့်အရေးကာကွယ်ရာတွင် ထိပ်တိုက်တွေ့ခြင်း၊ ပြစ်တင်ရှုတ်ချခြင်းအစား အပြုသဘော ထိတွေ့ ပူးပေါင်းဆောင်ရွက်ရေး၊ လွတ်လပ်မှု၊ ဘက်မလိုက်မှုနှင့် ဂုဏ်သိက္ခာစောင့်ထိန်းရေးစသည့် မူဝါဒများ၏ အရေးပါမှုနှင့် ပတ်သက်၍လည်းကောင်း၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေး၊ ရခိုင်ပြည်နယ် အရေးကိစ္စဖြေရှင်းဆောင်ရွက်နေမှုနှင့် လူ့အခွင့်အရေး မြှင့်တင်ရေးအတွက် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် ကြုံတွေ့ရသော စိန်ခေါ်မှုများကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(သီးခြားသတင်းဖော်ပြပြီးဖြစ်ပါသည်။)**


အလားတူ ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၂၇ ရက်က လက်နက်ဖျက်သိမ်းရေးညီလာခံ၏ အဆင့်မြင့်ကဏ္ဍ အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းတစ်ရပ်ပါဝင်ပြောကြားခဲ့ပြီး လက်ရှိကမ္ဘာ့လုံခြုံရေး၊ လက်နက်ဖျက်သိမ်းရေးနှင့် မပြန့်ပွားရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် လက်နက်မပြန့်ပွားရေးနှင့် ဖျက်သိမ်းရေးတို့အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေမှုများနှင့် ဦးစားပေးကိစ္စရပ်များ၊ လက်နက်ဖျက်သိမ်းရေးညီလာခံတွင် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

**သီးခြားစီတွေ့ဆုံဆွေးနွေး**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းတို့နှင့်အတူ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Ms. Retno Lestari Priansari Marsudi၊ နီပေါနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Pradeep Kumar Gyawali၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန်ဆိုင်ရာ ဒုတိယဝန်ကြီး (Parliamentary Vice-Minister) H.E. Mr. Kyoto Tsuji၊ ကျူးဘားနိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Marcelino Medina Gonzalez တို့နှင့် ကုလသမဂ္ဂအဆောက်အဦး၌ နှစ်နိုင်ငံချင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရေးတို့နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် သဘောထားအမြင်များကို ရှင်းလင်းပြောကြားဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတကာ ကုန်သွယ်ရေးစင်တာ (ITC) ၏ အမှုဆောင် ညွှန်ကြားရေးမှူး Ms. Arancha Gonzale နှင့်အဖွဲ့အား ဖေဖော်ဝါရီ ၂၈ ရက်က မြန်မာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် ITC တို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် ဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် ယင်းနေ့ နံနက်ပိုင်းတွင် မြန်မာအဖွဲ့ရုံးသို့ သွားရောက်ခဲ့ပြီး မြန်မာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးနှင့် မြန်မာအဖွဲ့ရုံးဝန်ထမ်းများအား တွေ့ဆုံ၍ မြန်မာကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းဆောင်တာနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဂျီနီဗာမြို့၌ ကျင်းပသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အကြိမ်(၄၀)ပြည့် ပုံမှန်အစည်းအဝေးတက်ရောက်စဉ်။** သတင်းစဉ်

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# တာဝန်သိစိတ်နဲ့ တာဝန်ယူရဲတဲ့သတ္တိ မွေးကြစေချင်

## ဒေါက်တာမြတ်မိုး

လူတစ်ဦးချင်းပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခုမှာပဲဖြစ်ဖြစ် တိုင်းပြည်၊ နိုင်ငံတစ်ခုခုမှာပင်ဖြစ်ပါစေ၊ တာဝန်သိစိတ်နဲ့ တာဝန်ယူရဲတဲ့ကျင့်စဉ်တစ်ရပ်မရှိရင် အဲဒီလူ၊ ထိုအဖွဲ့၊ ဒီနိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မလွယ်ကူပါဘူး။

**တာဝန်သိစိတ်နှင့် တာဝန်ယူမှု**

တာဝန်သိစိတ် (Obligation) ဆိုတာ ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ခိုင်းစေတိုက်တွန်းမှုမှမပါဘဲ အများအကျိုးအတွက် လုပ်ရမယ့်အလုပ်တစ်ခုကို မိမိဘာသာအလိုက်တသိနဲ့ ကောင်းကောင်းမွန်မွန်၊ စေတနာပါပါ၊ ပြင်းပြင်းပြပြနဲ့ စနစ်တကျလုပ်ကိုင်တတ်တဲ့ အလေ့တစ်ခုပါ။ တာဝန်ယူမှု (Responsibility) ဆိုတာကတော့ ကိုယ့်ကိုပေးအပ်ထားတဲ့ တာဝန်တစ်ခု၊ ရည်မှန်းချက်တစ်ခုကို ရောက်ရှိအောင် လုပ်ရာမှာ ကိုယ့်လက်အောက်အဖွဲ့အတွက် တာဝန်ရှိလာမှုအပေါ် ခံယူချက်မှန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်မှုပင် ဖြစ်ပါတယ်။ အမှားအယွင်း တစ်ခုခုဖြစ်ပေါ်ခဲ့ရင်၊ ရည်မှန်းချက် မအောင်မြင်ခဲ့ရင် ဟိုလူကြောင့်၊ ဒီလူ့ကြောင့် အပြစ်ဖို့၊ လွှဲချ (Blame) မလုပ်တတ်တာ၊ စီမံခန့်ခွဲမှုမှာ ကိုယ့်ရဲ့ချွတ်ချော်မှားယွင်းမှု၊ ကိုယ့်လက်အောက်အဖွဲ့သားတွေရဲ့ ညံ့ဖျင်းမှုအတွက် တာဝန်ယူရဲတာ၊ ယူနိုင်တာပဲဖြစ်ပါတယ်။

**တာဝန်ယူတတ်တဲ့ပတ်ဝန်းကျင်ကောင်း ရှိရန်လို**

အမှန်တကယ်လည်း ဝေဖန်ပြစ်တင်မှုတွေ အနည်းဆုံးဖြစ်မယ့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးရာမှာ ကျွန်တော်တို့အားလုံး ပါဝင်နိုင်ဖို့လိုပါမယ်။ ကဏ္ဍအတော်များများမှာ တွေ့ကြုံရတာက ကိုယ့်ကိုယ်ကိုယ် အပြစ်တင်တာမတွေ့ရဘဲ မင်းကြောင့်၊ သူ့ကြောင့်ဆိုတာတွေနဲ့ပဲ အချိန်ကုန်နေပြီး ကိုယ့်ကိုယ်ကိုယ် ခြောက်ပြစ်ကင်းသဲလဲစင် ဟန်ဆောင်နေသူတွေက ပိုများပါတယ်။ ပတ်ဝန်းကျင်မှာ ကြုံရတဲ့ပြဿနာတိုင်း သူ့ကြောင့်၊ ကိုယ့်ကြောင့်ဆိုပြီး အပြန်အလှန် လက်ညှိုးထိုးအပြစ်ရှာနေတာတွေကလည်း တွေ့မြင်နေကျပါ။ ကမ္ဘာ့အရေးအခင်းတွေ၊ ပဋိပက္ခတွေဘက် လှည့်ကြည့်ပြန်တော့လည်း သူ့ဘက်ကိုယ့်ဘက် အပြစ်ဖို့စွပ်စွဲ၊ ဘယ်သူ့မှာ တာဝန်ရှိတယ် ဆိုတာမပေါ်ပါဘူး။ ပဋိပက္ခတိုင်းမှာ ကိုယ်ကျိုးစီးပွားကိုသာ အခြေခံထားကြတာဖြစ်တဲ့အတွက် အပြန်အလှန်စွပ်စွဲပြစ်တင်မှုတွေနဲ့ အဖြေရှာမတွေ့နိုင်တာ များပါတယ်။ ဌာနအဖွဲ့အစည်းတွေမှာလည်း အချို့တော်တဲ့၊ တတ်တဲ့ အရာထမ်းဝန်ထမ်းတွေမှာ တာဝန်သိတဲ့စိတ်၊ တာဝန်ယူလိုတဲ့စိတ်နဲ့ ကြိုးကြိုးစားစား တာဝန်ထမ်းဆောင်မယ်ဆိုတဲ့ခံယူချက်လေး ပေါင်းလိုက်ရင် လုပ်ငန်းတွေဟာ ပြီးစီးသင့်သလောက် ပြီးစီး၊ အောင်မြင်သင့်သလောက် အောင်မြင်နိုင်တာကို တွေ့ရပါမယ်။

တာဝန်ယူလိုစိတ်နဲ့ လုပ်ရမယ့်နေရာမှာ နေရာယူလိုစိတ်နဲ့ လုပ်ကိုင်ကြတာတွေ့နေရသလို တာဝန်သိတတ်တာကိုပဲ ရှက်စရာတစ်ခုလို၊ လူမြင်ကောင်းအောင် လုပ်နေတာပဲလို့ တလွဲတွေးလာကြတယ်။ တာဝန်သိစိတ်နဲ့ တင်ပြပြောဆိုမိတဲ့အခါ တစ်ခါတစ်ရံ အထက်လူကြီးရဲ့နားလည်မှု လွဲမှားတာခံရပြီး ၎င်းအလုပ်ကိစ္စတစ်ခုကို ကိုယ့်အပေါ်မှာပဲ ပြန်လည်တာဝန်ပေးအပ်ခြင်းခံရတဲ့အခါ တင်ပြမိတဲ့အပေါ် နောင်တရပြီး နောက်တစ်ကြိမ်မတင်ပြ၊ မပြောဆိုမိအောင် ရှောင်ကြဉ်လာကြတဲ့အဖြစ်တွေလည်း ကြုံဖူးပါတယ်။ ဒါဟာ တာဝန်ယူရဲတဲ့သတ္တိကို လျှော့တွက်မိတဲ့၊ လွဲမှားတဲ့စီမံခန့်ခွဲမှုတစ်ခုပါ။ သို့သော်လည်း တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ပြီး တာဝန်ယူတတ်တဲ့၊ တာဝန်ခံတတ်တဲ့ အရာထမ်းဝန်ထမ်းကောင်းတွေလည်း များစွာရှိပါတယ်။

**ဂုဏ်ပြုချီးမြှင့်မှုများဖြင့် ကောင်းမွန်သည့်တုံ့ပြန်မှု**

နိုင်ငံတော်အဆင့်မှာ ကျရာကဏ္ဍကနေ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့တဲ့ လူပုဂ္ဂိုလ်တွေ၊ ရဟန်းသံဃာတော်တွေ၊ အခွန်အများဆုံးထမ်းဆောင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေကို လူမှုစီးပွားဘဝ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်သန်ပြီး နိုင်ငံ့ဂုဏ်ရည်ဆုတွေ ချီးမြှင့်အပ်နှင်းတာတွေ ရှိပါတယ်။ ဒီလိုပဲ တာဝန်ယူ၊ တာဝန်ခံမှု ကောင်းမွန်တဲ့လူပုဂ္ဂိုလ်တွေကို နိုင်ငံတော်အဆင့်၊ နိုင်ငံ့ဝန်ထမ်းအရာထမ်း၊ အမှုထမ်းတွေကို တိုင်းနှင့်ပြည်နယ်အဆင့်၊ ဌာနအဆင့် ချီးကျူးအသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ခြင်းဟာ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ဂုဏ်အင်္ဂါနဲ့ ညီညွတ်တဲ့ ကောင်းမွန်သည့်တုံ့ပြန်မှုတစ်ခု ဖြစ်ပါတယ်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှာ Mindset တွေ အားနည်းချို့ယွင်းမှုများစွာ ရှိနေတဲ့ကြားမှာ ချီးမြှင့်ဂုဏ်ပြုမှုတွေဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီအားဖြည့်ပေးတဲ့ လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။ ကိုယ်လုပ်ရမယ့် အလုပ်ကို မျက်ကွယ်ပြုပြီး တာဝန်ရှောင်မှုတွေ ရှိနေတဲ့ကြားမှာ လုပ်ချင်ကိုင်ချင်စိတ်ရှိပြီး လုပ်ရည်ကိုင်ရည်ရှိတဲ့ ဝန်ထမ်းတွေကို ရုံးဌာနအဖွဲ့အစည်းအလိုက်၊ နိုင်ငံတော်အဆင့် အားပေးဆွဲဆောင် စည်းရုံးမြှင့်တင်ခြင်းဖြင့် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတွေဟာ ပိုမိုစနစ်ကျ အားကောင်းမှုရှိလာပြီး ပြည်သူတွေရဲ့ တုံ့ပြန်မှုဟာလည်း အပေါင်းလက္ခဏာဆောင်မှုတွေ အမှန်တကယ်တွေ့မြင်လာရမှာပဲ ဖြစ်ပါတယ်။ ပြည်သူနဲ့အစိုးရ၊ ဝန်ထမ်းတွေအကြား ချည်နှောင်ထားတဲ့ ပဋိညာဉ်ဟာလည်း ပိုမိုခိုင်မာလာမှာ ဖြစ်ပါတယ်။

**အများနှင့်ဆိုင်သော တာဝန်သိ၊ တာဝန်ယူမှု**

တချို့တာဝန်သိစိတ်တွေဟာ ဥပဒေအရသော်လည်းကောင်း၊ စည်းမျဉ်းစည်းကမ်းအရ သော်လည်းကောင်း တိတိကျကျ မသတ်မှတ်ထားပေမယ့် ကျင့်ဝတ်အရ လိုက်နာရမယ့်အရာတွေ ဖြစ်ပါတယ်။ အများပြည်သူကြားမှာ ဆေးလိပ်သောက်တာဟာ ပတ်ဝန်းကျင်ကို ထိခိုက်နိုင်လို့ ဆေးလိပ်သောက်တာ ရှောင်ကြဉ်ရပါမယ်။ အစည်းအဝေးခန်းမ၊ ယာဉ်ရထားပေါ်မှာဆိုလျှင်လည်း မိမိဖုန်းကို မပြောဖြစ်အောင် Silent လုပ်ထားတာမျိုးတွေ ဖြစ်ရပါမယ်။ လူမှုရေးအရ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ၊ အသင်းအဖွဲ့ဆိုင်ရာ ပရဟိတလုပ်ငန်းတွေ၊ အများအတွက် အကျိုးရှိမယ့် ဆောင်ရွက်ချက်တွေမှာဆိုလျှင်လည်း အလိုက်တသိ တက်တက်ကြွကြွ ပါဝင်သင့်ပါတယ်။ အများပြည်သူသွားလာတဲ့ လမ်းပေါ်မှာ ဘေးအန္တရာယ်ဖြစ်နိုင်လောက်တဲ့ အနေအထားတွေတွေ့လျှင်လည်း တာဝန်သိသိနဲ့ ဖယ်ရှားရှင်းလင်းတာမျိုးတွေ၊ ကူညီပေးတာမျိုးတွေ၊ သတင်းပို့အကြောင်းကြားမှုတွေ ဆောင်ရွက်သင့်ပါတယ်။ လူနေရပ်ကွက်တွေမှာဆိုလျှင်လည်း အမှိုက်အကြွင်းအကျန်တွေကို တာဝန်သိစိတ်ကင်းမဲ့စွာနဲ့ စည်းကမ်းမဲ့ စွန့်ပစ်မှုတွေကြောင့် ကိုယ့်ရပ်ကွက်၊ ပတ်ဝန်းကျင် ညစ်နွမ်းပြီး ကူးစက်ရောဂါတွေ ဖိတ်ခေါ်တာမျိုးတွေ ဒါတွေကတော့ စိတ်ဓာတ်နဲ့ဆိုင်တဲ့ တာဝန်သိစိတ် လျော့နည်းမှုတွေဖြစ်ပါတယ်။

**အတ္တနှင့်နွှယ်တဲ့ တာဝန်မဲ့စိတ်နှင့် တာဝန်ယူရဲတဲ့နိုင်ငံကြီးသားပီသမှု**

ပြင်ပပတ်ဝန်းကျင်မှာ လူကြီးတွေသာမက လူငယ်တွေမှာရော အလွှာအားလုံးမှာ အလုပ်လုပ်ရင် ဈေးတွက်တွက်လာကြပြီ ဖြစ်ပါတယ်။ ကိုယ့်အတွက် ဘာကျန်နိုင်မလဲ၊ ကိုယ်နဲ့ရော ဆိုင်သလား၊ ဆိုင်ရင်တောင်မှ ဘာသိဘာသာရှောင်ဖယ်ဖယ်နေတာမျိုး၊ ကိုယ်နဲ့မဆိုင်ရင်လည်း မမြင်ချင်ယောင်ဆောင်လိုက်တာမျိုး၊ အတ္တနဲ့နွှယ်တဲ့ တစ်ကိုယ်ကောင်း စိတ်တွေများလာတာ တွေ့နေရပါတယ်။ တစ်နည်းအသိတရားချို့ယွင်းလာကြတာပဲပေါ့။ ကိုယ့်ရှေ့မှာကောင်းသော အတုယူစရာတွေ၊ အတုယူသင့်သူတွေရှိတာတောင်မှ အတုယူရကောင်းမှန်း မသိတာတွေလည်း ရှိပါတယ်။ အတုယူခြင်းခံယူထိုက်သော ပုဂ္ဂိုလ်များကိုလည်း ချီးကျူးအသိအမှတ်ပြုမှသာ သူ့တို့ရဲ့တာဝန်သိစိတ်ဟာ တန်ဖိုးရှိလာမှာဖြစ်ပါတယ်။ တာဝန်သိ၊ တာဝန်ရှိ၍ တာဝန်ယူရဲသူတစ်ဦးဟာ ကိုယ်လုပ်ကိုင်ဆောင်ရွက်ထားတဲ့ အမှုကိစ္စတစ်ခုအပေါ်မှာ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုတွေရှိလာလျှင်လည်း ရင်ဆိုင်ဖြေရှင်းပြီး အားလုံးကိုယ်စား တာဝန်ခံဖို့ အသင့်ဖြစ်နေတတ်ပါတယ်။ တာဝန်ယူ၊ တာဝန်ခံမှုတစ်ခုဟာ ဒီမိုကရေစီကျင့်စဉ်တစ်ခုရဲ့ အရေးကြီးတဲ့ လက္ခဏာတစ်ရပ်လည်း ဖြစ်နေလေတော့ တာဝန်ယူ၊ တာဝန်ခံမှုမရှိတဲ့ ဒီမိုကရေစီရေခံမြေခံဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်တစ်ခုကို တည်ဆောက်နိုင်မှာမဟုတ်ပါ။ သို့သော် ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးပြီးတိုးတက်ပွင့်လင်းတဲ့ နိုင်ငံတချို့မှာဆိုလျှင် မတော်တဆမှုတွေ၊ မအောင်မြင် မှုတွေ၊ ဆုံးရှုံးမှုတွေဖြစ်ခဲ့လျှင် ဒီကိစ္စရပ်အပေါ် မိမိပေါ့ဆမှုကြောင့်၊ မိမိချို့ယွင်းချက်ကြောင့်ဆိုပြီး တာဝန်ခံမှုအပြည့်နဲ့ တာဝန်ယူသွားကြတာတွေ့မြင်နိုင်ပါတယ်။ ဒါဟာ ထိပ်တန်းနိုင်ငံတွေမှာရှိတဲ့ တာဝန်ယူရဲတဲ့ နိုင်ငံကြီးသားပီသမှုကို ပြသနေတာပဲဖြစ်ပါတယ်။

**ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြု**

ကိုယ့်ဝန်းကျင်မှာ ကိုယ်နဲ့မပတ်သက်ဘူးဆိုပြီး လျစ်လျူရှုထားလို့ရတဲ့အရာဆိုတာ ဘာမှမရှိပါလို့ ခံယူထားသင့်ပါတယ်။ လူတိုင်းသုံးစွဲနေတဲ့ Facebook တစ်ခုကိုပဲကြည့်ပါ။ လက်နက်နဲ့ တိုက်ခိုက်နေတာထက်ပိုဆိုးတဲ့ စကားလုံးတွေနဲ့ တိုက်ခိုက်နေကြတာတွေ တွေ့ပါလိမ့်မယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုပြီး အပျက်သဘော ဆောင်နေကြတာတွေ များစွာဖတ်ရမှာပါ။ စိတ်ဓာတ်မြင့်မြင့်မားမားနဲ့ အပြုသဘောဆောင်တဲ့ တာဝန်သိစိတ်လေးတစ်ခုခြုံရုံပြီး အကောင်းဆုံးလုပ်မယ်ဆိုလျှင်တောင် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သံသယစိတ်တွေ၊ မယုံကြည်မှုတွေ လျော့ကျသွားနိုင်ပါတယ်။ ထို့အတူ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်နေတဲ့ ဌာနအဖွဲ့အစည်းတွေမှာဆိုလျှင်လည်း ကျွမ်းကျင်မှု၊ ဗဟုသုတမြင့်မားတဲ့ ဝန်ထမ်းတွေက စွမ်းရည်ပိုင်းအားနည်းတဲ့ ဝန်ထမ်းတွေအပေါ်မှာ တာဝန်သိစိတ်နဲ့ တာဝန်ယူပြီး အပင်ပန်းခံ လေ့ကျင့်သင်ကြားပေးမယ်ဆိုလျှင်၊ ဝန်ထမ်းတွေရဲ့ သင်ကြားသင်ယူလိုစိတ်ကို အမြော်အမြင်ကြီးမားစွာဖြင့် အားပေးမြှင့်တင်ပေးမယ်ဆိုလျှင် ဌာနအဖွဲ့အစည်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလာမှာဖြစ်ပြီး ကိုယ့်အတွက်ရော ကိုယ်ဦးဆောင်နေတဲ့ အဖွဲ့အစည်းအတွက်ပါ အလွန်အကျိုးရှိလာနိုင်ပါတယ်။

တိုင်းပြည်အနေနဲ့ ကြည့်လျှင်လည်း နေရာဒေသအစိတ်အပိုင်းတစ်ခုမှာ ဆင်းရဲနွမ်းပါးမှုပြဿနာတွေ၊ စစ်မက်ပဋိပက္ခတွေ၊ ခိုးဆိုးလုယက်သတ်ဖြတ်မှုတွေ ထူပြောနေပြီဆိုလျှင် သူ့ထိုက်နဲ့ သူ့ကံဆိုပြီး မပတ်သက်လို့မရပါဘူး။ ကြွယ်ဝချမ်းသာသူနဲ့ ဆင်းရဲသူအကြား ဥစ္စာဓနတွေကို မျှဝေခံစားသင့်ကြပါတယ်။ ဒီဒေသ ဒီပြည်သူတွေရဲ့ အခက်အခဲဟာ တစ်နိုင်ငံလုံး ပြည်သူတစ်ရပ်လုံးကို တိုက်ရိုက် ခြိမ်းခြောက်နေတာပဲဖြစ်တဲ့အတွက် အားလုံးကတာဝန်သိစိတ်နဲ့ အလိုက်တသိ ဝိုင်းဝန်းကူညီ ဖြေရှင်းကြရမှာပဲ ဖြစ်ပါတယ်။

**အမြဲနှလုံးသွင်းရမည့်ခံယူချက်**

အထူးသဖြင့် လူငယ်တွေ၊ ဝန်ထမ်းတွေဟာ မိမိတို့စိတ်ထဲမှာ ကိန်းအောင်းနေတတ်တဲ့ အပေါင်းလက္ခဏာမဆန်တဲ့ စိတ်ဓာတ်တွေကို ပယ်ဖျောက်ဖို့ရန် "ငါ့မှာ တာဝန်ရှိတယ်"၊ "ဒီတာဝန်ကို ငါယူသင့်တယ်" ဆိုတဲ့စိတ်တွေ အမြဲနှလုံးသွင်းဖို့ လိုပါတယ်။ ဒီခံယူချက်ဟာ ကိုယ့်အတွက်ရော ကိုယ့်အဖွဲ့အစည်းအတွက်ပါ အလုပ်ဆက်ဖြစ်ဖို့အတွက် စွမ်းအားသတ္တိတွေ ပေးပါတယ်။ အကောင်းမြင်ပြီး တာဝန်ယူမှုရှိလာတဲ့အခါ အခြားသူတွေကို အပြစ်မတင်မိတော့ဘဲ ပြဿနာတွေကို ဖြေရှင်းနိုင်စွမ်းလည်း မြင့်လာပါတယ်။ တာဝန်ယူလိုက်ရတဲ့ အခွင့်အရေးကြောင့် ကိုယ့်ရဲ့တီထွင်ဖန်တီးဉာဏ်လည်း ရင့်သန်လာပါတယ်။ ရုံးဌာနတွေမှာ အလုပ်အပေါ်မှာ တာဝန်သိတတ်တဲ့ တာဝန်ကျေပွန်သူဝန်ထမ်းတစ်ဦးဟာ အလုပ်ခွင်ကို အချိန်ဖြုန်းစရာတစ်ခုလို သဘောမထားဘဲ အလုပ်ချိန်မှာ အလုပ်နဲ့မြဲနေတတ်ပါတယ်။ အထက်အရာရှိလာမှ အလုပ်လုပ်ပြတတ်တာမျိုးမဟုတ်ဘဲ သူ့အလုပ်ကိုပဲ ခေါင်းမဖော်စတမ်း ကုန်းရုန်းလုပ်နေတတ်သူမျိုးပါ။ တာဝန်ရှိတယ်လို့ အမြဲခံယူထားတဲ့အတွက် အလုပ်ပြီးမြောက်အောင် ကိုယ့်ကိုယ်ကိုယ်ပဲ အမြဲကြပ်မတ်နေသူ ဝန်ထမ်းကောင်းဖြစ်နေတတ်ပါတယ်။ တာဝန်ယူရဲတဲ့ ဝန်ထမ်းတစ်ဦးဟာ အလုပ်ခွင်ကို စောစောရောက်တတ်ပြီး နောက်ကျမှပြန်တတ်တဲ့သူမျိုးပါ။ ဒီဝန်ထမ်းဟာ အလုပ်ကြိုးစားသူ ဝန်ထမ်းဖြစ်တာကြောင့် သူ့ရဲ့အောင်မြင်ဖို့အတွက်ရော ဌာနအဖွဲ့အစည်းကြီး တိုးတက်ဖို့အတွက်ပါ ကောင်းမွန်တဲ့ အကျိုးသက်ရောက်မှုတွေကို ရရှိသွားစေပါတယ်။

အချုပ်အားဖြင့်တော့ ဘာအလုပ်ပဲလုပ်လုပ် ဦးနှောက်နဲ့လည်း အသိဉာဏ်ကို အသုံးချပြီး လုပ်သင့်သလို နှလုံးသားနဲ့လည်း စေတနာမေတ္တာအရင်းခံပြီး လုပ်စေချင်ပါတယ်။ လူငယ်လူရွယ်များ၊ ဝန်ထမ်းများ တာဝန်သိစိတ်၊ တာဝန်ယူရဲတဲ့ သတ္တိမျိုး မွေးမြူပျိုးထောင်လေ့ကျင့်ကြပြီး တစ်ဦးချင်းရော အသင်းအဖွဲ့အလိုက်ပါ တာဝန်ရှိတယ်လို့ ခံယူကြပါမှ နိုင်ငံအတွက်လည်း တာဝန်ကျေရာကျပါမယ်။ တကယ့် နိုင်ငံကြီးသားပီသတဲ့ လူ့အဖိုးတန်တွေ ပေါ်ထွက်လာဖို့ဆိုတာ ပညာရေးပတ်ဝန်းကျင်ကောင်းတစ်ခုကလည်း အရေးကြီးပါတယ်။ ကိုယ်နဲ့တိုက်ရိုက်မသက်ဆိုင်လျှင်သော်မှ အများအတွက်၊ နိုင်ငံနဲ့လူ့အဖွဲ့အစည်းအတွက် အကျိုးရှိမယ်ဆိုလျှင် ဒီတာဝန်ကို ယူသင့်ယူထိုက်တယ်ဆိုပြီး လိုလိုလားလားတာဝန်ထမ်းဆောင်မှုမျိုးကို ကောင်းမွန်တဲ့ ပညာရေးကသာ ဖန်တီးပေးနိုင်မှာပါ။ ကြင်နာခြင်း၊ သနားညှာတာခြင်း၊ နားလည်မှုပေးခြင်း၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားခြင်းများ ရှိလာပြီဆိုလျှင် တာဝန်ယူလိုတဲ့စိတ်ကလည်း အလိုလိုဖြစ်ပေါ်လာသလို စိတ်စေတနာကောင်းနဲ့ သဘောထားကြီးမှုရှိလျှင်လည်း တာဝန်သိတတ်မှုဟာ ပေါ်လွင်လာပါတယ်။ ကိုယ့်တာဝန်ကို လေးစားတတ်ပါမှလည်း တာဝန်ကျေပွန်သူတစ်ယောက် ဖြစ်လာနိုင်သကဲ့သို့ ကိုယ့်ကိုယ်ကိုယ် တာဝန်ခံနိုင်သူတစ်ယောက် ဖြစ်လာမှာပါ။ အတ္တကင်းတဲ့ တာဝန်သိစိတ်၊ တာဝန်ယူလိုစိတ်နဲ့ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်ကမ္ဘာမြေကို လှပအောင် ဖန်တီးကြပါစို့ဟု မျှော်လင့်လျက်။ ။

"အထူးသဖြင့် လူငယ်တွေ၊ ဝန်ထမ်းတွေဟာ မိမိတို့စိတ်ထဲမှာ ကိန်းအောင်း နေတတ်တဲ့ အပေါင်းလက္ခဏာမဆန်တဲ့ စိတ်ဓာတ်တွေကို ပယ်ဖျောက်ဖို့ရန် "ငါ့မှာ တာဝန်ရှိတယ်"၊ "ဒီတာဝန်ကို ငါယူသင့်တယ်" ဆိုတဲ့စိတ်တွေ အမြဲနှလုံးသွင်းဖို့ လိုပါတယ်။ ဒီခံယူချက်ဟာ ကိုယ့်အတွက်ရော ကိုယ့်အဖွဲ့အစည်းအတွက်ပါ အလုပ်ဆက်ဖြစ်ဖို့အတွက် စွမ်းအားသတ္တိတွေ ပေးပါတယ်။ အကောင်းမြင်ပြီး တာဝန်ယူမှုရှိလာတဲ့အခါ အခြားသူတွေကို အပြစ်မတင်မိတော့ဘဲ ပြဿနာတွေကို ဖြေရှင်းနိုင်စွမ်းလည်း မြင့်လာပါတယ်။ တာဝန်ယူလိုက်ရတဲ့ အခွင့်အရေးကြောင့် ကိုယ့်ရဲ့တီထွင်ဖန်တီးဉာဏ်လည်း ရင့်သန်လာပါတယ်"

---

**နယ်နိမိတ်ရေးယာနှင့် မလွတ်ကင်းသည့် အဆောက်အအုံများ ဖျက်သိမ်း**

မော်လူး မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် ယမန်နေ့က လမ်းဦးစီးဌာန၏ ထုတ်ပြန်မှုဖြင့် ပြည်ထောင်စုလမ်းမကြီးနှင့် လမ်းနယ်နိမိတ်ရေးယာနှင့်မလွတ်ကင်းသည့် အဆောက်အအုံများကို ဖျက်သိမ်းလျက်ရှိကြောင်း သိရသည်။ အဆိုပါ လမ်းဦးစီးဌာန၏ ထုတ်ပြန်ချက်တွင် ရွှေဘို - မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြို့တွင်းလမ်းရေးယာဖြစ်သော အကျယ်ပေ (၅၀)နှင့် မလွတ်ကင်းသော လူနေအိမ် အဆောက်အအုံများနှင့် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဈေးဆိုင်ခန်းများကို အမြန်ဆုံးဖျက်သိမ်းရန် နို့တစ်စာ သုံးကြိမ်ဖြန့်ဝေခဲ့ပြီးဖြစ်ကြောင်း၊ ညွှန်ကြားပါစာအရ မော်လူးမြို့အတွင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းနယ်နိမိတ်နှင့် မလွတ်ကင်းသောနေရာများကို ဖျက်သိမ်းလျက်ရှိကြောင်း သိရသည် ။

အဆိုပါ လမ်းနယ်နိမိတ်ရေးယာများကို ဖျက်သိမ်းပြုပြင်ပြီးပါက ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များ၊ ခရီးသွားများအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်သည်။ **နီတိုး**

# ဆဒ္ဒန်ဆင်ဖြူအစွယ်တစ်စုံပါဝင်ပြသသည့် ဆင်ပြတိုက်ဖွင့်လှစ်၊ ဖမ်းဆီးရမိဆင်စွယ်နှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ ဒုတိယအကြိမ်ဖျက်ဆီးခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၃**

ယနေ့ မတ် ၃ ရက်တွင် ကျရောက်သော ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့ အထိမ်းအမှတ်အား ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးသော ဆင်ပြတိုက်ဖွင့်လှစ်ခြင်းနှင့် ဖမ်းဆီးရမိဆင်စွယ်၊ ဆင်အစိတ်အပိုင်းများနှင့် တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများ ဒုတိယအကြိမ် ဖျက်ဆီးခြင်းကို ရန်ကုန်မြို့ တိရစ္ဆာန်ဥယျာဉ် သဘာဝသမိုင်းပြတိုက်အတွင်း၌ ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပသည်။

**တောဆင်ရိုင်းများလျော့နည်းလာ**

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံသည် အာရှဒေသတွင် အိန္ဒိယနိုင်ငံပြီးနောက် ဆင်ကောင်ရေအများဆုံး ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ကြောင်း၊ ဆင်နှင့်ပတ်သက်၍ ယဉ်ကျေးမှုအစဉ်အလာနှင့် သမိုင်းကြောင်း များစွာရှိသော်လည်း ဆင်ပြတိုက်အဖြစ် ခင်းကျင်းပြသနိုင်ခြင်း မရှိခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် တောဆင်ရိုင်းများမှာ ဝိသမလောဘသမားများ၏ တရားမဝင်သတ်ဖြတ်မှုခံနေရသဖြင့် သစ်တောဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းကာကွယ်နေရခြင်း၊ အရေးယူခြင်းစသည်များ ဆောင်ရွက်နေသော်လည်း ဆင်များအသက်အန္တရာယ်မှာ နည်းမျိုးစုံကြုံတွေ့နေရသဖြင့် တောဆင်ရိုင်းများ တစ်နေ့တခြား လျော့နည်းလာခြင်းဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်တာဝန်ရှိသူများ ဆင်ပြတိုက်အတွင်း ပြသထားမှုများ ကြည့်ရှုစဉ်။ ဓာတ်ပုံ- မင်းထက်

ယခုကဲ့သို့ မြန်မာနိုင်ငံ၌ ပထမဆုံးသော ဆင်ပြတိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ သဘာဝ သစ်တောနယ်မြေများအတွင်း ကျက်စားနေသည့် တောဆင်ရိုင်းများအား ထိန်းသိမ်းကာကွယ်နိုင်ရန်၊ ဆင်နှင့် လူ ပဋိပက္ခဖြစ်ပွားမှုများကို လျော့နည်းလာစေရန်၊ တောဆင်ရိုင်းများ သတ်ဖြတ်ခံနေရမှု၊ ဆင်နှင့် ဆင်အစိတ်အပိုင်းများ တရားမဝင်ကူးသန်းရောင်းဝယ်နေမှုများကို တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပြည်သူလူထု သိမြင်နိုးကြားလာပြီး ပူးပေါင်းကူညီဆောင်ရွက်လာစေရန်၊ အိမ်မွေးဆင်များအား ထိန်းသိမ်းစီမံအုပ်ချုပ်နေမှုများ ပိုမိုကျယ်ပြန့်စွာ သိရှိစေရန်၊ ဆင်တို့၏ မူလသဘာဝ၊ အလေ့အထနှင့် လူသားတို့နှင့် ဆင်တို့အကြား ဆက်နွှယ်နေမှုများကို ပြည်သူများသိရှိလာစေရန်နှင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**ရှားပါးဆင်စွယ်နက်များပြသ**

ဆင်ပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသည့် ပြကွက်များမှာ မြန်မာနိုင်ငံအတွင်းမှရရှိသော ရှေးနှစ်ပေါင်းများစွာမှ ဆင်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ဆဒ္ဒန်ဆင်ဖြူတော် အစွယ်တစ်စုံ၊ ဆင်အသုံးအဆောင်ပစ္စည်းများ၊ ဆင်ကာကွယ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် အသုံးပြုသည့် ရေဒီယိုကော်လာ၊ ထောင်ချောက်ကင်မရာ စသည့် ပစ္စည်းများ၊ ဆင်စွယ်၊ ဆင်ရိုးစုများနှင့် ပြုလုပ်ထားသည့် တရားဝင်ရောင်းဝယ်ဖောက်ကားခွင့်မရှိသည့် အနုပညာပစ္စည်းများ၊ ဆင်ရိုးစုများအပြင် ရှားပါးပြီး မြင်ရခဲသည့် ဆင်စွယ်နက်များ စသည်တို့ကို ပြသသွားမည်ဖြစ်သည်။

ယနေ့စတင်ဖွင့်လှစ်သည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော ဆင်ပြတိုက်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ဝင်ကြေး ငွေကျပ် ၅၀၀ နှုန်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်သည်။ ယခုမတ်လမှ မေလအထိ (သုံးလတိတိ) အခမဲ့ပြသသွားမည်ဖြစ်ပြီး မသန်စွမ်းသူများနှင့် ၁၂ နှစ် အောက်ကလေးများအား မည့်သည့်အချိန်တွင်မဆို အခမဲ့ဝင်ရောက်ကြည့်ရှု ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်စွယ်နှင့်အစိတ်အပိုင်းများဖျက်ဆီး**

ဆက်လက်၍ ဖမ်းဆီးရမိသည့် ဆင်စွယ်၊ ဆင်အစိတ်အပိုင်းနှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများအား ဖျက်ဆီးသည့် အခမ်းအနားကို သဘာဝသမိုင်းပြတိုက်ရှေ့ မြေကွက်လပ်တွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအတွင်း အရေးယူ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဖမ်းဆီးရမိသည့် ဆင်စွယ်၊ ဆင်အစိတ်အပိုင်းများနှင့် တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများအား သစ်တောဦးစီးဌာန၌ မှတ်ပုံတင်သိမ်းဆည်းထားသော ပစ္စည်းများထဲမှ ကောင်းမွန်သည့် အစိတ်အပိုင်းအချို့ကို ပညာပေးပြခန်းများ၌ အများပြည်သူ လေ့လာကြည့်ရှုရန်ထားရှိပြီး ကျန်ရှိသည့် အစိတ်အပိုင်းများကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ယခုအကြိမ် ဖျက်ဆီးမှုသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်က နေပြည်တော်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ဖျက်ဆီးသော ဖမ်းဆီးရမိသည့် တောဆင်ရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများတွင် ဆင်စွယ် ၂၁၉ ချောင်း၊ ဆင်နှာမောင်းအကွင်းခြောက် ၂၁၀ ခု၊ ကျားနှင့် ကျားသစ်အပါအဝင် တိရစ္ဆာန်အရိုးစုမျိုးစုံ ၅၂၇ ချောင်း၊ တိရစ္ဆာန်ဦးချိုမျိုးစုံ ၈၀၀၊ သင်းခွေချပ်အကြေးခွံ ၁၃၄ ဒသမ ၇၂ ကီလိုဂရမ်၊ အခြားတောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းမျိုးစုံ ၂၄၀ ခု စုစုပေါင်း အလေးချိန် ၇၆၆ ဒသမ ၁၁ ကီလိုဂရမ် ကာလတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ သန်း (မြန်မာငွေကျပ်သိန်းပေါင်း ၁၇၂၂၀) တန်ဖိုးခန့်ရှိကြောင်း သိရသည်။

**ဆင်သတ်ဖြတ်မှုပိုများလာ**

မြန်မာနိုင်ငံအတွင်း၌ တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှုကို ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းအထိ ၁၂၂ ကောင် အသတ်ခံခဲ့ရပြီး ဆင်စွယ်သာမက ဆင်သားရေ၊ ဆင်နှာမောင်းနှင့် ဆင်အသားများကိုပါ ရယူလိုမှုအတွက်ကြောင့် ယခုကဲ့သို့ သတ်ဖြတ်မှုပိုမိုများပြားလာခြင်းဖြစ်သည်။ ကျူးလွန်မှုအများဆုံးမှာ ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီး၌ အများဆုံးဖြစ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ဆွာရေဘေးသင့်ပြည်သူများကို အိမ်များဆောက်၍ ပြန်လည်နေရာချထားပေးပြီး လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် မတ် ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံ ကျိုးပေါက်ခဲ့မှုကြောင့် နေအိမ်များ မျောပါပျက်စီးခဲ့သည့် မိသားစုဝင်များကို အိမ်များဆောက်လုပ် နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ မသန်စွမ်းသူများ၊ မိခင်ဝိုင်းများ၊ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် အဝေးသင်တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆွာချောင်းရေလှောင်တမံ ဘဲနွတ်သီးကျိုးပျက်မှုကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကာ နေအိမ်များ မျောပါပျက်စီးခဲ့ပြီး ယခုအခါ မိသားစုဝင်အချို့ ပြန်လည်အခြေချနိုင်အောင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှု၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၏ ပူးပေါင်းကူညီမှုဖြင့် နေအိမ်များ ဆောက်လုပ်ပြီးစီး၍ မိသားစုများနေထိုင်လျက်ရှိသည်ကို တွေ့မြင်ရသဖြင့် ဝမ်းသာပါကြောင်း၊ အစိုးရ၏ တာဝန်ခံ၊ တာဝန်ယူမှု ပြည်သူတို့၏ အပြန်အလှန် ယုံကြည်ပူးပေါင်းဆောင်ရွက်မှု၏ စံနမူနာပြတစ်ခု ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း၊ ရုတ်တရက် ရေကြီးရေလျှံမှု စတင်ဖြစ်ပွားစဉ် အစိုးရအနေဖြင့် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ခဲ့ပြီး ပြန်လည်ထူထောင်ရေးကိုလည်း အချိန်မဆိုင်းဘဲဒေသခံပြည်သူများနှင့် လိုအပ်ချက်များကို စိစစ်ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့ကို မတည်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြန်လည်ထူထောင်ရေးတွင် ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ပံ့ပိုးမှုများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပံ့ပိုးမှုလိုအပ်ချက်များကို တစ်ပြိုင်တည်းဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယနေ့ အခမ်းအနားတွင် ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဖြစ်သော မိခင်ဝိုင်းများ၊ ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ခြင်းနှင့် မသန်စွမ်းသူ ထောက်ပံ့ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဆွာရေဘေးသင့်ပြည်သူများ ပြန်လည်နေရာချထားပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ထို့နောက် မသန်စွမ်း ၂၁ ဦး အတွက် ထောက်ပံ့ငွေကျပ် ၆၃၀၀၀၀၊ မိခင်ဝိုင်းငါးဝိုင်း ဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၂၅၈၅၀၀၀ ၊ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့်အဝေးသင်တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂ဦးအတွက် ထောက်ပံ့ငွေကျပ် ၆၆၀၀၀၀ တို့ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော ကလေးငယ်များအတွက် ကစားစရာအရုပ်များနှင့် အာဟာရမုန့်များဝေငှခြင်း၊ ငယ်စဉ်ဘဝမှ အမှိုက်များကို အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်တတ်စေရန် လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်က ထောက်ပံ့မှုများအတွက် ကျေးဇူးတင်စကားပြောကြားသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ထောက်ပံ့မှု၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်က ပူးပေါင်းလှူဒါန်းဆောက်လုပ်သည့် အိမ်ခြေ ၁၆၂ လုံးအနက် ၁၂၆ လုံး ဆောက်လုပ်ပြီးစီးမှု၊ ကျွန်းတောစုကျေးရွာတွင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်က ဆောက်လုပ်လျက်ရှိသည့် နေအိမ်များနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းသည့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကို ကြည့်ရှုလေ့လာပြီး မိုးရာသီအမီ ဆောင်ရွက်ရမည့် လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

# မြင်းခြံသံမဏိစက်ရုံအနီး ၉၀ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၃

**နွေရာသီတွင် တိုးတက်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် မြင်းခြံသံမဏိစက်ရုံအနီးတွင် ဟောင်ကောင်အခြေစိုက် ကုမ္ပဏီဖြစ်သော VPower Holdings Limited နှင့် ၎င်းတို့၏ Local Partner ဖြစ်သော Zeya & Associates Co. Ltd., က Independent Power Producer (IPP), Build - Operate-Own (BOO) စနစ်ဖြင့် အကောင်ထည်ဖော်တည်ဆောက်ခဲ့သည့် ၉၀ မဂ္ဂါဝပ်ဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းရန်**

ရှေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြင်းခြံ ၉၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းသည် ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ဖြစ်သော ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့ တစ်ရက်ကုဗပေ သန်း ၂၀ ကို အသုံးပြု၍ ယခုနှစ် နွေရာသီတွင် တိုးတက်သုံးစွဲလာမည့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်တိုအတွင်း ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီမှစတင်၍ International Competitive Tender စနစ်ဖြင့် တင်ဒါခေါ်ဆို၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တင်ဒါအောင်မြင်သည့် ဟောင်ကောင်အခြေစိုက် ကုမ္ပဏီဖြစ်သော VPower Holdings Limited နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းတို့အကြား ငါးနှစ် တစ်ဆက်တစ်စပ်တည်း ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၇ ရက်က လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်အင်အားမှာ Containerized High Speed ၁ ဒသမ ၅၆ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်အသစ် အလုံး ၇၀ဖြင့် စုစုပေါင်း ၁၀၉ ဒသမ ၂ မဂ္ဂါဝပ်ဖြစ်ပြီး နွေရာသီတွင် မဂ္ဂါဝပ် ၉၀ နှင့် မိုးရာသီတွင် ၄၅ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်သွားမည်ဖြစ်ပါကြောင်း၊ မြင်းခြံ ၉၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတွင် ဓာတ်ငွေ့အင်ဂျင်များ၏ စွန့်ပစ်အပူဖြင့်ဓာတ်အားထုတ်မည့် Organic Rankine Cycle (ORC) နည်းပညာကို အသုံးပြု၍ ဓာတ်ငွေ့အင်ဂျင်စက်များ၏ စက်စွမ်းရည် (Efficiency) ကို ၂ ရာခိုင်နှုန်းအထိ မြှင့်တင်ထားသောကြောင့် ဓာတ်ငွေ့စားနှုန်း လျော့ကျသွားပါကြောင်း၊ စမ်းသပ်မောင်းနှင်ခြင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးနောက် ဓာတ်အားပေးစက်ရုံကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ စီးပွားဖြစ်ဓာတ်အားထုတ် မောင်းနှင်ခဲ့ပြီး လက်ရှိအချိန်တွင် မဂ္ဂါဝပ် ၉၀ ဓာတ်အားထုတ်ပေးလျက်ရှိပါကြောင်း၊ ယင်းဓာတ်အားပေးစက်ရုံမှ ဓာတ်အားကို မြင်းခြံ ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံမှတစ်ဆင့် မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် ပုဂံညောင်ဦးမြို့နယ်များရှိ အများပြည်သူများနှင့် စက်မှုလက်မှုလုပ်ငန်းများသို့လည်းကောင်း၊ မြင်းခြံခရိုင်အတွင်းရှိ မြစ်ရေတင်စီမံကိန်းများနှင့် မြို့သာစက်မှုဇုန်သို့လည်းကောင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ဓာတ်အားထုတ်လုပ်သည့် စက်ရုံဖြစ်သောကြောင့် ဓာတ်အားစနစ်မှ ဓာတ်အားရရှိသည့်ဒေသများမှ ပြည်သူများ အကျိုးမျှဝေခံစားရမည်ဖြစ်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်းနှင့် ပြည်တွင်းထွက်ရွှေကမ်းလွန် ဓာတ်ငွေ့ကိုအသုံးပြု၍ ကျောက်ဖြူ၊ မြင်းခြံနှင့် ကျောက်ဆည်ဒေသများတွင် ဓာတ်အားထုတ်လုပ်လျက်ရှိရာ ယနေ့ဖွင့်လှစ်သော ၉၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံကို ထည့်သွင်းတွက်ချက်ပါက မြင်းခြံဒေသတွင် ရွှေကမ်းလွန်ဓာတ်ငွေ့ဖြင့် စုစုပေါင်းဓာတ်အားပမာဏ ၃၈၂ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ပြီဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ အချက်အချာကျသော ဓာတ်အားထုတ်လုပ်ရာ ဒေသဖြစ်လာပြီဖြစ်ကြောင်း။

**ပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းကူညီ**

ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအကျဆုံးသည် လျှပ်စစ်ဓာတ်အားဖြစ်သည်နှင့်အညီ နိုင်ငံတော်အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိလာသည်နှင့်အမျှ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသည့် ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများအပေါ် ပြည်သူတစ်ရပ်လုံးမှလည်း အားသွန်ခွန်စိုက် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ၉၀ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး VPower Holdings Limited က ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့မှု ဗီဒီယိုရုပ်သံမှတ်တမ်းအား ပြသခဲ့ကာ မြင်းခြံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ၉၀ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မန္တလေးတိုင်းဒေသကြီး စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးလှိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ မြင်းခြံမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်နှင့် မြင်းခြံမြို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ VPower Holdings Limited ၏ Co-Chief Executive Officer၊ Mr. Au-Yeung Tai Hong Rorce နှင့် Zeya & Associates Co., Ltd ၏ Chief Executive Officer ဦးဇေယျသူရမွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးတို့က ဓာတ်ငွေ့အင်ဂျင်စက်ကို စက်ခလုတ်နှိပ်၍ မောင်းနှင်ပေးခဲ့ပြီး ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ရွှေစာရံပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ တိုးချဲ့တည်ဆောက်ခြင်းနှင့် ဒေသတွင်း အကြီးစားစက်မှုလုပ်ငန်းတွင် အသုံးပြုရန် ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၅၀ အမ်ဗွီအေ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ပြီး Switch Yard အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရောဝတီတိုင်းဒေသကြီးရှိ တက္ကသိုလ်များနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံ

**ရန်ကုန် မတ် ၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နည်းပညာတက္ကသိုလ်(မအူပင်)ရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နည်းပညာတက္ကသိုလ် (မအူပင်)ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မအူပင်မြို့နည်းပညာတက္ကသိုလ်(မအူပင်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။

ရှေးဦးစွာ နည်းပညာတက္ကသိုလ်(မအူပင်)မှ ပါမောက္ခချုပ် ဒေါက်တာကျော့ခင်က နည်းပညာတက္ကသိုလ် (မအူပင်)၏ ဖွဲ့စည်းပုံ၊ သင်ကြားသင်ယူနေမှုအခြေအနေများနှင့် ဆောင်ရွက်လျက်ရှိသည့် ပညာရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ၊ ပါမောက္ခချုပ်များကော်မတီ၏ တက္ကသိုလ်များအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အသိပေးပြောကြားလိုပြီး တက္ကသိုလ်များ၏အခက်အခဲများနှင့် လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုနှင့် လှုပ်ရှားမှုများကို ပညာရေးဝန်ကြီးဌာန၏ website ဖြစ်သည့် www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း။

**သုတေသနကိုယ်တိုင်ဆောင်ရွက်**

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)တွင် ဖော်ပြထားသည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင်ပါရှိသော ပန်းတိုင်အမှတ်(၄)တွင် ၂၁ ရာစုနှင့် လိုက်လျောညီထွေရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို အဆင့်မြှင့်တင်ပေးရန်အချက်သည် ပညာရေးနှင့် သက်ဆိုင်ကြောင်း၊ ပညာရေးအရည်အသွေးကောင်းမွန်ရန် ဆရာ ဆရာမများ၏ အရည်အသွေးကောင်းမွန်ရန်လိုအပ်ပြီး အင်္ဂလိပ်စာ အရည်အသွေးနှင့် အိုင်စီတီနည်းပညာ အရည်အသွေးများ ကောင်းမွန်ရန်အတွက် မွမ်းမံသင်တန်းများပေးရန် လိုအပ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သုတေသန ကိုယ်တိုင်ဆောင်ရွက်ခြင်း၊ စာတမ်းဖတ်ခြင်း၊ သုတေသနဂျာနယ်များတွင် ရေးသားနိုင်စွမ်းရှိရန်လိုအပ်ကြောင်း၊ သို့မှသာ ဆရာ ဆရာမများ စာသင်ခန်းတွင် ကျောင်းသား ကျောင်းသူများအား လက်တွေ့နှင့် နီးစပ်သော သင်ကြားနည်းစနစ်များဖြင့် သင်ကြားပေးနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် ဆရာ ဆရာမများအတွက်သာမက ရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးမြင့်မားစေရန် ရုံးစာရေးသားနည်းသင်တန်းများနှင့် အိုင်စီတီအရည်အသွေး မြင့်မားစေရန် သင်တန်းများ ဖွင့်လှစ်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာပညာတော်သင်ဆုများနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုပေးလျက်ရှိကြောင်း၊ ကျောင်းများတွင် သိပ္ပံပြပွဲများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ Job Fair များ ပြုလုပ်ပေးရန် လိုအပ်ပြီး မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံနေထိုင်သည့်အတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ စာပေယဉ်ကျေးမှုနှင့် အနုပညာဓလေ့ ထုံးတမ်းစဉ်လာများကိုလည်း မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသ၏ စီးပွားရေး၊ ခရီးသွားလာရေးနှင့် အကျိုးစီးပွားကို အကျိုးပြုပြီး ဒေသနှင့်လိုက်လျောညီထွေဖြစ်သည့် ဘွဲ့သင်တန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်းနှင့် အရည်အချင်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ မွေးထုတ်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လက်တွေ့သင်ကြားရေး ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများရှိသည့်အတွက် သရုပ်ပြ ဆရာ ဆရာမများ တိုးချဲ့ခန့်ထားရေး၊ အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရေး၊ အားကစားရုံနှင့် အားကစားကွင်းများ ဆောင်ရွက်ပေးရေး၊ ကျောင်းသား ကျောင်းသူများ အလုပ်သင်သွားရောက်ရာ၌ အခက်အခဲများကြုံတွေ့ရာတွင် ဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်များကို တိုင်းဒေသကြီးမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မအူပင်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆွေးနွေး**

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် မတ် ၂ ရက်က ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ နည်းပညာတက္ကသိုလ် (ဟင်္သာတ)နှင့် ဟင်္သာတတက္ကသိုလ်များသို့ သွားရောက်၍ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ပရောဂျက်များပြုလုပ်ရာနှင့် လေ့လာရေးခရီးများအတွက် ကုန်ကျစရိတ်များ အဆင်ပြေချောမွေ့စေရန်၊ တက္ကသိုလ်များ၏ ကိုယ်ပိုင် website Domain များ၊ E-mailများ ရရှိရေး၊ ဆိုင်ကယ်ရပ်နားရန်နေရာ၊ ကျောင်းအားကစားရုံဆောက်လုပ်ပေးရန်၊ ဖူဆယ်ဘောလုံးကွင်း ဆောက်လုပ်ပေးရန်၊ ဝန်ထမ်းအင်အားတိုးချဲ့ခန့်ထားရန်၊ ဝန်ထမ်းမိသားစု ပေါင်းစည်းနေနိုင်ရေး၊ ပန်းချီ၊ ဂီတ၊ အနုပညာကလပ်များ ဖွဲ့စည်းဆောင်ရွက်ပေးရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့်အဖွဲ့ မောင်တောဒေသရှိ လှဖိုးခေါင်စခန်း၊ ကြိမ်ချောင်း၊ ဂုပ္ပိလမ်းနှင့် ကြိမ်ချောင်းတောင်ရွာစခန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၃

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့သည် မတ် ၂ ရက်က မောင်တောဒေသရှိ ပြန်လည်ဝင်ရောက်လာသူများ လက်ခံရာတွင် ကြားစခန်းအဖြစ် ဆောင်ရွက်မည့် လှဖိုးခေါင်စခန်း၌ ဖေဖော်ဝါရီ ၂၅ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးပြီး အမိုးပျက်စီးသော အဆောက်အအုံနှစ်လုံး၊ ဘေးအကာနှင့်တံခါးရွက်ပျက်စီးမှု ၁၃၄ လုံးနှင့် အိမ်သာများပျက်စီးမှု ၆၆ လုံး စုစုပေါင်း ၂၀၂ လုံး ပျက်စီးခဲ့ရာ ဒုတိယဝန်ကြီးနှင့်အဖွဲ့က ပြန်လည်ပြင်ဆင်မည့်အစီအစဉ်များကို အသေးစိတ်မှာကြားသည်။**

**အိမ်ရာပြီးစီးမှုကြည့်ရှု**

ထို့နောက် ၎င်းစခန်းတွင် ဆောက်လုပ်ထားသော Assemble Board House များ၏ အခြေအနေနှင့် တရုတ်နိုင်ငံမှ လှူဒါန်းထားသော Assemble Board House အလုံး ၁၀၀၀ သိုလှောင်ထားရှိမှုနှင့် ၎င်း Assemble Board House များ ဆောက်လုပ်မည့် နေရာနှင့် အစီအစဉ်များကို ညှိနှိုင်းခဲ့ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကြိမ်ချောင်းတောင်ရွာစခန်းတွင် UEHRD အစီအစဉ်ဖြင့် တည်ဆောက်လျက်ရှိသော အိမ်ရာများနှင့် ဂျပန်နိုင်ငံမှ လှူဒါန်းဆောက်လုပ်နေသော အိမ်ရာ ၅၁လုံး၏ ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)** UEHRD အစီအစဉ်ဖြင့် စစ်ပိုင်မင်းကုမ္ပဏီမှ အလုံး ၃၀ ဆောက်လုပ်ရာ ၁၀၀ ရာခိုင်နှုန်းနှင့် မဟာစံကုမ္ပဏီမှ အလုံး ၇၀ ဆောက်လုပ်ရာ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

**လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၇)မှ တာဝန်ယူဖောက်လုပ်လျက်ရှိသော ကြိမ်ချောင်း-ဂုပ္ပိလမ်း (မေယုတောင်ကျော်လမ်း) မိုင် ၀/၆ - ၀/၇ ကြား တံတားအမှတ်(၁) ပေ ၅၀ အရှည် တံတားနှင့် မိုင် ၅/၆ - ၅/၇ ကြားရှိ တံတားအမှတ်(၄) ပေ ၅၀ အရှည် တံတားလုပ်ငန်းခွင်၊ မိုင် ၄/၀ အနီး လမ်းဖောက်လုပ်ပြီးစီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ယခုဖောက်လုပ်နေသောလမ်းသည် မေယုတောင်ကျော်လမ်းဖြစ်၍ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး သတိအမြဲရှိစွာဖြင့် ဆောင်ရွက်ကြရန် လုပ်ငန်းအရည်အသွေးများကို လည်း ကောင်းမွန်ပြည့်မီစွာ ဆောင်ရွက်သွားကြရန်နှင့် မိုးမကျမီလုပ်ငန်းများပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မောင်တော - ကျီးကန်းပြင် - ကြိမ်ချောင်း- ဗန္ဒုလလမ်း မိုင် ၁၉ / ၂ -၂၀/၀ ကြားရှိ မောင်တောခရိုင်မှ တာဝန်ယူ၍ ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းအရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားရန်နှင့် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှု အတိုင်း ဆောင်ရွက်သွားကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ကြိုတင်ဆောင်ရွက်လျက်ရှိ

**စစ်တွေ မတ် ၃**

ရခိုင်ပြည်နယ်အတွင်းရှိ စာစစ်ဌာန အသီးသီးတွင် တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း မြင့်မားရေးနှင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာရေးနှင့် မသမာမှုများ ကင်းရှင်းရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ အထောက်အပံ့ အကူအညီများဖြင့် ဆောင်ရွက်ထားကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။



ယမန်နှစ်က စစ်တွေမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

**ဘာသာရပ်ကျွမ်းကျင်မှုရှိအောင် ပို့ချ**

"ဒီနှစ်ဖြေဆိုမယ့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် မေးခွန်းပုံစံပြောင်းထားတာရှိတယ်။ အဲလိုမျိုး မေးခွန်းပုံစံပြောင်းတာကို အားလုံးသိအောင် တစ်မြို့နယ်က သက်ဆိုင်ရာ ဘာသာရပ်အလိုက် တစ်ဘာသာကို ငါးယောက်စီခေါ်ပြီး စစ်တွေတက္ကသိုလ်မှာ ပါမောက္ခတွေက မေးခွန်းပုံစံနဲ့ပတ်သက်ပြီး ရှင်းပြတယ်။ မြို့နယ်အလိုက် ဆရာ ဆရာမတွေကို ထပ်မံပို့ချဖို့အတွက် တစ်မြို့နယ်က တစ်ဘာသာကို သုံးယောက်စီ စစ်တွေတက္ကသိုလ်ကိုခေါ်ပြီး ဘာသာရပ်အတွက် ကျွမ်းကျင်မှုရှိအောင် ပို့ချပေးပါတယ်။ ဒါတွေဟာ ပြည်နယ်ရဲ့ အောင်ချက်မြင့်မားရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်က ပြောသည်။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ရခိုင်ပြည်နယ်တွင် စာစစ်ဌာန ၁၂၁ ခု ဖွင့်လှစ်၍ စစ်ဆေးသွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၄၅၅၃၃ ဦး ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။

**မသမာမှုကင်းရှင်းရေး**

ထိုသို့ဖြေဆိုရန်အတွက် စာစစ်ဌာန ၁၂၁ ခုတွင် ကြီးကြပ်ရေးမှူး ၁၂၁ ဦးဖြင့် ဆောင်ရွက်သွားမည် ဖြစ်သော်လည်း ကျောင်းသားဦးရေ ရှစ်ရာထက်ကျော်သည့် စာစစ်ဌာနရှစ်ခုရှိသည့်အတွက် ကြီးကြပ်ရေးမှူး ၁၂၉ ဦးတို့မှ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး မသမာမှုကင်းရှင်းရေးအတွက် ရခိုင်ပြည်နယ် အစီအစဉ်ဖြင့် သီးခြားပြုလုပ်နေခြင်းများ လည်းရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့၏ အကူအညီကိုရယူကာ ဆောင်ရွက်နေသည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်း၊ မသမာမှုကင်းရှင်းရေးဆောင်ရွက်သည့်အခါ မိမိကျောင်းမှ ဆရာ ဆရာမများသည် ဒေသခံများဖြစ်သည့်အတွက် အဆင်မပြေမှုများရှိရာ ကြီးကြပ်ရေးမှူးများက မိမိတို့နှင့်အတူ စာဖြေခန်း ၁၀ ခန်းရှိလျှင် ဆရာ ဆရာမ ၁၀ ဦးနှင့် ရုံးအဖွဲ့သုံးဦးကို ခေါ်ဆောင်လာနိုင်ပြီး ၎င်းဆရာ ဆရာမများနှင့် ဒေသခံ ဆရာ ဆရာမများပူးပေါင်းကာ ကြီးကြပ်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ထိုသို့ ကြီးကြပ်ရေးမှူး ဆရာ ဆရာမများခေါ်ဆောင်ရန်အတွက် ကုန်ကျစရိတ်များကို ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ကူညီပေးထားကြောင်း ပြည်နယ်ပညာရေးမှူးက ပြောသည်။

"မသမာမှုကင်းရှင်းရေး စတင်ဆောင်ရွက်ခဲ့တဲ့နှစ်မှာဆိုလို့ရှိရင် ရခိုင်ပြည်နယ် ရဲ့ အောင်ချက်ရာခိုင်နှုန်းဟာ တစ်နိုင်ငံလုံးမှာ အောက်ဆုံးအခြေအနေကို ရောက်ရှိသွားခဲ့ပါတယ်။ သို့သော်လည်း ကျောင်းသား ကျောင်းသူတွေက မသမာမှုလုပ်လို့မရတော့ဘူးဆိုတဲ့ အသိတွေကြောင့် ကြိုးစားလာကြတဲ့အခါ ၂၀၁၇ ခုနှစ်ထက် ၂၀၁၈ ခုနှစ်မှာတော့ လေးရာခိုင်နှုန်းကျော် တိုးတက်လာတာကို တွေ့ရပါတယ်။ ဒီနှစ်မှာ ရခိုင်ပြည်နယ် အနေနဲ့ အခက်အခဲများစွာရှိတဲ့အတွက် ယခင်နှစ်တွေထက် အောင်ချက်အသင့်အတင့်သာ တိုးတက်လာနိုင်ဖို့မျှော်လင့်ရပါတယ်"ဟု ဦးအောင်သန်းမြင့်က ပြောသည်။

ရခိုင်ပြည်နယ်တွင် တိုက်ပွဲရှောင်စခန်းများမှ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် ပတ်သက်၍ အဆိုပါ ကျောင်းသား ကျောင်းသူများမှာ ပြင်ပမှ ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသူများ ဖြစ်ပြီး ယခုအခါ မိမိရပ်ရွာများသို့ ပြန်လည်ရောက်ရှိနေထိုင်ကြပြီး ဖြစ်သည့်အတွက် ၎င်းတို့စာမေးပွဲဖြေဆိုရန် စာရင်းသွင်းထားသော ခုံအမှတ်ထွက်ရှိသည့် စာစစ်ဌာနများတွင် ဖြေဆိုသွားကြမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ရခိုင်ပြည်နယ်၏ တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်းမှာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၃၄၈၂၂ ဦး ဝင်ရောက်ဖြေဆိုရာတွင် အောင်မြင်သူ ၇၃၈၀ ဖြင့် ၂၁ ဒသမ ၁၉ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၃၈၄၄၀ ဝင်ရောက်ဖြေဆိုရာတွင် အောင်မြင်သူ ၆၅၉၈ ဖြင့် ၁၇ ဒသမ ၁၆ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၄၀၁၇၉ ဦး ဝင်ရောက်ဖြေဆိုရာတွင်၈၆၂၀ အောင်မြင်ခဲ့ကာ ဂုဏ်ထူးရရှိသူ ၁၄၂၄ ဦးရှိပြီး အောင်ချက်ရာခိုင်နှုန်း ၂၁ ဒသမ ၄၅ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**● ကျောဖုံးမှ**

သက်ထားသူဇာသည် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် Grade-3 အဆင့်ရှိပြိုင်ပွဲများတွင် ဆက်တိုက်ယှဉ်ပြိုင်လျက်ရှိပြီး International Series ကြက်တောင်ပြိုင်ပွဲတွင် ချန်ပီယံဆုနှစ်ကြိမ်၊ ဒုတိယဆုတစ်ကြိမ်၊ Future Series ကြက်တောင်ပြိုင်ပွဲတွင် ချန်ပီယံဆုတစ်ကြိမ် ရရှိခဲ့သည်။

သက်ထားသူဇာသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် မတ်လအထိ ပြိုင်ပွဲလေးပွဲ ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲတိုင်းဆုရခဲ့ပြီး ချန်ပီယံဆုသုံးကြိမ်၊ ဒုတိယဆုတစ်ကြိမ် ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

# ဝါးအခြေခံလက်မှုပညာမွမ်းမံသင်တန်း မန်းရေနံမြေတွင် ဖွင့်လှစ်ပို့ချ

**မင်းဘူး မတ် ၃**

မန်းရေနံမြေတွင် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P Pte Ltd., သည် မန်းရေနံမြေဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒေသတွင်းအရင်းအမြစ်များကို အသုံးပြုထုတ်လုပ်ရသော ဒေသထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် စွမ်းရည်မြှင့်သင်တန်းများ ပို့ချလျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိသည့် မန်းရေနံမြေဒေသခံများအနေဖြင့် မန်းရေနံမြေရှိ မူလတည်ရှိပြီး ဒေသထွက် သဘာဝအရင်းအမြစ်များနှင့် လက်မှုအတတ်ပညာများကို ထိန်းသိမ်းပြီး ဈေးကွက်ဝင်ပစ္စည်းများ ပိုမိုထုတ်လုပ်ရောင်းချနိုင်ရန်ရည်ရွယ်၍ ဝါးအခြေခံလက်မှုပညာမွမ်းမံသင်တန်းကို ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၆ ရက်အထိ ၁၀ ရက်ကြာ သင်တန်းကို မန်းရေနံမြေထိစပ် ကျေးရွာတစ်ရွာဖြစ်သည့် ဝါးလက်မှုလုပ်ငန်း အဓိကလုပ်ကိုင်ကြသည့် ပေါက်ကုန်းကျေးရွာတွင် ဖွင့်လှစ်ပို့ချခဲ့သည်။

MPRL E&P သည် မန်းရေနံမြေတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သက်မွေးပညာသင်တန်းငါးမျိုးကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်လှစ်ပို့ချနိုင်ခဲ့သည်။ အလားတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း သက်မွေးပညာ သင်တန်းလေးခုကို ဖွင့်လှစ်နိုင်ခဲ့ပြီး သက်မွေးပညာသင်တန်း စုစုပေါင်းကိုးခုတွင် မန်းရေနံမြေဒေသခံ သင်တန်းသား သင်တန်းသူ ၁၉၆ ဦး တက်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မန်းရေနံမြေဒေသခံများအား ဝါးအခြေခံလက်မှုအတတ်ပညာများ သင်ကြားပေးနေစဉ်။

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၃**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်လိုက်သည်။

**ယမန်နေ့မှအဆက်**

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၆၂ | မမေသူကျော် | အထက-မင်းကွက် | ပေါင်းတည် | ပြည် |
| ၆၃ | မောင်ဇင်မင်းလွင် | အထက-မြို့မ | နတ်တလင်း | သာယာဝတီ |
| ၆၄ | မောင်ထင်လင်းလူ | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၆၅ | မသီရိဇော် | ရွှေဝတီ(ကပက) | သာယာဝတီ | သာယာဝတီ |
| ၆၆ | မခင်ဝတ်မှုန်ဖြိုး | အထက-မြို့မ | ဇီးကုန်း | သာယာဝတီ |
| ၆၇ | မောင်မင်းမော်ဖြိုး | အထက(၃)မကွေး | မကွေး | မကွေး |
| ၆၈ | မောင်ကျော်ဇေယျာဟိန်း | အထက(၄)ချောက် | ချောက် | မကွေး |
| ၆၉ | မဖြိုးသီရိလွင် | ဒီဝေလျှံ(ကပက) | မကွေး | မကွေး |
| ၇၀ | မဆုရွှေရည်မြတ် | အထက(ခွဲ)အလက(၂) | တောင်တွင်းကြီး | မကွေး |
| ၇၁ | မောင်အေဒီဇင် | ပညာရဲရင့်(ကပက) | ပွင့်ဖြူ | မင်းဘူး |
| ၇၂ | မမြင့်မိုရ်အေဘီ | ပညာအလင်းရောင်(ကပက) | မင်းဘူး | မင်းဘူး |
| ၇၃ | မောင်မင်းသန့်ကို | CMEC(ကပက) | ပခုက္ကူ | ပခုက္ကူ |
| ၇၄ | မယွန်းနန္ဒာအောင် | အထက-မြစ်ခြေ | ပခုက္ကူ | ပခုက္ကူ |
| ၇၅ | မောင်မင်းခန့်ပိုင် | အထက(၂)သရက် | သရက် | သရက် |
| ၇၆ | မောင်ဇွဲရှိန်လင်း | အထက-ပြလို့ | အောင်လံ | သရက် |
| ၇၇ | မခိုင်သဇင် | အထက-ကြို့ပင် | ကံမ | သရက် |
| ၇၈ | မနဒီဝင့်ယမုံ | အထက-ဆင်ပေါင်ဝဲ | ဆင်ပေါင်ဝဲ | သရက် |
| ၇၉ | မောင်မြတ်သုခ | အထက-ဂန့်ဂေါ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၀ | မကေဇင်မြတ် | အထက-ကျောက်ထု | ဆော | ဂန့်ဂေါ |
| ၈၁ | မောင်ကျော်ညီသာ | CAE(ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၂ | မောင်ကျော်မျိုးထက် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၃ | မခိုင်မြတ်သွယ် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မကြယ်စင်သိန်း | CAE(ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၅ | မောင်ဇော်ရဲထက် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မရွှန်းလဲ့ဖြိုးဦး | အထက-စဉ့်ကူး | စဉ့်ကူး | ပြင်ဦးလွင် |
| ၈၇ | မောင်ထက်မြတ်အောင် | ပညာစံအိမ်(ကပက) | စဉ့်ကိုင် | ကျောက်ဆည် |
| ၈၈ | မဖြူသန့်ကျော် | အထက-ကူမဲ | မြစ်သား | ကျောက်ဆည် |
| ၈၉ | မောင်ဟိန်းထက်ညီ | အထက-ဆီမီးကန် | တောင်သာ | မြင်းခြံ |
| ၉၀ | မရွှန်းလဲ့မောင် | အထက(၄)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၁ | မောင်နေမျိုးအောင် | မြပါရမီ(ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၂ | မခင်ခင်သန်း | FEC(ကပက) | ညောင်ဦး | ညောင်ဦး |
| ၉၃ | မောင်မင်းသိမ်းကျော် | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |

*(ဆက်လက်ဖော်ပြပါမည်)*

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၆၃ | မောင်သူရိန်စိုး | အထက-သုံးဆယ် | သာယာဝတီ | သာယာဝတီ |
| ၆၄ | မောင်ဥက္ကာဟိန်း | အထက-မြို့မ | နတ်တလင်း | သာယာဝတီ |
| ၆၅ | မမြတ်သစ္စာစိုးမိုး | အထက-သုံးဆယ် | သာယာဝတီ | သာယာဝတီ |
| ၆၆ | မမြင့်မြတ်မျိုးသူ | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၆၇ | မောင်မောင်မောင်သွင် | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၆၈ | မောင်ညာဏ်လင်းထွဋ် | ဒီဝေလျှံ(ကပက) | မကွေး | မကွေး |
| ၆၉ | မရွှန်းစန္ဒီပြည့် | ဒီဝေလျှံ(ကပက) | မကွေး | မကွေး |
| ၇၀ | မခင်ရတီသွင် | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၇၁ | မောင်ရဲလွင် | ပညာအလင်းရောင်(ကပက) | မင်းဘူး | မင်းဘူး |
| ၇၂ | မဆုပြည့်ဇော် | အထက(၂)စလင်း | စလင်း | မင်းဘူး |
| ၇၃ | မောင်အောင်သက်ခိုင် | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၇၄ | မခင်မိုးရွှေ | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၇၅ | မောင်မင်းခန့်သွေး | အထက-ရွာထောင် | အောင်လံ | သရက် |
| ၇၆ | မောင်ထူးကိုလွင် | အထက(၁)သရက် | သရက် | သရက် |
| ၇၇ | မခိုင်ရွှေရည်သင်း | အထက-မလွန် | မင်းလှ | သရက် |
| ၇၈ | မဂျူဇင်သက် | အထက-ကံမ | ကံမ | သရက် |
| ၇၉ | မောင်ဟိန်းထက်ကျော် | အထက-လောင်းရှည် | ဆော | ဂန့်ဂေါ |
| ၈၀ | မထက်ထက်ပိုင် | အထက-ဂန့်ဂေါ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၁ | မောင်ချစ်စန်းမောင် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၂ | မောင်ကောင်းထက်နိုင် | မျိုးညွန့်(ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၃ | မယဉ်မင်းသန့် | ဆု(ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၄ | မဟန်နီလာဦး | မင်းမြန်မာ(ကပက) | အောင်မြေသာစံ | မန္တလေး |
| ၈၅ | မောင်ကျော်မင်းသွေး | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မနန်းသီရိနွယ် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၇ | မောင်ထက်ယံ | ရွှေပညာသစ်(ကပက) | စဉ့်ကိုင် | ကျောက်ဆည် |
| ၈၈ | မအေးနန္ဒာမင်း | ယူနတီ(ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၈၉ | မောင်ခန့်ဇင်ဟိန်း | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၀ | မဖွေးဖွေး | အထက(၄)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၁ | မောင်ဇော်မျိုးသက် | IDEA(ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၂ | မရှင်ဘုန်းသန့် | IDEA(ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၃ | မောင်ရှိုင်းထက်ရှင်း | Scholor (ကပက) | မိတ္ထီလာ | မိတ္ထီလာ |

*(ဆက်လက်ဖော်ပြပါမည်)*

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၇၀ | မဆုပြည့်သဇင် | အထက(၄)ချောက် | ချောက် | မကွေး |
| ၇၁ | မောင်နိုင်ထူးစံ | အထက(ခွဲ)သရက်ချဉ် | စလင်း | မင်းဘူး |
| ၇၂ | မမေမြတ်နိုးဇင် | အထက-ပွင့်ဖြူ | ပွင့်ဖြူ | မင်းဘူး |
| ၇၃ | မောင်ဟိန်းသူမောင် | အထက(၅)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၄ | မရှင်းသန့်ထက်ဝေ | အလက(၃)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၅ | မောင်ဟန်သူရထွန်း | အထက-ဆင်ပေါင်ဝဲ | ဆင်ပေါင်ဝဲ | သရက် |
| ၇၆ | မောင်ဟိန်းထက်ထွန်း | အထက-မင်းလှ | မင်းလှ | သရက် |
| ၇၇ | မခိုင်စန္ဒာမျိုး | အထက-ရွာထောင် | အောင်လံ | သရက် |
| ၇၈ | မခိုင်ဇင်သော် | အထက(၁)သရက် | သရက် | သရက် |
| ၇၉ | မောင်ရဲရင့်နိုင် | အထက-ထီးလင်း | ထီးလင်း | ဂန့်ဂေါ |
| ၈၀ | မယုဝတီနိုင် | အလက(ခွဲ)စည်ပင်သာယာ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၁ | မောင်ကောင်းမြတ် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၂ | မောင်အံ့ကို | CAE(ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၃ | မအိမ့်မှူးခင် | အထက(၁၆)ချမ်းအေးသာစံ | ချမ်းအေးသာစံ | မန္တလေး |
| ၈၄ | မစောယွန်းသီရိစံ | VEC(ကပက) | ချမ်းမြသာစည် | မန္တလေး |
| ၈၅ | မောင်ဇေလင်းထက် | အလက(၃)ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မမေသူအောင် | အထက(၁)မိုးကုတ် | မိုးကုတ် | ပြင်ဦးလွင် |
| ၈၇ | မောင်မင်းခန့်သူ | ယူနတီ(ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၈၈ | မဆုရတီစိုင်း | ပညာစံအိမ်(ကပက) | စဉ့်ကိုင် | ကျောက်ဆည် |
| ၈၉ | မောင်ပြည့်ဖြိုးမောင် | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၀ | မဖူးဝေသျှန် | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၁ | မောင်ဖြိုးသီဟ | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၂ | မမေမှူးနွယ် | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၃ | မောင်အောင်ဟိန်းကျော် | အထက-မလှိုင် | မလှိုင် | မိတ္ထီလာ |
| ၉၄ | မဆွိဒင်မြတ် | Fame(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်မင်းပြည့်ဖြိုး | အထက(၂)ပန်းစုံ | ပျော်ဘွယ် | ရမည်းသင်း |
| ၉၆ | မဖူးပြည့်ပြည့်ကိုကို | အထက(၂)ပန်းစုံ | ပျော်ဘွယ် | ရမည်းသင်း |
| ၉၇ | မောင်ထူးမြတ်နိုင် | အထက(၁)မုဒုံ | မုဒုံ | မော်လမြိုင် |
| ၉၈ | မောင်တည်တံ့ | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၉၉ | မစန်းပွင့်ဦး | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၀ | မဟန်နီလင်း | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၁၀၁ | မောင်ကောင်းမြတ်သူ | အထက(၂)သထုံ | သထုံ | သထုံ |

*(ဆက်လက်ဖော်ပြပါမည်)*

# ရန်ကုန်မြို့ပေါ်ရှိ ဈေးဝယ်စင်တာကြီးများတွင် ပလတ်စတစ် စနစ်တကျအသုံးပြုရေးအတွက် အမှိုက်ပုံးအမျိုးမျိုးခွဲခြားထားရှိရေး စီမံဆောင်ရွက်

**ရန်ကုန် မတ် ၃**

ရန်ကုန်မြို့ပေါ်တွင် စွန့်ပစ်ပလတ်စတစ် လျော့နည်းရေးအတွက် စားကြွင်းစားကျန်ပလတ်စတစ်အမှိုက်များ၊ သံသတ္တုအမှိုက်များ၊ ဖန်ပုလင်းများ၊ စက္ကူ / ကပ်ထူစများ စသောအမှိုက်အမျိုးမျိုးကို အမျိုးအစားများခွဲခြားကာ စွန့်ပစ်နိုင်သော အမှိုက်ပုံးများကို စတင်ထားရှိနိုင်ရေးအတွက် အဆင့်မြင့်ဈေးဝယ်စင်တာကြီးများ၊ ကုန်တိုက်ကြီးများနှင့် အခြားနေရာများတွင် စီမံချက်ချ ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ အစီအစဉ်တွင် ပြောကြားသည်။

**ပလတ်စတစ်သုံးစွဲမှု လျော့ပါးစေရေး**

ယင်းသည် ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦး၏ ရန်ကုန်တိုင်းဒေသကြီး အတွင်း သဘာဝပတ်ဝန်းကျင်အတွက် ခြိမ်းခြောက်မှုကြီးမား လာသော ပလတ်စတစ်သုံးစွဲမှု လျော့ပါးစေရေး စီမံဆောင်ရွက် ပေးရန် တိုင်းဒေသကြီးအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ အပေါ် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူ ခြင်းတွင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားခြင်း ဖြစ်သည်။

“ဒီမေးခွန်းဟာ ယနေ့ခေတ်ကာလမှာ ရန်ကုန်တိုင်း ဒေသကြီးအတွက်သာမက တစ်ကမ္ဘာလုံးအတွက်ပါ အရေးပါတဲ့ အဆိုဖြစ်ပါတယ်။ ပလတ်စတစ်ဟာ လူတိုင်းအတွက် အသုံးတည့် တဲ့ ပစ္စည်းဖြစ်ပါတယ်။ သို့သော် အသုံးမလိုတဲ့အခါမှာ လွန်စွာ အန္တရာယ်ကြီးနေတာကိုလည်း တွေ့ရပါတယ်။ ဒါကို လွှတ်တော်မှာ ကိုယ်စားလှယ်တွေက လေ့လာသုံးသပ်ပြီး ထိန်းချုပ်နိုင်ရေးအဆိုကို အများပြည်သူတွေအတွက် တင်သွင်းပေးတဲ့အပေါ်မှာ ရေရှည်မှာ အလွန်တရာ ကြောက်မက် ဖွယ်ကောင်းပြီး အန္တရာယ်ရှိတဲ့ ပလတ်စတစ်ရဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေကို နားလည်နိုင်စေမှာ ဖြစ်ပါတယ်”ဟု ရန်ကုန် မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

**လူမှုပတ်ဝန်းကျင် အန္တရာယ်ကြီးမားလာ**

ယခုအခါတွင် ပလတ်စတစ်များသည် လူ့ပတ်ဝန်းကျင် အရပ် ၁၀ မျက်နှာ၌ ပျံ့နှံ့နေကြောင်း၊ အစိမ်းရောင်စီးပွားရေးကို များစွာထိခိုက်နေကြောင်း၊ လတ်တလော လူ့ပတ်ဝန်းကျင်တွင် အသုံးပြုရန် လွယ်ကူ၊ အသုံးဝင်လှသည့် ပလတ်စတစ်သည် အသုံးတည့်နေသရွေ့ ထိန်းချုပ်ရန် ခက်ခဲနေမည်ဖြစ်ရာ ကောက်ကြောင်းပြန်လိုက်၍ ဆန်းစစ်ရန်လိုကြောင်း၊ ပလတ်စတစ်ကြောင့် လေထု၊ မြေထု၊ လူ့အသက်အန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးစေကြောင်း၊ ပလတ်စတစ်နှင့် ကော်ဘူးများ သုံးစွဲမှု များပြားလာသည်နှင့်အမျှ လူမှုပတ်ဝန်းကျင်တွင် အန္တရာယ်ကြီးမားလာမှုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဦးဆောင်ကာ လူထု အသိပညာပေးဟောပြောပွဲများ ကျင်းပသင့်ကြောင်း၊ ပလတ်စတစ် အစားထိုးပစ္စည်းများ သုံးစွဲရန်လိုကြောင်း၊ စွန့်ပစ်ပလတ်စတစ်အမှိုက်များကြောင့် မြစ်ချောင်း၊ အင်း၊ အိုင် ရေနေသတ္တဝါများပင် သေကျေပျက်စီးလာခြင်းကို သတိပြုစရာ ရုပ်/သံ မီဒီယာများ၊ သတင်းမီဒီယာများတွင် ကျယ်ပြန့်စွာဖော်ပြရန် လိုကြောင်း အဆိုပါ လွှတ်တော်အစည်းအဝေးမှ သိရသည်။



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဗိုလ်တထောင်ကမ်းနားပိုင်းတွင် ပလတ်စတစ်နှင့် စွန့်ပစ်အမှိုက်များကင်းစင်ရေး လှုံ့ဆော်မှု ဆောင်ရွက်စဉ်။

“အသုံးမတည့်တဲ့ပစ္စည်းဟာ အမှိုက်ပါပဲ။ ဒါကို အသုံး တည့်တဲ့နေရာကို ပြန်ပို့နိုင်ရင် ဒါဟာ အမှိုက်မဟုတ်တော့ဘူး။ ဒါတွေကို အသုံးတည့်မယ့်နေရာတွေကို အတော်များများပို့နိုင်ရင် ဒီပလတ်စတစ်အမှိုက်တွေက နည်းသွားမှာပါ။ ဒါကို ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့လည်း အရှိန်အဟုန်မြှင့် လုပ်ဆောင်နေတာတွေ ရှိပါတယ်။ ဒါကို အများပြည်သူတစ်ဦး ချင်းစီကနေ လက်ခံသဘောပေါက်ပြီး လိုက်နာဆောင်ရွက်မှ လည်း ဒီကိစ္စက အောင်မြင်တဲ့လုပ်ငန်းစဉ် ဖြစ်မှာပါ။ ပလတ် စတစ် ထုတ်လုပ်မှုလုပ်ငန်းတွေကို တဖြည်းဖြည်းလျှော့ချနိုင်ဖို့ ပလတ်စတစ်လုပ်ငန်းရှင်တွေနဲ့လည်း ဆွေးနွေးခဲ့တယ်။ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်သွားမယ်။ ပလတ်စတစ်နဲ့ ကောင်းတဲ့အဆင့်ကို ဘယ်လောက်ထိဆွေးနွေးနိုင်တယ်။ ဆုပေး၊ ဒဏ်ပေးစနစ် ကျင့်သုံးပြီး ပလတ်စတစ်ကို စနစ်တကျ သုံးစွဲမလဲပေါ့။ အဓိက ပလတ်စတစ်လျော့ပါးရေးမှာ စနစ်တကျ သုံးစွဲနိုင်ဖို့က အဓိက ကျတယ်။ ပလတ်စတစ်နဲ့ နီးနွယ်နေတဲ့ လုပ်ငန်းတွေကိုလည်း ယခင်ထက် အသိပညာပေးဖို့ကို လုပ်နေတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ သတ်မှတ်ရန်ပုံငွေအပြင် တိုင်းဒေသကြီးအစိုးရအနေနဲ့လည်း ပလတ်စတစ် ထိန်းချုပ်ရေး လုပ်ငန်းတွေ အသိပညာပေး ဆောင်ရွက်တာတွေကို ဆောင်ရွက် သွားပါမယ်”ဟု ရန်ကုန် မြို့တော်ဝန် ဦးမောင်မောင်စိုးက ထပ်မံပြောသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံလုံးဆိုင်ရာ အတိုင်ပင်ခံကောင်စီညီလာခံသို့ မြန်မာသတင်းမီဒီယာအဖွဲ့များ တက်ရောက်သတင်းရယူ

**ပေကျင်း မတ် ၃**

(၁၃)ကြိမ်မြောက် တရုတ်ပြည်သူ့နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုညီလာခံ (The Second Session of the 13th National Committee of the Chinese People's Political Consultative Conference-CPPCC) ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက ပေကျင်းမြို့ရှိ မဟာပြည်သူ့ခန်းမ (Great Hall of People) ၌ ကျင်းပသည်။

**ကိုယ်စားလှယ် ၂၀၃၃ ဦး တက်ရောက်**

တရုတ်ပြည်သူ့နိုင်ငံရေးဆွေးနွေး ညှိနှိုင်းမှုညီလာခံ (CPPCC) ဥက္ကဋ္ဌ ဝမ်းယံနှင့် ဒုတိယဥက္ကဋ္ဌ စူဟွေ့တို့က လုပ်ငန်းအစီရင်ခံစာကို ညီလာခံ ကိုယ်စားလှယ်များအား အစီရင်ခံတင်ပြကြသည်။ အဆိုပါ ညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်၊ နိုင်ငံတော်အတိုင်ပင်ခံကောင်စီ ဒုတိယ ဥက္ကဋ္ဌ ကျန်းချင့်လီအပါအဝင် ဒုတိယ ဥက္ကဋ္ဌများ၊ အတိုင်ပင်ခံကောင်စီ အမြဲတမ်း အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ စုစုပေါင်း ၂၀၃၃ ဦး တက်ရောက်ကြသည်။

အဆိုပါ တရုတ်ပြည်သူ့နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုညီလာခံသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အလင်းသတင်းစာတိုက်၊ မြန်မာဒစ်ဂျစ်တယ်သတင်းဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီ ရုပ်မြင်သံကြား၊ ဒီလိုင်းဂျာနယ်၊ ပြည်ထောင်စုနေ့စဉ်၊ ဒီမိုကရေစီတူဒေးနှင့် MI ရေဒီယိုတို့မှ သတင်းမီဒီယာသမား ၁၂ ဦးတို့ တက်ရောက်သတင်းရယူကြသည်။

**သွားရောက်လေ့လာ**

ထို့ပြင် ယနေ့ နံနက်ပိုင်းက ပေကျင်းမြို့ အမျိုးသားပြတိုက်တွင် ကျင်းပသည့် ကြီးမားသော ပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်ဝါဒကျင့်သုံးမှု နှစ် (၄၀)ပြည့် အထိမ်းအမှတ်ပြပွဲသို့ မြန်မာသတင်း မီဒီယာအဖွဲ့ သွားရောက်လေ့လာခဲ့ကြသည်။ **(အပေါ်ပုံ)**

မြန်မာသတင်းမီဒီယာ အဖွဲ့သည် မတ် ၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ကြပြီး တရုတ်နိုင်ငံတွင် မတ် ၈ ရက်အထိ ပေကျင်း၊ ထျန်ကျင်း၊ ဖူကျိုးနှင့် ဖူချင်းမြို့တို့သို့ သွားရောက်၍ လေ့လာသတင်းရယူကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇင်ဦး၊ ဖြိုးစန္ဒာမြင့်**
**ဓာတ်ပုံ-သီဟစည်သူ**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ရွှေရတုတိပိဋကတံတား အမှတ် (၂၄) ဖွင့်ပွဲ ကျင်းပ ကျေးရွာ ၁၄ ရွာမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ သွားလာရေးအဆင်ပြေ

**မော်လမြိုင်ကျွန်း မတ် ၃**

မော်လမြိုင်ကျွန်းမြို့နယ် ကျေးရွာ ၁၄ ရွာ လမ်းပန်းဆက်သွယ်ရေး ပြည်သူ့အကျိုးပြု ရွှေရတုတိပိဋကတံတားအမှတ် ၂၄ စင်းမြောက် မြစ်ကူးတံတားသစ်ဖွင့်ပွဲကို **(အောက်ပုံ)** ယနေ့ နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် အောက်မအူတုံးမြစ်ကူး၊ ပုတီးရိုး-အောက်မအူတုံး ရွှေရတုတိပိဋက မြစ်ကူးတံတား အရှေ့ဘက်မျက်နှာစာထိပ်၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ရွှေရတုတိပိဋကရေမွဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာ ဘိဝံသ (မော်ကျွန်းဆရာတော်)၊ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဦးနေဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဌေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာ ၁၄ ရွာမှ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော် တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ရွှေရတုတိပိဋကရေမွဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)နှင့် မြစ်ကူးတံတား တည်ဆောက်ရေးကော်မတီဝင် ဦးသန်းအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရွှေရတုတိပိဋက မြစ်ကူးတံတားအား ဒေသခံ ဦးတင်အောင်သန်းနှင့် ဦးသန်းဦးတို့က ကြီးကြပ်ဆောက်လုပ်ခဲ့ပြီး တိပိဋကဆရာတော်မှ မတည်ငွေကျပ် ၄၈၅ သိန်းနှင့် ကျေးရွာ ပေါင်းစုံပါဝင်လှူဒါန်းငွေ စုစုပေါင်း ငွေကျပ်သိန်း ၈၆၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည် ၃၇၅ ပေ၊ တံတား အကျယ် ၁၁ ပေ၊ တံတားအမြင့် ရှစ်ပေရှိပြီး အဆိုပါ မြစ်ကူးတံတားသစ် တည်ဆောက်ပြီးစီးခဲ့သဖြင့် ကျေးရွာ ၁၄ ရွာမှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်လာမည့်အပြင် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်တို့ အောက်မအူတုံး အခြေခံပညာ အထက်တန်းကျောင်းသို့ သွားလာရေး အဆင်ပြေလွယ်ကူ သွားပြီဖြစ်ကြောင်း သိရသည်။ **မော်ကျွန်း-မြင့်အောင်**



## နေရပ်စွန့်ခွာသူများအတွက် စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်

**သီပေါ မတ် ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အရှေ့တောင်ဒေသနှင့် အနောက်မြောက်ခြမ်းဒေသတို့မှ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာသူများကို လူသားချင်းစာနာထောက်ထား၍ ကူညီထောက်ပံ့ရေးအဖွဲ့နှင့် တစ်ဦးချင်းစေတနာရှင်များ၊ အသင်းအဖွဲ့များက တတ်အားသရွေ့ ကူညီပံ့ပိုး ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

နေရပ်စွန့်ခွာသူများကို ခိုလှုံရေးစခန်း ခုနစ်ခုတို့၌ လာရောက်ခိုလှုံလျက်ရှိသူ ၁၆၆၁ ဦးရှိပြီး ၎င်းတို့စားဝတ်နေရေးအတွက် ဆန်၊ ဆီ၊ ဆားနှင့် ဟင်းချက်စရာများကို နယ်စည်းမခြား လူမှုကူညီရေးအသင်း၊ မြတ်မွန်စေတနာလူမှုကူညီရေးအသင်း၊ နောင်ချိုဖြူစင်မေတ္တာ လူမှုကူညီရေးအသင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ဦးဆောင်သောအဖွဲ့က လူမှုရေးရာကိစ္စရပ်များကို ယနေ့အထိ သဒ္ဓါတရား ထက်သန်စွာ ကူညီလှူဒါန်းလျက်ရှိကြသည်။ ထို့ပြင် နေရပ်စွန့်ခွာသူများ၏ ကျန်းမာရေးကိစ္စများကိုလည်း မြို့နယ်ကျန်းမာရေးဌာနက စခန်းအလိုက် ဆေးခန်းဖွင့်ကာ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိသည်။ အဆိုပါ နေရပ်စွန့်ခွာသူများသည် မန်လိခိုလှုံရေးစခန်း၌ ၇၈၀၊ တုံစင့်ကျေးရွာ၌ ၂၂၆ ဦး၊ ကျင်သီစခန်း၌ ၅၂ ဦး၊ ဘိုးတော်ကျောင်းစခန်း၌ ၃၁၄ ဦး၊ နားမခေါ်စခန်း၌ ၉၇ ဦးနှင့် တောင်မြို့ရပ်ခိုလှုံရေး စခန်း၌ ၁၉၂ ဦးတို့ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ နှစ် (၃၀) ပြည့် အခမ်းအနားကျင်းပ



**ရန်ကုန် မတ် ၃**

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ နှစ် (၃၀) ပြည့် အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပရာ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်အသင်းမှ နာယကကြီးများ၊ ဥက္ကဋ္ဌ ဦးမင်းဇော်၊ အမှုဆောင် အသင်းသားများဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များစုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းနာယကကြီးတစ်ဦးဖြစ်သော ဦးစဝ်ကိုင်ဖ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Ichiro MARUYAMA နှင့် အသင်းဥက္ကဋ္ဌ ဦးမင်းဇော်တို့က ဂုဏ်ပြုစကား ပြောကြားကြပြီး အသင်းနာယက တစ်ဦးဖြစ်သည့် ဒေါ်အေးအေးဝင်းက ကျေးဇူးတင်စကား ပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

**ရွှေအင်းသားခင်မောင်ဝင်း**

# အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တင်းနစ်ကစားနည်း ဆုတံဆိပ်များရရှိရန် ကြိုးပမ်းမည်

**ရန်ကုန် မတ် ၃**

အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ တင်းနစ်ကစားနည်းတွင် ဆုတံဆိပ်များ ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ယမန်နေ့က ကျင်းပသည့် ၂၀၁၉ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင်တင်းနစ်ကစားသမားဟောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းလွင်က ပြောသည်။



"နေရှင်နယ်ပြိုင်ပွဲမရှိတဲ့အတွက် မြန်မာပြည်မှာ လက်ရွေးစင်မရဘူး။ ဒါကြောင့် ဒီပြိုင်ပွဲကို ပြန်လည်ကျင်းပရတာဖြစ်တယ်။ ဒီ့အပြင် ဘားမားအိုးပင်း၊ Cp ဖလား၊ မြို့တော်ဝန်ဖလား ပြိုင်ပွဲတွေရှိသေးတယ်။ အဲဒီပြိုင်ပွဲက လက်ရည်ကောင်းတဲ့ကစားသမားတွေကို ဆီးဂိမ်းအတွက်ထပ်မံရွေးချယ်မယ်။ ရွေးချယ်ပြီးရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်မြို့မှာ တစ်လခွဲလောက် သွားရောက်ပူးတွဲလေ့ကျင့်မှုတွေ ပြုလုပ်မယ်။ ကျွန်တော်တို့ ခေတ်တုန်းက ကြိုးကြားကြိုးကြား ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်တွေ ရနေတာပဲ။ ကစားသမားက မပျက်ဘူး။ ဒီနောက်ပိုင်းမှာ တင်းနစ်မျိုးဆက်သစ်ပျက်သွားတယ်။ ဒါကြောင့် ဒီပြိုင်ပွဲမှာ ကလေးတန်းတွေကို ထည့်သွင်းကျင်းပရခြင်းဖြစ်ပါတယ်" ဟု ဥက္ကဋ္ဌ ဦးသန်းလွင်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သည် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် အားကစားသမားအမျိုးသား အမျိုးသမီး လေးဦးစီလျာထားကြောင်း သိရသည်။

အဆိုပါအမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အသက် ၁၆ နှစ်အောက်၊ အသက် ၁၄ နှစ်အောက် တစ်ဦးချင်း၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲ၊ အသက် ၄၅ နှစ်နှင့် အထက်ပြိုင်ပွဲများကို နေ့စဉ်နံနက်တစ်ကြိမ် ညနေတစ်ကြိမ် မတ် ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးကေလင်း**

**အသက် ၁၆ နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။** ဓာတ်ပုံ-ဗလစိုး

# ဗျစ်ရည်ဆိုင်စောင့်တဲ့ဘီလူး ရုပ်ရှင်ဇာတ်ကား မတ် ၈ ရက်၌ ရုံတင်မည်

**ရန်ကုန် မတ် ၃**

လာဗင်ဒါရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးတင်ဆက်သော ဗျစ်ရည်ဆိုင်စောင့်တဲ့ ဘီလူး ရုပ်ရှင်ဇာတ်ကားကြီးကို မတ် ၈ ရက်မှစ၍ ရုံတင်ပြသတော့မည် ဖြစ်သည်။

**သရုပ်ဆောင်များစွာဖြင့် ရိုက်ကူး**

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးတွင် အဓိကသရုပ်ဆောင်များအဖြစ် လူမင်း၊ ထွန်းထွန်း၊ ခင်လှိုင်၊ အိချောပို၊ နန်းမြတ်ဖြိုးသင်း၊ မေပန်းချီတို့အပြင် နေဆန်း၊ အောင်ခိုင်၊ ဆင်မ၊ ကေညီ၊ ဘင်း၊ ကျော်ဇင်ထွဋ်၊ ကြယ်သီး၊ ချမ်းသာ၊ ဝေလု၊ ဟိန်းဇေ၊ အိုကေ၊ စိုပြေ၊ အောင်တိုး၊ သိန်းဇံ၊ မျိုးမျိုးခိုင်၊ အိအိတုန် စသည့် သရုပ်ဆောင်များစွာဖြင့် ရိုက်ကူးထားကြောင်းသိရသည်။



ဒါရိုက်တာ ဩရသ

**မေတ္တာဘွဲ့ ဟာသဇာတ်လမ်း**

ဗျစ်ရည်ဆိုင်စောင့်တဲ့ဘီလူးရုပ်ရှင်ဇာတ်ကားကြီးမှာ မေတ္တာဘွဲ့ ဟာသဇာတ်လမ်းအမျိုးအစားဖြစ်ပြီး လူရှိန်အောင်၏ ဇာတ်လမ်းကို နေစိုးသော် ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ဩရသက ရိုက်ကူးထားခြင်းဖြစ်သည်။

မိသားစုအတွက် အနစ်နာခံတတ်သောအစ်ကိုကြီးတစ်ယောက်၏ မေတ္တာတရားကို လေးစားဖွယ်ဖော်ကျူးရန်၊ မိန်းမလျာ၊ ယောကျ်ားလျာဆိုသူတို့မှာ စိတ်ကိုလှည့်ဖြားသော သဘောသာဖြစ်၍ အမှန်စစ်စစ်သဘာဝကို မလွန်ဆန်နိုင်ကြောင်း ပညာပေးရန်၊ အယူအဆအစွဲအလမ်းတို့ကို အစွန်းရောက်ယုံကြည်မှုမထားဘဲ အတွေးအခေါ် အသိဉာဏ်ဖြင့် ဆင်ခြင်ထွင်းဖောက် အမြင်မှန်ရောက်ကြစေရန်နှင့် စစ်မှန်သောမေတ္တာတရားတို့၏ အဆုံးသတ်၌ လှပပြီးပျော်ရွှင်ချမ်းမြေ့ဖွယ်ရာသာဖြစ်ရကြောင်း ရုပ်ရှင်ကြည့်ပရိသတ်အားတင်ပြရန် ရည်ရွယ်ထားကြောင်းသိရသည်။




"အဓိကကတော့ ဟာသပါပဲ။ အဲဒီမှာ အစ်ကိုကြီးက ညီတွေအပေါ်မှာ အနစ်နာခံပြီး ကျောင်းထားပေးပြီးတော့ နိုင်ငံခြားပို့ပြီးတော့ ဒီမှာ ဒုက္ခ၊ သုက္ခတွေနဲ့ ဘဝကို ဖြတ်သန်းနေတာကို ဟာသအနေနဲ့ တင်ပြထားတာပါ" ဟု ဒါရိုက်တာ ဩရသက ပြောသည်။

ရင်ဘတ်တွင် ဘီလူးရုပ်ထိုး၍ ရုပ်ကွက်အရက်ဆိုင်တွင် လူမိုက်ပုံစံဖြင့် လုံခြုံရေးတာဝန်ယူထားသော လူမင်းက ညီငယ်နှစ်ဦး၏ အစ်ကိုကြီး တာနောအဖြစ် သရုပ်ဆောင်ထားပြီး ဇာတ်လမ်းတွင် ရပ်ကွက်ထဲ၌ ထမင်းဆိုင်ဖွင့်လှစ်ရောင်းချနေသူလေးအဖြစ် သရုပ်ဆောင် အိချောပိုကို တွေ့မြင်ရမည်ဖြစ်သည်။ ဟာသဇာတ်ကွက်များတွင် ပိုင်နိုင်စွာ သရုပ်ဆောင်လေ့ရှိသူ ကိုခင်လှိုင်ကို အိချောပို၏ အစ်ကို ဆိုက်ကားဆရာအဖြစ် မြင်တွေ့ကြရမည်ဖြစ်သည်။

**ထင်ပေါ်ဝင်း**

# မြန်မာနှင့် ဂျပန် ယူ-၁၉ အမျိုးသမီးအသင်း သရေကျ

**တိုကျို မတ် ၃**

၂၀၁၉ ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းက ဂျပန်နိုင်ငံ၌ ကျင်းပရာ မြန်မာနှင့် ဂျပန် ယူ-၁၉ အမျိုးသမီးအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

အဖွင့်ပွဲတွင် ဗီယက်နမ်အသင်းကို ဂိုးမရှိသရေကျထားသည့် မြန်မာအသင်းသည် ယခုပွဲတွင်လည်း အိမ်ရှင်ဂျပန်အသင်းကို ထပ်မံသရေကစားနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ပထမပိုင်းတွင် ဂျပန်အသင်း၏ ဦးဆောင်ဂိုးကြောင့် နောက်မှလိုက်ကစားခဲ့ရသည်။ အုပ်စုပွဲများကို ရက်ဆက်ကစားနေရသောကြောင့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ၄၆ မိနစ်တွင် လူစားဝင်ကစားသမား စန်းသော်သော်က ချေပဂိုးပြန်သွင်းခဲ့သည်။ ဂျပန်အသင်းသည် ပထမပွဲတွင် ထိုင်းအသင်းကို လေးဂိုးပြတ်အနိုင်ရထားပြီး မြန်မာအသင်းနှင့်ပွဲတွင် သရေသာကစားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် အုပ်စုတတိယပွဲအဖြစ် မတ် ၄ ရက် **(ယနေ့)** နံနက်ပိုင်းတွင် ဂျပန်ကလပ် အိုကီနာဝါ ယူ-၁၉ အသင်းနှင့်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# နွေရာသီအခြေခံနှင့်အဆင့်မြင့် ကျွမ်းဘားအားကစားသင်တန်းဖွင့်

**ရန်ကုန် မတ် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံနှင့် အဆင့်မြင့်ကျွမ်းဘား အားကစားသင်တန်းဖွင့်ပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ ကျွမ်းဘားလေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီးများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဒင်၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကောင်းဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းသန်းနှင့် အမှုဆောင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ ကျွမ်းဘားအားကစားသမားများက မြေပြင်၊ အမြင့်ခုန်ဘား၊ ချိန်ခွင်ဘား၊ နှစ်တန်းဘား၊ သံကွင်းဘား၊ စုပေါင်းကျွမ်းဘားနှင့် စုပေါင်းစွမ်းရည် အကသရုပ်ပြသခဲ့မှုများကို ကြည့်ရှုအားပေးကြသည်။

"ကျွန်တော်တို့ နွေရာသီသင်တန်းကတစ်ဆင့် အလားအလာရှိတဲ့ အားကစားသမားတွေကို စုစည်းလေ့ကျင့်ပေးသွားမယ်။ ဒါမှ မျိုးဆက်သစ်အားကစားသမားတွေ စဉ်ဆက်မပြတ်ပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ဆောင်မယ့်လက်ရွေးစင်တွေ ဖြစ်လာမယ်။ ဒါကြောင့် ကျွမ်းဘားအားကစားနည်းကို စနစ်တကျရှိစေဖို့ နည်းပြဆရာ ဆရာမတွေက သင်ကြားပြသသွားမှာ ဖြစ်ပါတယ်" ဟု အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကောင်းဇော်က ပြောသည်။

အဆိုပါနွေရာသီအခြေခံကျွမ်းဘား အခြေခံသင်တန်းကို မတ် ၁ ရက်မှ ဧပြီ ၁၀ ရက်အထိ လည်းကောင်း၊ အဆင့်မြင့် သင်တန်းကို ဧပြီ ၂၂ ရက်မှ မေ ၃၀ ရက်အထိ လည်းကောင်း သင်တန်းသား သင်တန်းသူ ၁၅၀ ဦးကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပိတ်ရက်မရှိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဗလစိုး**

*ကျောဖုံးမှ* ◆

ဝေသာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ပွဲစဉ် (၄) အပြီး ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရခိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရခိုင်အသင်းအတွက် ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ရခြင်းဖြစ်ပြီး ရန်ကုန်အသင်းမှာမူ နိုင်ပွဲကြောင့် အမှတ်ပေးဇယားကို ယာယီဦးဆောင်နိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၆၅ မိနစ်တွင် မောင်မောင်လွင်က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက Chinland အသင်းကိုသုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ဂိုးပြတ်အနိုင်ရလဒ်အတွက် ကျေနပ်စရာကောင်းသလို ယခုရာသီတွင် ပေးဂိုးမရှိဘဲ ပထမဆုံးအနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၂ မိနစ်တွင် မေကွန်၊ ၅၁ မိနစ်တွင် ဇင်မင်းထွန်း၊ ၅၇ မိနစ်တွင် ဆွမ်လမန်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၅) နောက်ဆုံးနေ့ကို မတ် ၄ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် မုံရွာကွင်း၌ ကျင်းပမည်ဖြစ်ပြီး စစ်ကိုင်းအသင်းနှင့် ဇွဲကပင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ငဖဲမြို့နယ်နှင့် မောင်တောမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃**

ငဖဲမြို့နယ် ပဒါန်းပျဉ်းဝပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယာဉ်တစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သိန်းကျော်နှင့် မောင်တောမြို့နယ် ဝေသာလီကျေးရွာ မောင်တော- အငူမော်သွား ကားလမ်းဘေး၌ ရပ်တန့်ထားသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၇ ဒသမ ၇၅ သိန်းတို့ကို ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု(၁၅)မကွေးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂ ရက်ညပိုင်းက ငဖဲမြို့နယ် ပျဉ်းဝကျေးရွာရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေးစခန်းတွင် သိန်းကျော် မောင်းနှင်ပြီး ကျော်မင်းဦး(ခ) ကိုကျော်ကြီးနှင့် အောင်စိန်တို့ လိုက်ပါလာသည့် ဒိုင်နာအမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သိန်းကျော်၊ ငွေကျပ် ၉၁၈၉၀၀၀ နှင့် လက်ကိုင်ဖုန်း ငါးလုံးကို ဖမ်းဆီးရမိသည်။

ထို့အတူ ယင်းနေ့ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ မောင်တောမြို့နယ် ဝေသာလီကျေးရွာ မောင်တော- အငူမော်သွားကားလမ်းဘေး၌ ရပ်ထားသည့် ဟီးနိုးအမျိုးအစားမော်တော်ယာဉ်အနီးသို့ ဆိုင်ကယ်ဖြင့် ရောက်ရှိလာသည့် မြင့်စိုးအားစစ်ဆေးရန် ရပ်တန့်စဉ် ၎င်းမှာ ထွက်ပြေးသွားသဖြင့်ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၇ ဒသမ ၇၅ သိန်းကို သိမ်းဆည်းရမိ ခဲ့ပြီး ပူးပေါင်းအဖွဲ့ဖြင့်ရှာဖွေခဲ့ရာ မြင့်စိုး အား မောင်တောမြို့၌ ဖမ်းဆီးရမိသည်။



မြင့်စိုးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပြည်မြို့ရှိ ရောဝတီမြစ်ကမ်းစပ်တွင် သေဆုံးနေသည့်ရုပ်အလောင်းတွေ့ရှိ

**ပန်းတောင်း မတ် ၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရွှေဘုံသာကျေးရွာအုပ်စု ရောဝတီမြစ်တစ်ဖက်ကမ်း ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက် ကမ်းနားလမ်း ဗောတံတားအနီး ရောဝတီမြစ်ကမ်းစပ်တွင် စကောဘာချွန်တန်းလန်းနှင့် သေဆုံးနေသည့် ရုပ်အလောင်းအား မတ် ၂ ရက်က တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂ ရက်မွန်းလွဲ ၂ နာရီခွဲခန့်က ရောဝတီမြစ်ကမ်းနံဘေးတွင် စကောဘာချွန်တန်းလန်းနှင့် သေဆုံးနေသူရုပ်အလောင်းအား တွေ့ရှိကြောင်းသတင်းပေးပို့ချက်အရ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သန်းဆင့်၊ ပန်းတောင်းမြို့နယ်မှ တာဝန်ရှိသူများသည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ အသက် (၂၅ နှစ်) ခန့်ရှိ အမျိုးသားတစ်ဦးအား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပန်းတောင်းမြို့မရဲစခန်းမှ အမှုရေးဖွင့်ပြီး အမှုစစ်စခန်းမှူး ဒုရဲမှူး အောင်အောင်က ပူးပေါင်းအဖွဲ့များဖြင့် စုံစမ်းစစ်ဆေးရာ သေဆုံးသူမှာ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျော်စွာမြို့မှ တပ်သားနေထက်လင်း ကပစ(၇) ဖြစ်ကြောင်း ဖော်ထုတ်ရရှိပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## မြန်မာ့ရုပ်မြင်သံကြား

၄-၃-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - MRTV Travelogue
၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၁၀ - BBC Click
၉း၄၀ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ “ Air and Terene” (Nigeria)
၁၀း၃၀ - ၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ (သင်္ချာဘာသာရပ်)
၁၁း၀၅ - “ ဂုဏ်ယူဝင့်ကြွားတို့လယ်သမား ” (စိုက်ပျိုးဖြစ်ထွန်းနေသော အာဟာရပြည့်ဝတဲ့ ဂျပန်ဆန်)
၁၁း၁၅ - လုံမမှတ်စု (၇၇)
၁၁း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “ကိုယ့်ဘဝရဲ့ လင်းရောင်ခြည်” (အပိုင်း-၃+၄)
၁၄း၀၀ - Tasty Trip

**ညပိုင်း**

၁၆း၂၅ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (အင်္ဂလိပ်စာဘာသာရပ်)
၁၇း၁၀ - This Week's Special Interest
၁၇း၄၀ - Yes or No Talk Show
၁၈း၃၀ - ဥပဒေရေးရာအဖြာဖြာ
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၈၈)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - “မြန်မာနိုင်ငံ တောင်ဘက်စွန်းမှ ပင်လယ်ပျော်များဆီ”
- နိုင်ငံခြားဇာတ်လမ်းတွဲ “ရောင်စဉ်ဖြာသောအချစ်” (အပိုင်း-၇)

# ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ပစ္စည်းများတွေ့ရှိ

**နေပြည်တော် မတ် ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာမတ် ၂ ရက်၌ ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခြောက်ဘီးယာဉ် နှစ်စီးနှင့် ယာဉ်ငယ်သုံးစီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများ၊ အဝတ်အထည်များနှင့် စီးကရက်များ၊ စုစုပေါင်းခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၉၀၇ သန်းအားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်သာယာမြို့မရဲစခန်းတွင် အမှုဖြင့်အရေးယူထားသူအား စစ်ဆေးရာ ခါးပိုက်နှိုက်မှုများ ဖော်ထုတ်နိုင်ခဲ့

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များက လှိုင်သာယာမြို့မရဲစခန်း (ပ)၄၉၃/၂၀၁၉ ရာဇသတ်ကြီးပုဒ်မ -၃၂၆/၁၁၄ အမှုမှ မျိုးသန်းထွေး(ခ)တွတ်ပီသည် ခါးပိုက်နှိုက်မှုများ ကျူးလွန်ထားကြောင်း သတင်းရရှိသဖြင့် စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်သူ သူရဦး(ခ)သူရကို ထပ်မံဖမ်းဆီးရမိသည်။



ပြစ်မှုကျူးလွန်သူ မျိုးသန်းထွေး(ခ)တွတ်ပီနှင့် သူရဦး(ခ)သူရတို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

၎င်းတို့နှစ်ဦးအား တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် စုစုပေါင်း ဖုန်း ၁၅ လုံးတို့အား ခါးပိုက်နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ သက်သေခံဖုန်းများကို ပြန်လည်သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူ မျိုးသန်းထွေး(ခ) တွတ်ပီနှင့် သူရဦး(ခ) သူရတို့အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကာ သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့မရဲစခန်းအသီးသီးသို့ သွားရောက်စုံစမ်းနိုင်ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**

# လွိုင်ကော်မြို့၌ အရက်ကြောင်နေသူက အစ်မနှင့် တူအား ဓားဖြင့်ခုတ်သတ်

**လွိုင်ကော် မတ် ၃**

ကယားပြည်နယ် လွိုင်ကော်မြို့ပန်းသီရိဒေါရပ်ကွက်၌ မတ် ၂ ရက်တွင် အရက်ကြောင်နေသူက အစ်မနှင့် တူဖြစ်သူအား ဓားဖြင့် ခုတ်သတ်မှုဖြစ်ပွားခဲ့ပြီး ပြစ်မှုကျူးလွန်သူကို အချိန်တိုအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂ ရက်နံနက် ၁၀ နာရီခွဲခန့်က တရားလိုဖြစ်သူ မမေရီဦးက နေအိမ်အပြင်မှအဒေါ်ဖြစ်သူ၏ အော်သံကြား၍ခြံပြင်သို့ထွက်ကြည့်ခဲ့ရာ မိခင်နှင့် မောင်တော်စပ်သူတို့မှာ လမ်းဆုံတွင် လဲကျနေသည်ကိုတွေ့ရှိရပြီး ဦးလေးတော်စပ်သူ နားကီး(ခ)ကစ္စတားက အရက်ကြောင်၍ ဓားရှည်ဖြင့်ခုတ်၍ ဒဏ်ရာများရရှိကာ လဲကျသွားပြီး ပြစ်မှုကျူးလွန်သူမှာ ထွက်ပြေးသွားကြောင်း သိရသည်။

ထို့နောက် သတင်းအရ လွိုင်ကော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် လွိုင်ကော်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဒဏ်ရာရရှိသူ ဒေါ်ဂျွန်ဘယ်ရီ(၄၈ နှစ်)နှင့် မောင်ထက်ညီညီခိုင်သုံးနှစ်ခွဲတို့ကို ရဲဆေးစာဖြင့် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ရာ ရရှိသောဒဏ်ရာများကြောင့် နှစ်ဦးစလုံးသေဆုံးသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လွိုင်ကော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် လွိုင်ကော်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူကို စုံစမ်းဖမ်းဆီးရမိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ ဒီးမော့ဆိုမြို့နယ်သို့ ရောက်ရှိနေကြောင်း သိရ၍ ဒီးမော့ဆိုမြို့မရဲစခန်းက ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်ဖမ်းဆီးရာ အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့သောကြောင့် နားကီး(ခ)ကစ္စတားအား လွိုင်ကော်မြို့မရဲစခန်းက အမှုဖွင့် တရားစွဲဆိုထားကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# ဥတ္တရသီရိမြို့နယ်တွင် ယာဉ်တစ်စီး ဓာတ်တိုင်ကို ဝင်တိုက်

**နေပြည်တော် မတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် နန့်ချွန်ကျေးရွာအနီးတွင် ယမန်နေ့က ဟိုင်းဂျက်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်ကို ဝင်ရောက်တိုက်မိပြီး ယာဉ်မောင်းနှင့် ယာဉ်ပေါ်လိုက်ပါလာသူ ခုနစ်ဦးအနက် သုံးဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် လွှတ်တော်ဘက်မှ ဝဏ္ဏသိဒ္ဓိအဝိုင်းဘက်သို့ ယာဉ်မောင်း ဦးစိုးမြင့် (၅၄ နှစ်) ပဲခူးမြို့ သာယာအေးကျေးရွာတွင် နေထိုင်သူ မောင်းနှင်လာသော BGO 7M/----- ယာဉ်သည် ဥတ္တရသီရိမြို့နယ် နန့်ချွန်ကျေးရွာ ငလိုက်ချောင်းတံတားအနီးတွင် အရှိန်မထိန်းနိုင်ဘဲ ပလက်ဖောင်းပေါ်သို့တက်၍ အနီးရှိ ဓာတ်တိုင်ကို ဝင်တိုက်ခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း ဦးစိုးမြင့်မှာ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့မှာ ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

# ထီးချိုင့်မြို့တွင် လိုင်စင်မဲ့ယာဉ်ပေါ်မှ တရားမဝင်သစ်ခွဲသားများ ဖမ်းမိ

**ကသာ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့အဝင် မောင်းတံဂိတ်နေရာမှ တရားမဝင်တမလန်းခွဲသားများ တင်ဆောင်လာသော လိုင်စင်မဲ့ယာဉ်တစ်စီးဖမ်းမိကြောင်း သိရသည်။

ဖြစ်စဉ်မှာမတ် ၂ ရက်ည ၁၁ နာရီ ၁၅ မိနစ်ခန့်က ထီးချိုင့်မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးစိုးမင်းအောင် ဦးစီးသောအဖွဲ့ ၊ နယ်မြေခံရဲတပ်ဖွဲ့တို့ ပူးပေါင်းအဖွဲ့သည် ထီးချိုင့်မြို့အဝင်မောင်းတံဂိတ်၌ သတင်းအရစောင့်ဆိုင်းနေစဉ် ဇင်ဝင်းမောင်းနှင်ပြီး မင်းမင်းဦးလိုက်ပါလာသော 5F/----ယာဉ်ကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သော အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ အဆိုပါယာဉ်ပေါ်မှ တရားမဝင်တမလန်းခွဲသား ငါးချောင်းကိုပါ ရှာဖွေတွေ့ရှိရသည်။

တရားမဝင်တမလန်းခွဲသားများ သယ်ဆောင်လာသူ ကသာမြို့ အမှတ် ၉ ရပ်၊ အပိုင်း ၄ နေ ဇင်ဝင်းနှင့် အင်းတော်မြို့နယ် သာယာကုန်းကျေးရွာနေ မင်းမင်းဦးတို့နှစ်ဦးကို ထီးချိုင့်မြို့မရဲစခန်းက ဥပဒေအရအရေးယူဆောင်ရွက်ထားကြောင်း မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးမင်းအောင်ထံက သိရသည်။

**လူအောင်(ကသာ)**

# နမ့်ခမ်းမြို့နယ်၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် မတ် ၃**

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် ပန်းဆေးကျေးရွာအနီး၌ မတ် ၂ ရက် မွန်းလွဲပိုင်းက အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း တစ်ဧကခန့်အား ပန်းဆေးနယ်မြေရဲစခန်းမှ ရဲအုပ်ဝင်းမြင့် ဦးစီးပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# အိန္ဒိယလေယာဉ်မှူးကို ပြန်လွှတ်ပေးပြီးသော်လည်း နှစ်နိုင်ငံအကြား တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေ

**နယူးဒေလီ မတ် ၃**

ပါကစ္စတန်ဘက်မှ ဖမ်းဆီးခဲ့သည့် အိန္ဒိယလေယာဉ်မှူးကို သောကြာနေ့တွင် ပြန်လွှတ်ပေးလိုက်ပြီဖြစ်သော်လည်း အိန္ဒိယနှင့် ပါကစ္စတန်အကြား စစ်ရေးတင်းမာမှုအခြေအနေများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။

ယခုရက်သတ္တပတ်အစောပိုင်းက ကက်ရှ်မီးယားဒေသအတွင်းရှိ နယ်စပ်မျဉ်းကို ဖြတ်ကျော်ကာ အိန္ဒိယလေယာဉ်မှူး မောင်းနှင်လာသည့် ဂျက်လေယာဉ်ကို ပါကစ္စတန်တပ်ဖွဲ့ဝင်များက ပစ်ချခဲ့ပြီးနောက် လေယာဉ်မှူးအား ဖမ်းဆီးခဲ့သည်။ အိန္ဒိယလေယာဉ်မှူးအား ပြန်လွှတ်ပေးလိုက်သည့် အချိန်မှာပင် အိန္ဒိယနှင့်ပါကစ္စတန်တို့သည် ကက်ရှ်မီးယားဒေသ၌ တစ်ဖက်နှင့်တစ်ဖက် လက်နက်ကြီးများဖြင့် စတင်ပစ်ခတ်ခဲ့ကြသည်။

### အိန္ဒိယက ကက်ရှ်မီးယားရှိ တပ်ဖွဲ့ဝင်အရေအတွက် တိုးမြှင့်

ပါကစ္စတန်အစိုးရက ၎င်းတို့ထိန်းချုပ်သည့် ဧရိယာအတွင်း၌ လူငါးဦး သေဆုံးခဲ့သည်ဟု ပြောကြားပြီး အိန္ဒိယ အစိုးရဘက်ကမူ ၎င်းတို့ထိန်းချုပ်ထားသည့် ဧရိယာအတွင်း သုံးဦးအသတ်ခံရသည်ဟု ဆိုထားသည်။ အိန္ဒိယတပ်မတော်သည် ကက်ရှ်မီးယားရှိ တပ်ဖွဲ့ဝင်အရေအတွက်ကို တိုးမြှင့်လိုက်သကဲ့သို့ ပါကစ္စတန်တပ်ဖွဲ့ဝင်များကလည်း နယ်စပ်အနီး ဆိုင်ရယ်လ်ကော့တ် မြို့အနီးတစ်ဝိုက်တွင် ချထားသည့် တပ်ဖွဲ့ဝင်အရေအတွက်ကို တိုးမြှင့်ခဲ့သည်။

### ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်

ပြီးခဲ့သည့်လအတွင်းက ကက်ရှ်မီးယားဒေသအတွင်း၌ အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင် ၄၀ ကျော် အသေခံဗုံးခွဲတိုက်ခိုက်မှုအတွင်း သေဆုံးသွားခဲ့သည်။ တိုက်ခိုက်မှုကို ပါကစ္စတန်ရှိ အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုက လုပ်ဆောင်ခဲ့သည်ဟု သိရသည်။ အမေရိကန်နှင့် အခြားနိုင်ငံများက အိန္ဒိယနှင့် ပါကစ္စတန်တို့ကို စစ်ရေးအရ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရန် တိုက်တွန်းခဲ့ကြသည်။

ပါကစ္စတန်ဘက်မှ ဆွေးနွေးပွဲများ ပြုလုပ်ရန် ကမ်းလှမ်းခဲ့သော်လည်း အိန္ဒိယက ငြင်းဆန်လိုက်ပြီး ပါကစ္စတန်ရှိ အစွန်းရောက်အဖွဲ့က ခြေကုပ်ယူထားသည့်နေရာများကို တိုက်ခိုက်ရန်ခြိမ်းခြောက်လျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



ပြန်လည်လွတ်မြောက်လာသည့် အိန္ဒိယ လေယာဉ်မှူး

# ဟွာဝေးအမှုဆောင်ချုပ်အား လွှဲပြောင်းရန် ကြားနာစစ်ဆေးမှုကို တရုတ်နိုင်ငံက ကန့်ကွက်

**ပေကျင်း မတ် ၃**

တရုတ်နည်းပညာလုပ်ငန်းစုဖြစ်သည့် ဟွာဝေးနည်းပညာကုမ္ပဏီ၏ ဘဏ္ဍာရေးအမှုဆောင်ချုပ် မန်ဝမ်ကျိုးအား လွှဲပြောင်းရန်နှင့်ပတ်သက်၍ ကြားနာစစ်ဆေးခွင့်ပြုလိုက်သည့်အတွက် ကနေဒါ တရားရေးဌာနကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ရှုတ်ချလိုက်ကြောင်း သိရသည်။



ဟွာဝေးအမှုဆောင်ချုပ် မန်ဝမ်ကျိူ့

ဟွာဝေးကုမ္ပဏီတည်ထောင်သူ၏ သမီးဖြစ်သည့် ဘဏ္ဍာရေးအမှုဆောင်ချုပ် မန်ဝမ်ကျိူ့အား အမေရိကန်အာဏာပိုင်များ၏ မေတ္တာရပ်ခံချက်အရ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ဗန်ကူဗာ၌ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထို့နောက်တွင် အမေရိကန် တရားရေးဌာနက မန်နှင့် ဟွာဝေးကုမ္ပဏီကို အီရန်အပေါ်ချမှတ်ထားသည့် အမေရိကန်၏ ပိတ်ဆို့မှုများကို ချိုးဖောက်ရန် ပူးပေါင်းကြံစည်ခဲ့မှုဖြင့် တရားစွဲဆို ဆောင်ရွက်ခဲ့သည်။ ကနေဒါတရားရေးဌာနက ကြားနာစစ်ဆေးဆောင်ရွက်ရန် အမိန့်တစ်ရပ်ကို ထုတ်ပြန်လိုက်ပြီး မန်အား လွှဲပြောင်းပေးရေးဖြစ်စဉ်ကို စတင်လုပ်ဆောင်နေကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး လူကန်က ယင်းသို့လုပ်ဆောင်မှုအပေါ် ပြစ်တင်ဝေဖန်သည့် ဖော်ပြချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး ယင်းလုပ်ရပ်မှာ တရုတ်နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ချိုးဖောက်လိုက်ခြင်းဖြစ်ပြီး နိုင်ငံရေးအရ ဆိုးရွားသည့် လုပ်ဆောင်မှုဖြစ်ကြောင်း ဆိုထားသည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် ဖမ်းဝရမ်းနှင့် မန်အား လွှဲပြောင်းပေးရန် တောင်းဆိုမှုကို ချက်ချင်းရုပ်သိမ်းပေးရန် တရုတ်နိုင်ငံက အမေရိကန်သို့ တိုက်တွန်းလိုက်ကြောင်းသိရသည်။ **အင်န်အိတ်ချ်ကေ**



ကာ့ဒ်အုပ်စုဦးဆောင်သည့် ဆီးရီးယားဒီမိုကရက်တစ်အဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားသည့် ဆီးရီးယားနိုင်ငံသားအချို့ကို တွေ့ရစဉ်။

# အိုင်အက်စ်အဖွဲ့နှင့်ဆက်နွှယ်သည့် ဆီးရီးယားနိုင်ငံသားသုံးရာနီးပါးကို ဆီးရီးယားရှိကာ့ဒ်အဖွဲ့ လွှတ်ပေး

ဒမတ်စကတ် မတ် ၃

**အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအဖွဲ့နှင့် သက်ဆိုင်သည်ဟု ယူဆရသည့် ဆီးရီးယားနိုင်ငံသား ၃၀၀ နီးပါးကို ဆီးရီးယားရှိ ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့က လွှတ်ပေးလိုက်ကြောင်း သိရသည်။ ၎င်းတို့လက်တွင် သွေးများစွန်းထင်းမှုမရှိသည့်အတွက် အပြစ်မရှိသောကြောင့် လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့ အာဏာပိုင်များက ပြောကြားလိုက်ကြောင်း သိရသည်။**

ဆီးရီးယားမြောက်ပိုင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာ့ဒ်အုပ်ချုပ်ရေးအဖွဲ့က ဆီးရီးယားနိုင်ငံသားများအား လွှတ်ပေးလိုက်ကြောင်းကို စနေနေ့ နှောင်းပိုင်းက ကြေညာခဲ့ပြီး ယင်းဖော်ပြချက်တွင် ဆီးရီးယားနိုင်ငံသား ၂၈၃ ဦးကို လွတ်မြောက်ခွင့်ပေးလိုက်သည်ဟု ဆိုထားသည်။

ဖမ်းဆီးထားသည့် ဆီးရီးယားနိုင်ငံသားများ လွတ်မြောက်ရေးအတွက် မျိုးနွယ်စုအကြီးအကဲများနှင့် အခြားသော ဒေသဆိုင်ရာအာဏာပိုင်များက စည်းရုံးပြောဆိုမှုများ လုပ်ဆောင်ခဲ့သည်။

ဖော်ပြချက်တွင် ၎င်းတို့သည် ဆီးရီးယားနိုင်ငံသားများ၏ သွေးများစွန်းထင်းခြင်းမရှိသည့် အမျိုးသားများဖြစ်ပြီး မည်သည့်တိုက်ခိုက်သတ်ဖြတ်မှုတွင်မျှ ပါဝင်ခဲ့ခြင်းမရှိကြောင်း ဖော်ပြထားသည်။ ၎င်းတို့အား လွှတ်ပေးလိုက်ခြင်းသည် ပူးပေါင်းဆောင်ရွက်ရာရောက်ပြီး သက်ညှာမှုရှိသည့် အပြုအမူတစ်ခုဖြစ်ကြောင်း ကာ့ဒ်အဖွဲ့ဦးဆောင်သည့် ဆီးရီးယား ဒီမိုကရက်တစ် အဖွဲ့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ရက်ကွာမြို့အပါအဝင် ကာ့ဒ်အုပ်စုများ ထိန်းချုပ်ထားသည့် ဆီးရီးယားမြောက်ပိုင်းရှိ ဧရိယာအချို့တွင် အကျဉ်းသားများကို လွှတ်ပေးခဲ့သည်။ ဗြိတိန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုအဖွဲ့က ယခုကဲ့သို့လွှတ်ပေးခြင်းသည် ကာ့ဒ်အဖွဲ့ အာဏာပိုင်များအနေဖြင့် အိုင်အက်စ်အဖွဲ့နှင့်ဆက်နွှယ်နေသည့် အကျဉ်းသားများအား ပထမဆုံးအကြိမ်လွှတ်ပေးခြင်း မဟုတ်ကြောင်း၊ သို့သော်လည်း ယခု လွှတ်ပေးလိုက်သည့် အရေအတွက် ပမာဏမှာ အတော်လေးများပြားကြောင်း ပြောကြားခဲ့သည်။

ဆီးရီးယား ဒီမိုကရက်တစ်အဖွဲ့သည် ပြည်ပမှ ဂျီဟတ်စစ်သွေးကြွ အမြောက်အမြားကို ဖမ်းဆီးထားပြီး အိုင်အက်စ်အဖွဲ့ဝင်များနှင့် ဆက်နွှယ်နေသည့် အမျိုးသမီးများနှင့် ကလေးငယ်များလည်း ပါဝင်သည်။ ကာ့ဒ်အဖွဲ့သည် ဆီးရီးယားရှိ အိုင်အက်စ်တို့ကို တိုက်ခိုက်ချေမှုန်းရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်လျက် ရှိသည်။ **အေအက်ဖ်ပီ**

# လက်ဘနွန်၌ ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုကို ပိတ်ပင်သည့် ဥပဒေပြဋ္ဌာန်းပေးရန် ဆန္ဒပြတောင်းဆို

**ဘေရွတ် မတ် ၃**

နိုင်ငံတကာ အမျိုးသမီးများနေ့ မတိုင်မီ လက်ဘနွန်ပြည်သူများသည် ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုကို ဆန့်ကျင်သည့်အနေဖြင့် ဘေရွတ်၌ ဆန္ဒဖော်ထုတ်မှု လုပ်ဆောင်ခဲ့ကြပြီး လက်ထပ်ထိမ်းမြားသည့် အသက်အရွယ်ကို အနည်းဆုံး ၁၈ နှစ်အဖြစ် သတ်မှတ်ရေး ဥပဒေပြဋ္ဌာန်းပေးရန် ပါလီမန်လွှတ်တော်ကို ဖိအားပေးလျက်ရှိကြောင်း သိရသည်။

မိုးများ သည်းထန်စွာ ရွာသွန်းနေသော်လည်း ရာနှင့်ချီသော ဆန္ဒပြပြည်သူများသည် လက်ဘနွန်၌ ကလေးသူငယ်ထိမ်းမြားလက်ထပ်မှုကို ကာကွယ်တားဆီးရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန်အတွက် စနေနေ့က Adlieh မှ ဘေရွတ်မြို့အစွန်အဖျားထိ ချီတက်စုဝေးခဲ့ကြသည်။

ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုကို တားဆီးသည့် ဥပဒေတစ်ရပ် အတည်ပြုရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းအချက်သည် အမျိုးသမီးများ၏အခွင့်အရေးတစ်ခု ဖြစ်ရုံသာမက လူ့အခွင့်အရေး တစ်ခုလည်းဖြစ်ကြောင်း ဆန္ဒပြအမျိုးသမီးတစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။




ဆန္ဒပြအမျိုးသမီးများကို တွေ့ရစဉ်။

စနေနေ့က ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲကို လက်ဘနွန် ဒီမိုကရက်တစ် အမျိုးသမီးများ စုဝေးမှုအဖွဲ့၊ ကလေးသူငယ်များ အရွယ်မရောက်မီ လက်ထပ်ထိမ်းမြားမှု ကာကွယ်တားဆီးရေးဆိုင်ရာ အမျိုးသားမဟာမိတ်အဖွဲ့နှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်း ၅၇ ခုတို့ အတူတကွ ပူးပေါင်းကာ စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

ဆန္ဒပြ ပြည်သူများသည် "အသက်ငယ်လေလေ၊ ပို၍အန္တရာယ်ကြီးလေလေ" ဟူသောစာတန်း အမှတ်အသားများပါသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ထားပြီး ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုကို ဆန့်ကျင်သည့် ဆောင်ပုဒ်များကို ကြွေးကြော်အော်ဟစ်ခဲ့ကြသည်။ လူထုစုဝေးမှုအတွင်း ပါဝင်ခဲ့သည့် ဥပဒေအမတ်တစ်ဦးဖြစ်သူ ဘီလယ်လ်အဘဒယ်လာက လက်ဘနွန်၌ ယင်းဥပဒေကို ပြဋ္ဌာန်းရန်မှာ မလွယ်ကူလှကြောင်း၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံသည် ဂိုဏ်းဂဏအစွဲကြီးမားပြီး ရှေးရိုးစွဲဆန်လွန်းကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အဆုံးသတ်ခြင်းက နျူကလီးယားလက်နက်ဖျက်သိမ်းရေးကို ဆောင်ကြဉ်းပေးနိုင်မလား

ကလျာမိုးမြင့်

**မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်ဖို့ သံတမန်နည်းအရ ကြိုးပမ်းတဲ့နေရာမှာ အထောက်အကူဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အမေရိကန်နဲ့ တောင်ကိုရီးယားတို့ဟာ နှစ်နိုင်ငံပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေတဲ့ အဓိက စစ်ရေးလေ့ကျင့်မှုတွေကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း တနင်္ဂနွေနေ့မှာ ကြေညာလိုက်ပါတယ်။**



တောင်ကိုရီးယားတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

**ဆက်ပြီးဆွေးနွေးဖို့ရှိ**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းတို့ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမှာ ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးပွဲမှာ ဘာသဘောတူညီချက်မှ မရလိုက်ဘဲ ပြီးဆုံးခဲ့ပြီးရက်ပိုင်းအတွင်း ဒီကြေညာချက်ထွက်ပေါ်လာတာ ဖြစ်ပါတယ်။ အစည်းအဝေးက ထင်ထားတာထက် စောစောပြီးသွားခဲ့ပေမယ့် နှစ်ဖက်ခေါင်းဆောင်တွေကတော့ ဆက်ပြီးဆွေးနွေးကြဦးမှာလို့ ပြောဆိုနေကြတုန်းပါပဲ။

**ကုန်ကျစရိတ်ကြီးမား**

တောင်ကိုရီးယားနိုင်ငံမှာ ချထားတဲ့အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ဟာ သုံးသောင်းနီးပါးရှိပြီး တောင်ကိုရီးယားတပ်ဖွဲ့ဝင်တွေ ထောင်ပေါင်းများစွာနဲ့ နှစ်စဉ်အတူ ပြုလုပ်နေတဲ့ စစ်ရေးလေ့ကျင့်မှုတွေက မြောက်ကိုရီးယားကို ဒေါသထွက်စေတဲ့ မူလအကြောင်းရင်းတစ်ခုပါ။ အမေရိကန်နဲ့ တောင်ကိုရီးယားရဲ့အဲဒီပူးတွဲစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားက အစမ်းသဘောကျူးကျော်ရန်စနေတဲ့ လှုပ်ရှားမှုတစ်ခုအနေနဲ့ ဝေဖန်ရှုတ်ချနေတာ ဖြစ်ပါတယ်။

တပ်ဖွဲ့ဝင်တွေကို တောင်ကိုရီးယားကနေ ရုပ်သိမ်းဖို့ ငြင်းပယ်တဲ့အချိန်မှာ ထရမ့် အကြိမ်ကြိမ်ပေးခဲ့တဲ့အကြောင်းပြချက်တစ်ခုကတော့ စစ်ရေးလေ့ကျင့်မှုအတွက် ကုန်ကျစရိတ်ဖြစ်ပြီး ဟနွိုင်းထိပ်သီးအစည်းအဝေးအပြီး လုပ်တဲ့သတင်းစာရှင်းလင်းပွဲမှာလည်း ကုန်ကျစရိတ်ဟာ တော်တော်လေးကို ကြီးမားတယ်လို့ ပြောခဲ့ပါတယ်။

**လေ့ကျင့်မှုအဆုံးသတ်ဖို့ဆုံးဖြတ်**

တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး Jeong Kye-ongdoo နဲ့ အမေရိကန်ကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်တို့ စနေနေ့က ဖုန်းနဲ့ ဆက်သွယ်စကားပြောခဲ့ကြချိန်မှာ နှစ်ဖက်စလုံးက စစ်ရေးလေ့ကျင့်မှုတွေကို အဆုံးသတ်လိုက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်လို့ ပင်တဂွန်ရဲ့ဖော်ပြချက်မှာ ပါရှိပါတယ်။ Foal Eagle လို့ အမည်ပေးထားတဲ့ လေ့ကျင့်မှုဟာ မဟာမိတ်နှစ်နိုင်ငံ ပူးတွဲလုပ်ဆောင်ခဲ့တဲ့ အကြီးဆုံးစစ်ရေးလေ့ကျင့်မှု ဖြစ်ပါတယ်။ အရင်လုပ်ခဲ့ဖူးတဲ့ အဲဒီစစ်ရေးလေ့ကျင့်မှုအတွင်းမှာဆိုရင် တောင်ကိုရီးယားတပ်ဖွဲ့ဝင် နှစ်သိန်းနဲ့ အမေရိကန်တပ်ဖွဲ့ဝင် သုံးသောင်းလောက်ကို သုံးခဲ့တာပါ။ နှစ်စဉ် မတ်လမှာ စတင်လေ့ရှိပြီး ၁၀ ရက်ခန့်ကြာမြင့်တဲ့ Key Resolve စစ်ရေးလေ့ကျင့်မှုနဲ့အတူ Foal Eagle လေ့ကျင့်မှုကို ပုံမှန်လုပ်နေကျ ဖြစ်ပါတယ်။

**စစ်ရေးတင်းမာမှုလျော့ကျဖို့**

စစ်ရေးလေ့ကျင့်မှုကို ရပ်လိုက်ဖို့ ဆုံးဖြတ်လိုက်တဲ့အကြောင်းကတော့ မြောက်ကိုရီးယားရဲ့ နျူကလီးယားလက်နက်ဖျက်သိမ်းရေးအတွက် သံတမန်နည်းအရ ကြိုးပမ်းနေတဲ့နေရာမှာ အထောက်အကူဖြစ်ဖို့ရယ်၊ မြောက်ကိုရီးယားနဲ့ စစ်ရေးအရ တင်းမာနေတာတွေ လျော့ပါးသွားဖို့ရယ်ဆိုပြီး ဒီလိုလုပ်ဖို့ဖြစ်လာတယ်လို့ တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့က ဖော်ပြခဲ့ပါတယ်။ ဒီတော့ ဝါရှင်တန်နဲ့ဆိုးလ်ဟာ အဲဒီလေ့ကျင့်မှုအစား မွမ်းမံလေ့ကျင့်မှုတွေကို တနင်္လာနေ့မှာ စတင်ဆောင်ရွက်သွားမှာဖြစ်ပြီး မတ်လ ၁၂ ရက်အထိ တောက်လျှောက်လုပ်သွားမယ်လို့ ပူးတွဲစစ်ရေးလေ့ကျင့်မှု ထုတ်ပြန်ချက်တစ်စောင် တနင်္ဂနွေနေ့မှာ ကြေညာခဲ့ပါတယ်။

ဒေါင်မန် သို့မဟုတ် Alliance လို့ အမည်ပေးထားတဲ့ ကိုးရက်ကြာ စစ်ရေးလေ့ကျင့်မှုဟာ Key Resolve လို ထိုးစစ်ဆင်တိုက်ခိုက်တဲ့ စစ်ရေးလေ့ကျင့်မှုပုံစံမျိုးထက် စစ်ချီစစ်တက် သေနင်္ဂဗျူဟာကို အဓိကထားတယ်လို့ အမည်မဖော်လိုသူ တောင်ကိုရီးယား အာဏာပိုင်တစ်ဦးက အေအက်ဖ်ပီကို ပြောခဲ့ပါတယ်။ စစ်ရေးလေ့ကျင့်မှုအသစ်မှာ အမေရိကန်နဲ့ တောင်ကိုရီးယားက တပ်ဖွဲ့ဝင်တွေ ဘယ်လောက်အရေအတွက်အထိ ပါဝင်လှုပ်ရှားသွားမယ်ဆိုတာနဲ့ ပတ်သက်လို့တော့ ဖော်ပြတာ မရှိပါဘူး။

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ပြောပြချက်အရ တောင်ကိုရီးယား နျူကလီးယားဆိုင်ရာ သံအဖွဲ့အကြီးအကဲ လီဒိုဟွန်းဟာ အမေရိကန်က လုပ်ဖော်ကိုင်ဖက် စတီဖင်ဘီဂမ်နဲ့ ဆွေးနွေးဖို့အတွက် ဝါရှင်တန်ကို အခုတစ်ပတ်အတွင်းမှာ ထွက်ခွာဦးမယ်လို့ ဆိုပါတယ်။ လီနဲ့ဘီဂမ်တို့ တွေ့ဆုံတဲ့အခါ ဟနွိုင်းမှာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက်ဖျက်သိမ်းရေးနဲ့ ပတ်သက်ပြီး ကင်နဲ့ထရမ့်တို့အကြား သဘောတူညီမှုတစ်ရပ်ကို မတည်ဆောက်နိုင်ခဲ့တာနဲ့ ပတ်သက်ပြီး ဆွေးနွေးကြမယ်လို့လည်း မျှော်လင့်ရပါတယ်။

**သတိပေးမှုတွေလည်းရှိ**

စစ်ရေးလေ့ကျင့်မှုကို ရပ်လိုက်ဖို့ ဆုံးဖြတ်ချက်အပေါ် ကန့်ကွက်တဲ့သူတွေကတော့ ဒီလိုဆုံးဖြတ်လိုက်တာက အမေရိကန်နဲ့ တောင်ကိုရီးယား ပူးပေါင်းတပ်ဖွဲ့ဝင်တွေရဲ့တိုက်ခိုက်ရေးအရ အသင့်ဖြစ်နေတဲ့ အနေအထားကို ထိခိုက်လာစေနိုင်ပြီး နှစ်ခြမ်းကွဲနေတဲ့ ကျွန်းဆွယ်ပေါ်မှာ မြောက်ကိုရီးယားကို မဟာဗျူဟာအရ အခွင့်အရေးတစ်ခု ပေးလိုက်သလိုမျိုး ဖြစ်သွားနိုင်တယ်လို့ သတိပေးသံတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ကျွမ်းကျင်သူအများစုကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်နေကြတာတွေဟာ ပုံကြီးချဲ့တာလို့ ဆိုပါတယ်။

အမေရိကန်နဲ့ တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှုကို အဆင့်လျှော့ချလိုက်တာ ဒါမှမဟုတ် ရပ်နားလိုက်တာက နှစ်ဖက်တပ်မတော်ရဲ့တိုက်ခိုက်ရေးဆိုင်ရာ အသင့်ပြင်ဆင်မှုကို ထိခိုက်ကောင်း ထိခိုက်စေနိုင်လိမ့်မယ်။ ဒါပေမယ့် ကျွန်ုပ်အနေနဲ့ကတော့ ဒါကတောင်ကိုရီးယားအတွက် လုံခြုံရေးဆိုင်ရာ ကြီးကြီးမားမား ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာစေလိမ့်မယ်လို့တော့ ကျွန်ုပ်မထင်မိဘူးလို့ မြောက်ကိုရီးယား လေ့လာမှုဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်းရဲ့ဥက္ကဋ္ဌ အန်ချန်အီလ်က ပြောပါတယ်။

ကိုရီးယားကျွန်းဆွယ်ပေါ်မှာ ကာလရှည်ကြာဖြစ်ပွားနေတဲ့ တင်းမာမှုတွေကို ပြီးဆုံးသွားစေချင်ပြီး မြောက်ကိုရီးယားက ၎င်းရဲ့နျူကလီးယား အစီအစဉ်ကို စွန့်လွှတ်ဖို့ အမေရိကန်က တွန်းအားပေးချင်နေပေမယ့် လတ်တလော ဖြစ်ပွားနေတဲ့ အမေရိကန်ရဲ့ အရေးယူပိတ်ဆို့မှုတွေ ဆက်ရှိနေတဲ့ အခြေအနေတွေကို ကြည့်မယ်ဆိုရင် မြောက်ကိုရီးယားဟာ အနာဂတ်ကာလမှာ ၎င်းရဲ့နျူကလီးယားလက်နက်တွေနဲ့ တစ်ခုခုလုပ်လာဖို့ဆိုတာက မဖြစ်နိုင်သလောက်ပါပဲလို့ ၎င်းက သုံးသပ်ပြောဆိုထားပါတယ်။

**ပင်တဂွန်ကို နှောင့်နှေးသွားစေမည်မဟုတ်**

ပြီးတော့လည်း စစ်ရေးလေ့ကျင့်မှုရပ်နားတာနဲ့ ပတ်သက်ပြီး နောက်ထပ်သုံးသပ်ပြောဆိုလာသူကတော့ စင်ကာပူမှာ ထရမ့်နဲ့ကင်တို့ ပထမအကြိမ် ထိပ်သီးအစည်းအဝေး ဖြစ်မြောက်အောင် စီစဉ်ရာမှာ အကူအညီပေးခဲ့တဲ့ တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့ အကြီးအကဲဟောင်း ဗင်းဆင့် ဘရွတ်ခ် ဖြစ်ပါတယ်။ ၎င်းက ပူးတွဲစစ်ရေး လေ့ကျင့်မှုကို ရပ်နားလိုက်တာက ကိုရီးယားကျွန်းဆွယ်အရေးမှာ ပင်တဂွန်ရဲ့ တိုက်ခိုက်ရေးဆိုင်ရာ အသင့်ဖြစ်နေတဲ့ အနေအထားကို နှောင့်နှေးသွားဖို့ မရှိဘူး။ ကျွန်ုပ်တို့ဟာ အခုအချိန်မှာ ခါးတွေကို ခါးအိမ်ထဲ ပြန်ထည့်ပြီး သိမ်းဆည်းလိုက်တဲ့ အခြေအနေမျိုးပဲဖြစ်ပြီး ဒါတွေကို ဘယ်လိုသုံးရမယ်ဆိုတာကို လုံးလုံးလျားလျား မေ့ဖျောက်လိုက်တာ မဟုတ်ဘူးလို့ ၎င်းကပြောပါတယ်။

**လျှော့ချမှုတွေလုပ်ခဲ့**

စင်ကာပူထိပ်သီးအစည်းအဝေးမှာကတည်းက အမေရိကန်နဲ့ တောင်ကိုရီးယားဟာ စစ်ရေးလေ့ကျင့်မှု အတော်များများကို လျှော့ချတာတွေ၊ တချို့တစ်ဝက်ကို ဖျက်သိမ်းတာတွေ လုပ်ခဲ့သလို အမေရိကန် ဗုံးကြဲလေယာဉ်တွေ တောင်ကိုရီးယား ကောင်းကင်ပေါ် ပျံသန်းတာတွေလည်း ထပ်မလုပ်တော့ပါဘူး။ ဒီနေရာမှာ စစ်ရေးအရ လေ့ကျင့်တာတွေကိုလျှော့ချတာ၊ လေ့ကျင့်မှုတွေကို ရပ်နားလိုက်တာက ဘာကိုဆိုလိုသလဲဆိုတော့ ပူးတွဲလေ့ကျင့်မှုမှာပါဝင်တဲ့နိုင်ငံတွေဟာ နျူကလီးယားလက်နက်ဖျက်သိမ်းရေး သဘောတူညီမှုတစ်ရပ်ရဖို့ဆိုတာနဲ့ ပတ်သက်လို့ အသည်းအသန် ဖြစ်မနေဘူးဆိုတဲ့ အဓိပ္ပာယ်မျိုး ဖြစ်လာနိုင်တယ်လို့ မြောက်ကိုရီးယားလေ့လာမှု တက္ကသိုလ် ပါမောက္ခ ယန်မူဂျင်းက ဝေဖန်သုံးသပ်ထားပါတယ်။

အမေရိကန်နဲ့ တောင်ကိုရီးယားကတော့ တင်းမာမှုတွေ လျော့ကျစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေကို ရပ်နားလိုက်ပြီး မြောက်ကိုရီးယားကို နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆီ ဆွဲခေါ်လာနေပြီ။ သဘောထားပြောင်းလဲလာမှာမဟုတ်ဘူးလို့ ထိပ်သီးအစည်းအဝေးမှာ ပြောခဲ့တဲ့ မြောက်ကိုရီးယားဘက်က ဘယ်လို ထပ်လာဦးမလဲဆိုတာကို စိတ်ဝင်တစား စောင့်ကြည့်ကြရဦး မှာပါပဲ။ ။

**ကိုးကား- အေအက်ဖ်ပီ**

# နိုင်ငံတကာသတင်းတိုထွာ

## အမေရိကန်နှင့် မြောက်ကိုရီးယား ဆက်ဆံရေးအခြေအနေကို ထရမ့်ထုတ်ပြော

**ဝါရှင်တန် မတ် ၃**

အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ ဆက်ဆံရေးအခြေအနေ ကောင်းမွန်လျက်ရှိသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ကြောင်း သိရသည်။ ထရမ့်သည် စနေနေ့က ဝါရှင်တန်အနီးရှိ ကွန်ဆာဗေးတစ် နိုင်ငံရေးဆိုင်ရာ ဆောင်ရွက်မှုကွန်ဖရင့်၌ မိန့်ခွန်းပြောကြားခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့်အတူ ပြုလုပ်ခဲ့သည့် ဗီယက်နမ် ထိပ်သီးအစည်းအဝေး မြန်မြန်ဆန်ဆန် ပြီးဆုံးသွားခဲ့မှုနှင့် ပတ်သက်၍လည်း ၎င်းကပြောကြားခဲ့သည်။

သမ္မတဟောင်း အိုဘားမား ရုံးထိုင်ခဲ့စဉ်က မြောက်ကိုရီးယားသည် ဒုံးကျည်များနှင့် နျူကလီးယားစမ်းသပ်မှုများကို လုပ်ဆောင်ခဲ့ကြောင်း၊ သို့သော်လည်း မိမိသမ္မတ ဖြစ်လာချိန်တွင် ယင်းစမ်းသပ်မှုများ ရပ်တန့်သွားခဲ့ကြောင်းနှင့် အကယ်၍ နျူကလီးယားလက်နက်များ ပိုင်ဆိုင်နေဦးမည်ဆိုပါက အနာဂတ်၌ မြောက်ကိုရီးယား၏ စီးပွားရေးအလားအလာရှိတော့မည် မဟုတ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အာဖရိကတွင် ဖြစ်ပွားသည့် ဝက်တုပ်ကွေးရောဂါ အာရှသို့ ကူးစက်ပျံ့နှံ့လာ

**တိုကျို ဖေဖော်ဝါရီ ၃**

ဗီယက်နမ်ရှိ ဝက်မွေးမြူရေးလုပ်ငန်း ၁၀ ခုကျော်တို့တွင် ဝက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း ဗီယက်နမ်အာဏာပိုင်များက အတည်ပြုခဲ့ပြီးနောက် အာဖရိကတွင် ဖြစ်ပွားသည့် အဆိုပါရောဂါသည် ဂျပန်နိုင်ငံသို့ ရောက်ရှိလာနိုင်ကြောင်း ဂျပန်စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနက သတိပေးခဲ့ကြောင်း သိရသည်။

အာဖရိက၌ ဖြစ်ပွားသည့် ဝက်တုပ်ကွေးပိုးရပ်စ်သည် ဂျပန်ရှိ စီရင်စုငါးခုတို့တွင် ကူးစက်ပျံ့နှံ့ခဲ့သည့် ဝက်တုပ်ကွေးပိုးရပ်စ်နှင့် မတူညီကြောင်း သိရသည်။ အဆိုပါရောဂါသည် လူတို့ကို မကူးစက်နိုင်သော်လည်း ဝက်များတွင် အလွန်ကူးစက်မှုမြန်ဆန်ပြီး ယင်းသို့ကူးစက်ခံရသည့် တိရစ္ဆာန်များမှာ အဖျားကြီးခြင်းနှင့်အခြားလက္ခဏာများ ဖြစ်ပွားတတ်ပြီး အများစုမှာ သေဆုံးတတ်သည်။

လွန်ခဲ့သော ၁၂ နှစ်အကြာက အရှေ့ဥရောပနှင့် ရုရှားတို့တွင် မဖြစ်ပွားမီ အာဖရိကတိုက်တွင် ဝက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု ရှိခဲ့သည်။ ပြီးခဲ့သည့် ဩဂုတ်လက တရုတ်နိုင်ငံ၌ ပထမဆုံးဖြစ်ပွားခဲ့ပြီး ဝက်မွေးမြူရေးခြံပေါင်း ၁၃၀ ခန့်ကို ကူးစက်ပျံ့နှံ့သွားခဲ့သည်။ မွန်ဂိုလီးယား၌လည်း ကူးစက်ဖြစ်ပွားမှုရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မကွေးတိုင်းဒေသကြီး သံဃာ့ဝန်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**မကွေး မတ် ၃**

မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့မှ အနားယူသွားသော ဆရာတော်ကြီးများနေရာတွင် အစားထိုးရွေးချယ်ခြင်း အခမ်းအနားနှင့် တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်အဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို မတ်လ ၂ ရက်က မကွေးမြို့ရှိ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာဝိဇိတာရုံ ဆင်ဖြူကျွန်းကျောင်းတိုက်ဆရာတော်က အဖွင့် ဩဝါဒကထာ ချီးမြှင့်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက သာသနာတော်ကြီး အဓွန့်ရှည် တည်တံ့ပြန့်ပွားအောင် သံဃာ့အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းထားသည့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် သာသနာရေးနှင့် ပတ်သက်လာလျှင် ဂိုဏ်းဂဏ၊ ပုဂ္ဂိုလ် မခွဲခြားဘဲ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်လျက် ညီညီညွတ်ညွတ် တိုင်ပင်ညှိနှိုင်း ဆောင်ရွက်တော်မူနေသည်ကို တွေ့ရှိရပါကြောင်း၊ ဆရာတော်ကြီးများက ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော် သုံးရပ် တိုးတက်ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်နေသကဲ့သို့ သာသနာပြု ရဟန်းတော်များ မပင်မပန်းဘဲ စိတ်ချမ်းချမ်းသာသာ သာသနာပြုသွားနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရက ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများအဖြစ် ဦးဆောင်လှူဒါန်း ပံ့ပိုးလျက် နိုးဆော်တိုက်တွန်းသွားမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး သံဃာ့နာယကအဖွဲ့မှ အနားယူသွားသော ဆရာတော်များ၏ လစ်လပ်နေရာများတွင် အစားထိုးရွေးချယ်ခြင်းကို အခမ်းအနား အစီအစဉ်များအရ ဆောင်ရွက်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး သံဃာ့ဝန်ဆောင် ဆရာတော်များ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

**သန်းနိုင်ဦး(ငဖဲ)**



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်များအား သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

# သီရိသီဝရှန်ခိုက်ဘုရားကျောင်း မဟာသျှီဝရတြီပူဇော်ပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**လားရှိုး မတ် ၃**

ရှမ်းပြည်နယ် လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာအနီးရှိ ပေါ်တော်မူ သီရိ သီဝ ရှန်ခိုက် ဘုရားကျောင်း၌ နှစ်စဉ်ကျင်းပသည့် မဟာ သျှီဝရတြီ ပူဇော်ပွဲကြီး၏ ဖွင့်ပွဲကို မတ် ၂ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကာ ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တက်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇောနှင့် တပ်မတော်မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မန်းပွဲကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များ၊ လားရှိုးမြို့နှင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားမှ ဟိန္ဒူဘာသာဝင် ဘုရားဖူးများ၊ လားရှိုးမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများ တက်ရောက်ခဲ့ကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံ ဟိန္ဒူဘာသာဝင်များအဖွဲ့ ဥက္ကဋ္ဌနှင့် ရှန်ခိုက်ဂေါပကအဖွဲ့ ဥက္ကဋ္ဌတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။



မဟာ သျှီဝရတြီ ပူဇော်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဓမ္မဆီမီး ထွန်းညှိပူဇော်ပေးနေစဉ်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပွဲတော်ကြီး ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ဓမ္မဆီမီးကို ထွန်းညှိပူဇော်ပေးပြီး မဟာ သျှီဝရတြီ ပူဇော်ပွဲအတွက် နှုတ်ခွန်းဆက် မင်္ဂလာစကား ပြောကြားခဲ့ကာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံ ဟိန္ဒူဘာသာဝင်များအဖွဲ့ ဥက္ကဋ္ဌတို့ကလည်း နှုတ်ခွန်းဆက် မင်္ဂလာစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် သီရိ သီဝ ရှန်ခိုက် ဘုရားကျောင်းအတွင်း ဝင်ရောက်ကြည့်ရှုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘုရားကျောင်းအတွက် အလှူငွေ ကျပ် ၁၀ သိန်းနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဘုရားကျောင်းအတွက် ပရိဂျက်တာတစ်စုံကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

**လင်းလင်း(လားရှိုး)**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပုလောမြို့နယ်မှ ဒေသခံပြည်သူများ တွေ့ဆုံ

**ပုလော မတ် ၃**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် ဦးဆောင်သော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပုလောမြို့နယ် ပလမြို့မှ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို မတ် ၂ ရက်က ပလမြို့ အမှတ်(၁)ရပ်ကွက်ရှိ အထက(ခွဲ)ကျောင်းခန်းမ၌ ကျင်းပခဲ့ရာ ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရေး၊ ကျောင်းဆောင် ပြုပြင်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသ ကျောက်ခင်းလမ်းလုပ်ငန်းနှင့် ကျေးရွာချင်းဆက်လမ်းလုပ်ငန်းများ ဆောင်ရွက်ပေးရေး၊ စာကြည့်တိုက် ဆောက်လုပ်ပေးရေးနှင့် ပလမြို့ ရဲကင်းစခန်းကို အဆင့်တိုးမြှင့်ပေးရေး စသည့် ဒေသအတွက်လိုအပ်သော ကိစ္စရပ်များကို တင်ပြကြကာ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုလောမြို့နယ်အတွင်းရှိ ထမင်းမစားကျေးရွာ အလက(ခွဲ)စာသင်ကျောင်းသို့ ရောက်ရှိပြီး ထိုကျေးရွာမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

**ထူးဝေယံ(ပြန်/ဆက်)**




တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်သူများ တွေ့ဆုံစဉ်

# မြဝတီမြို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မြဝတီ မတ် ၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ မတ် ၂ ရက်က မြဝတီမြို့သို့ သွားရောက်ပြီး မြဝတီမြို့ရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မြဝတီမြို့ City Home ခန်းမ၌ ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း၌ရှိသည့် တာဝန်ရှိသူများ တာဝန်ကျေဖို့ လိုအပ်ကြောင်း၊ တာဝန်ကျေပွန်ကြပါက လုပ်ငန်းများ အောင်မြင်မည်ဖြစ်ပြီး လုပ်ငန်းများ အောင်မြင်စေရန်အတွက် အားလုံး ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း အမှာစကားပြောကြားသည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် မြဝတီခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ တွေ့ဆုံနေစဉ်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားရှိ BCF ဇုန် တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ မြို့ပြနှင့် အိမ်ယာဖွံ့ဖြိုးရေးဦးစီးဌာနက အိမ်ယာစီမံကိန်း ဆောင်ရွက်မည့် နေရာကိုလည်းကောင်း၊ အမှတ်(၆) ရပ်ကွက်ရှိ 66KV ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ သဃ်န်းညီနောင်ကျေးရွာရှိ 230 KV ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပွန်ရမ်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)၌ ဆောက်လုပ်ပြီးစီးသော ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၁ ရက်က ကျင်းပခဲ့ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း၊ ခရိုင်ပညာရေးမှူး ဦးကိုကိုနိုင်၊ နိပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့မှ တာဝန်ခံ ဒေါ်အေးအေးသန့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်စဉ်။** (ကျောင်းဆောင်သစ်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် နိပွန်ဖောင်ဒေးရှင်းမှ ထောက်ပံ့ရန်ပုံငွေ ကျပ် ၅၂၄ သိန်းကျော်နှင့် ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေ ကျပ် ၁၃၄ သိန်းကျော်တို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ အလျားပေ ၁၂၀၊ အနံ ပေ ၃၀ ရှိပြီး စာသင်ခန်းများနှင့်အတူ အလံတိုင်၊ ငါးခန်းတွဲ ရေလောင်းအိမ်သာ၊ ရေလှောင်ကန်၊ စားပွဲ၊ ထိုင်ခုံများ ပါဝင်ကြောင်း သိရသည်။)

**ခွန်ရဲထွေး(ဆီဆိုင်)**



# နမ္မတူမြို့နယ်ဖွံ့ဖြိုးရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများ တွေ့ဆုံ

**နမ္မတူ မတ် ၃**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် နမ္မတူမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့် မတ် ၂ ရက်က နမ္မတူမြို့နယ်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့် ဒေသခံပြည်သူများကို မိတ်ဆက်ပေးကာ နမ္မတူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိန်က ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့မိမြို့ဖ ဦးသန်းလွင်က သတ္တုတွင်းကိစ္စရပ်များ၊ ကျူးကျော်မြေကိစ္စများ၊ အသင်းအဖွဲ့အတွက် မြေရရှိရန်နှင့် ကွန်ကရစ်တံတားနှစ်စင်းကို ပြည်နယ်အစိုးရက ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားပြီး ဘော်တွင်းသတ္တုတွင်းတာဝန်ခံ ဦးမြင့်ဦးက ဆက်သွယ်ရေးကိစ္စရပ်များ၊ မြေကွက်ကိစ္စများ၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ၊ လူမှုဖူလုံရေး ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်သူများ၏ တင်ပြဆွေးနွေးမှုများနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေရှင်းပေးခဲ့ပြီး နမ္မတူမြို့နယ်အတွင်းမှ စာသင်ကျောင်းများအတွက် ဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့် အမိုက်ပုံးများကို ရှမ်းပြည်နယ်အစိုးရကိုယ်စား ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ္မတူမြို့နယ်တွင် ဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်းမှ ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားခဲ့ပြီး သီပေါ-မန်စံ-နမ္မတူလမ်းပေါ်၌ တံတားတည်ဆောက်နေမှုနှင့် နမ္မတူသတ္တုတွင်းလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဘားအံမြို့နယ် ကျေးလက်လမ်းပေါ်မှ ကော့ကသောင်(နော်ရင်မွှေး) တံတား အသုံးပြုခွင့်ပြု

ဘားအံ မတ် ၃

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကော့ကသောင်-လက္ခကာ ကျေးလက်လမ်းပေါ်မှ အကျယ်ခြောက်ပေသာရှိသော နော်ရင်မွှေးတံတားဟောင်းကို ၁၈ပေ ကွန်ကရစ်တံတားအဖြစ် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အစားထိုးတည်ဆောက်ပေးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ကျေးလက်ပြည်သူတို့အား အသုံးပြုခွင့်ပြုလိုက်ပြီဖြစ်သည်။



ကော့ကသောင် (နော်ရင်မွှေး) တံတားကို တွေ့ရစဉ်။

အစားထိုး တည်ဆောက်ပေးလိုက်သည့် တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ် တံတားအောက်ထည် သံကူကွန်ကရစ်၊ တံတားအပေါ်ထည် သံမဏိရက်မသံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်း၊ တံတားအရှည်ပေ ၂၈၀၊ ယာဉ်သွားလမ်း အကျယ် ၁၈ ပေ၊ ရေလမ်းကင်းလွတ် အကျယ်ပေ ၄၀၊ တံတားခံနိုင်ဝန် ၁၃ တန်ဖြစ်ပြီး တံတားတစ်စင်းလုံးစီမံကိန်းတန်ဖိုးမှာ ၂၀၁၇-၂၀၁၈ နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ၏ ဖြည့်စွက်ရန်ပုံငွေ၊ မူလခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၈၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တံတားသည် ဘားအံမြို့နယ်မှ ကျေးရွာ ၁၈ ရွာ အိမ်ခြေ ၁၉၃၂ အိမ်နှင့် ကျေးလက်ပြည်သူ ၉၁၇၀ တို့အတွက် ရာသီမရွေး သွားလာအသုံးပြုနိုင်မည့် ကျေးလက်တံတားဖြစ်ကြောင်း သိရသည်။

ခရမ်း-စိုးမြင့်

# နွေရာသီ ရေရှားပါးမှုမရှိစေရေး သန့်ရှင်းသောသောက်သုံးရေရရှိရေး နောင်လုံ နတ်ရေကန်နှင့် ဥယျာဉ် နတ်ရေကန်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မိုးနဲ မတ် ၃

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် နွေရာသီကာလ ရေရှားပါးမှုမဖြစ်ပေါ်စေရေးနှင့် ပြည်သူများသန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေလျက်ရှိသော လွိုင်မြေရပ်ကွက်ရှိ နောင်လုံနတ်ရေကန်နှင့် ဥယျာဉ်ရပ်ကွက်ရှိ နတ်ရေကန် အတွင်းအပြင်ရှိ ပေါင်းမြက်များ၊ သစ်ကိုင်းများ၊ သစ်ရွက်ခြောက်များ၊ ရေမှော်များ ဖယ်ရှားရှင်းလင်းခြင်းကို ယနေ့နံနက် ၈ နာရီက အဆိုပါရေကန်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မိုးနဲမြို့နယ် နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၃၀၀ ခန့်တို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်၍ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်ဇော်ထွေးနှင့် မိုးနဲတပ်နယ်မှ တာဝန်ရှိသူများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးထက် တို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မျိုးညွှန့်ရွှေ (မိုးနဲ)

# မြောက်ဦးမြို့နယ်၌ နေရပ်စွန့်ခွာသူများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းများပေးအပ်

မြောက်ဦး မတ် ၃

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းမှ ပြည်သူများအား မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့က သွားရောက်ထောက်ပံ့ခဲ့သည်။

အဆိုပါ နေရပ်စွန့်ခွာသူများကို ထောက်ပံ့ပေးအပ်ခြင်းသို့ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်ထွေး၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးဘိုမောင်နှင့် စစ်ဘေးရှောင်စခန်းရှိပြည်သူများတက်ရောက်ကြသည်။

ထို့နောက် စစ်ဘေးရှောင်စခန်းများဖွင့်လှစ်ထားသော စေတီတောင်ကျေးရွာ၊ တိမ်ညိုရွာသစ် ကျေးရွာနှင့် အောက်သားကန်ကျေးရွာတို့တွင် လတ်တလောဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် မိမိတို့နေထိုင်ရာဒေသများကို စွန့်ခွာပြီး ခိုလှုံရန် ရောက်ရှိနေကြသည့် အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ အမျိုးသား ၁၉၄ ဦး၊ အမျိုးသမီး ၂၄၂ ဦး အတွက်ကူညီရန် ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးဆောင်သော စစ်တွေမြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် ပဲခူးတိုင်း Deploy Team တို့မှ ကြက်ခြေနီ စေတနာ့လုပ်အားရှင် ၂၀ တို့သည် အိမ်သုံးပစ္စည်း ၁၄ မျိုး ပါဝင်သော Family Kit ၁၀၅ ပုံး၊ ပစ္စည်း ၁၀ မျိုးပါ အမျိုးသမီးတစ်ကိုယ်ရေသုံး ပစ္စည်းအိတ် ၁၀၅ အိတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကာ စစ်ဘေးရှောင်ပြည်သူများကို ကြက်ခြေနီလှုပ်ရှားမှုအကြောင်း သိကောင်းစရာများနှင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ ဟောပြောဆွေးနွေးခဲ့ပြီး တပ်ဖွဲ့ဝင်များက အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံကြက်ခြေနီအသင်းက နေရပ်စွန့်ခွာသူများကို ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)

# ပဒါန်းကျေးရွာ၌ မြတ်စေတနာမွန်လူမှုကူညီရေးအသင်းမှ ဆိုင်ကယ်စီးဦးထုပ် အလုံး ၅၀ အခမဲ့ဖြန့်ဝေ

ငဖဲ မတ် ၃

မင်းဘူးခရိုင် ငဖဲမြို့နယ် ပဒါန်းကျေးရွာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး ယာဉ်အန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ ပဒါန်းယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးတပ်ဖွဲ့စုနှင့် မြတ်စေတနာမွန် လူမှုကူညီရေးအသင်းတို့ ပူးပေါင်းပြီး ပဒါန်းလမ်းဆုံ ပုသိမ်-မုံရွာကားလမ်းတွင် ဆိုင်ကယ်စီးဦးထုပ်များကို အခမဲ့ဖြန့်ဝေခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမောင်၊ စခန်းမှူး ဒုရဲမှူးခွန်ဗိရှင်းရှိုစိန်နှင့် ပဒါန်းနယ်မြေ ရဲစခန်းမှူး ရဲအုပ်နေလင်းမြင့်တို့က ဆိုင်ကယ်မောင်းနှင်ရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေး၊ ယာဉ်ကြံ့ခိုင်မှုရှိရေး၊ ဆိုင်ကယ်စီးဦးထုပ် မေးသိုင်းကြိုးစနစ်တကျတပ်ဆင်ပြီး မောင်းနှင်ရန်၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များ ပြည့်စုံစွာထားရှိရန်နှင့် ဆိုင်ကယ်အိပ်ဇောများဖွင့်ပြီး မောင်းနှင်ခြင်းမပြုရန် အသိပညာပေး၍ မြတ်စေတနာမွန် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးလှမျိုးနိုင်အား ဂုဏ်ပြုမှတ်တမ်း ပေးအပ်ပြီး ပြည်သူများအား ဆိုင်ကယ်စီးဦးထုပ် အလုံး ၅၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မယု(ငဖဲ)

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃-၃-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၀၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၃၀ ကျပ် | ၉၄၀/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၄၀ ကျပ် | ၉၅၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၈၀/၇၄၀ ကျပ် | ၇၈၅/၈၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၇၅/၈၃၅ ကျပ် | ၈၈၀/၈၈၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၁ ・ ၆ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၇ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၃ ・ ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၀ ・ ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၂ ・ ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ・ ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၀၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၄ ・ ၃၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ ・ ၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၆၁၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ ငပလီ



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ငပလီကို ကျွန်တော်ရောက်ခဲ့တာ အကြိမ်ကြိမ်ပါ။ ပထမဆုံးအကြိမ်က လူရည်ချွန်ရွှေဝါချိုင်စခန်းကို။ အဲဒီတုန်းက ကျွန်တော်က နည်းပြဆရာ။ လက်သစ်လူရည်ချွန်စီမံကိန်းကို မဆလအစိုးရက ဖော်ထုတ်ခဲ့တာ။ ညီနောင်ဆိုရှယ်လစ်နိုင်ငံတွေမှာရှိတဲ့ စီမံကိန်းကို နမူနာယူပြီး တက္ကသိုလ်ကောလိပ်အထက်တန်းကျောင်းတွေက ဘက်စုံထူးချွန်တဲ့ကျောင်းသား ကျောင်းသူသားတွေကို ဂုဏ်ပြုတဲ့ အစီအစဉ်။**

### ငပလီကို အကြိမ်ကြိမ်ရောက်ခဲ့

အခုလိုဖော်ထုတ်ခဲ့တာကို ကြိုဆိုရမှာ။ စာပေတင်မက အားကစားလှုပ်ရှားမှုတွေနဲ့ ပတ်သက်လို့လည်း စိစစ်ခဲ့တာ။ ကျွန်တော်က ဆရာဖြစ်နေတာမို့ လူရည်ချွန်တွေကို ကြီးကြပ်ဖို့ အရွေးခံရတာ။ ပြောသာပြောရတယ်။ လူရည်ချွန်တွေနဲ့ ကျွန်တော်နဲ့ အသက်က သိပ်မကွာလှဘူး။ ဒီတုန်းက လူရည်ချွန်တွေမှာ ပါတဲ့သူတွေအနက် ဒေါက်တာ ခင်မောင်ဟန်နဲ့ ဒေါက်တာတင်မျိုးဝင်းတို့ကို အမှတ်ရနေမိတယ်။ တချို့က ငါးကြိမ်၊ ခြောက်ကြိမ်ရတဲ့သူတွေ။ ကျွန်တော်နဲ့အတူ ဆရာဝန်နှစ်ဦး ၊ ဆရာမတစ်ဦးနဲ့ အားကစားမှူး စုစုပေါင်းလေးဦး။ ရန်ကုန်စခန်းက ပြည်ဆောင်မှာညဘက် လာနှုတ်ဆက်တဲ့ လူကြီးတွေအနက် ဒုတိယဝန်ကြီး ဒေါက်တာညီညီပါသလို ကျွန်တော့်ရဲ့ဦးလေး ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးကြီး မျိုးအောင်တို့ပါဝင်ကြတယ်။ ငပလီ ရွှေဝါချိုင်စခန်းကို ရောက်တဲ့အခါ တိုင်းမှူးဖြစ်တဲ့ဗိုလ်မှူးချုပ် သူရတင်ဦးက ညစာကျွေးတယ်။ သင်္ကြန်ရက်တွေမို့ ကျောင်းသားတွေနဲ့အတူ ရခိုင်သင်္ကြန်ကို လောင်းလှေထဲက ရေတွေနဲ့ဆော့ကစားကြတယ်။

နောက်တော့ ကျွန်တော်နိုင်ငံခြားပညာတော်သင်ပြန်လာပြီး စီးပွားရေးတက္ကသိုလ်ရဲ့ ခြေလျင်တောင်တက်အသင်းရဲ့ ဥက္ကဋ္ဌအနေနဲ့ ရောက်ခဲ့တာ။ ခရီးကသိပ်ကြမ်းတာ။ ကုန်တင်ကားတီအီး (၁၁) သုံးစီးနဲ့ ပြည်မြို့ကတစ်ဆင့် ရောဝတီမြစ်ကို ဇက်နဲ့ကူးပြီး လမ်းတစ်ဖက်မှာ ညအိပ်ရတယ်။ အစားအသောက်ကလည်း ကိုယ်တိုင်ချက်စားကြရတော့ ဖြစ်သလိုပဲ။ ငပလီရောက်ဖို့ ချောင်းတွေခဏခဏ ဖြတ်ခဲ့ရတယ်။ စုစုပေါင်း ၁၀၀ ကျော်။ ပင်ပန်းပေမယ့် ပျော်စရာကောင်းလှတာ။ တစ်လမ်းလုံး မလျှောက်နိုင်ခဲ့တဲ့ ခြေကျင်တစ်လှည့်၊ ကားနဲ့တစ်လှည့်၊ လှေနဲ့တစ်လှည့်။ နောက်တစ်ကြိမ်က လက်ထပ်ပြီးပျားရည်ဆမ်းခရီးသွားခဲ့တာ။ ဒါပေမယ့် နှစ်ရက်ပဲနေခွင့်ရပြီး လူကြီးတွေက အလုပ်အရေးကြီးတယ်ဆိုလို့ ဇနီးအသစ်စက်စက်ကို တောင်းပန်ပြီးပြန်လာခဲ့တယ်။ နောက်တစ်ခေါက်က သမီးနဲ့အတူ မိသားစု ခရီးထွက်ခဲ့တယ်။

ရခိုင်အရေးနဲ့ပတ်သက်ပြီး ကော်မရှင်တာဝန်နဲ့ နိုင်ငံခြားသားတွေ၊ ဝန်ကြီးတွေနဲ့ ရောက်ခဲ့ပြန်တယ်။ ဒီတစ်ခေါက်တော့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်တစ်ယောက်အနေနဲ့ ရောက်ခဲ့တာ။ အထူးသဖြင့် ခြောက်လကျော်ကြိုးစားခဲ့ရတဲ့ ထိုင်းနိုင်ငံက ကုမ္ပဏီနဲ့ သဘောတူလက်မှတ်ထိုးဖို့။ ထိုးဖြစ်အောင် ပုံစံအမျိုးမျိုးနဲ့နောက်ကွယ်က အားထုတ်ခဲ့ရတယ်။ စိတ်ကိုတင်းပြီး ကြိုးစားခဲ့ရတာ။ လက်မှတ်ထိုးပွဲကို ပထမအကြိမ် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲမှာ လုပ်နိုင်အောင်ကြိုးပမ်းရတာ။ ဒီပွဲကြီးကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ရခိုင်ပြည်နယ် အစိုးရက ကမကထလုပ်ခဲ့ပြီး ဂျပန်အစိုးရက အကူအညီပေးခဲ့တာဖြစ်တယ်။ စုစုပေါင်းတက်ရောက်သူ အရေအတွက်က ၆၀၀ ကျော်၊ အားရစရာ။ ကျွန်တော့်အနေနဲ့ ဒီပွဲဖြစ်စေချင်လှတာ။ ရခိုင်နဲ့ ပတ်သက်ရင် ပြည်တွင်း ပြည်ပအမြင်တွေကမျိုးစုံ။ ရှုပ်ထွေးမှု၊ သိမ်မွေ့မှုကို သဘောမပေါက်ကြဘူး။ နိုင်ငံတကာရဲ့ပြစ်တင်ဝေဖန်မှုတွေက မျိုးစုံ။ ဖိအားတွေက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံပဲ။ ပကတိအခြေအနေကို ပြီးပြည့်စုံအောင် မသိကြဘူး။ သိပေမယ့် မသိချင်ယောင်ဆောင်နေတာ။

### မြောက်ပိုင်းသုံးမြို့နယ်သာ ပဋိပက္ခဖြစ်

ရခိုင်အရေးဟာ မနေ့တစ်နေ့ကဖြစ်တဲ့ပြဿနာ မဟုတ်ဘူး။ နှစ်ပေါင်းများစွာက လုပ်သင့်တာတွေ မလုပ်ခဲ့တာရှိသလို မလုပ်သင့်တာတွေကိုလည်း လုပ်ခဲ့တာရှိတယ်။ သမိုင်းက အရှည်ကြီး။ ဘက်ပေါင်းစုံက ကိုယ့်အမြင်နဲ့ကိုယ် သုံးသပ်နေကြတာ။ ရခိုင်ပြည်နယ်မှာ ၁၇ မြို့နယ်နဲ့ ငါးခရိုင်ရှိတယ်။ ပဋိပက္ခဖြစ်နေတဲ့ နေရာတွေက မြောက်ပိုင်း သုံးမြို့နယ်မှာ။ ကျန်တဲ့ဒေသတွေမှာ အေးချမ်းတယ်။ ငပလီမှာ ကမ္ဘာလှည့်ခရီးသည်တွေအပြည့်။ မြောက်ဦးမှာလည်း ဒီလိုပဲ။ အရေအတွက်တွေ နည်းသွားတာတော့ မှန်တယ်။ သတင်းမီဒီယာတွေက ပြည်နယ်တစ်ခုလုံးမှာ ပြဿနာတက်နေသလို ဖော်ပြနေတာ။ ပဋိပက္ခဖြစ်တဲ့အကြောင်းအရင်း ဇာစ်မြစ်ကို သုံးသပ်ရင် အခြေခံတွေက မျိုးစုံ။ လုံခြုံရေး၊ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး။ ကျွန်တော့်အနေနဲ့ စီးပွားရေးအခြေခံတွေကို ပြုပြင်ပြောင်းလဲချင်တယ်။ လွတ်လပ်ရေးမရမီ နိုင်ငံမှာ စီးပွားရေးအရ အောင်မြင်တဲ့ဒေသက ရခိုင်ပြည်နယ်။ စစ်တွေဆိပ်ကမ်းဟာ အလွန်စည်ကားလှပြီး ဆန်စပါးအကြီးအကျယ် ထွက်ခဲ့တာ။ သဘာဝအနေအထားအရ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းတွေက အလားအလာ အလွန်ကောင်းတာ။ တစ်ဖက်ကလည်းရှုည်လျားပြီး လှပတဲ့ကမ်းခြေတွေဟာ နိုင်ငံခြားခရီးသည်တွေကို ဆွဲဆောင်နိုင်တာ။ အခုလောက် စီးပွားရေးအခွင့်အလမ်းကောင်းတဲ့ ရခိုင်ပြည်နယ်ဟာ ပုံစံမျိုးစုံနဲ့ တိုးတက်မှုနှောင့်နှေးခဲ့တယ်။

ကျွန်တော်က နိုင်ငံရေးနဲ့စီးပွားရေးဆက်စပ်မှုကို ယုံကြည်တယ်။ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ရင် ရင်ဆိုင်နေရတဲ့ နိုင်ငံရေးစိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်တယ်လို့ယုံကြည်တယ်။ ဒါကြောင့်လည်း UEHRD လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး စီးပွားရေးအခြေအနေ တိုးတက်အောင် ကြိုးစားနေခဲ့တယ်။ ဒီကြိုးပမ်းမှုတွေကို အရှိန်အဟုန်မြှင့်စေမှာက ကျင်းပခဲ့တဲ့ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုက အားပေးနိုင်ကြောင်း ယုံကြည်မိတယ်။ ဒီပွဲကို ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနဲ့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က ဦးဆောင်ခဲ့တာ။

### နိုင်ငံတော်၏အတိုင်ပင်ခံ ကိုယ်တိုင်တက်ရောက်

ပွဲမစမီတစ်ရက် ကျွန်တော်တို့လေယာဉ်ပျံက ရန်ကုန်က သံတွဲကို ထွက်ခဲ့တယ်။ ဦးသောင်းထွန်းအပါအဝင် ကျန်တဲ့ ပြည်ထောင်စုဝန်ကြီးတွေဖြစ်တဲ့ ဦးအုန်းမောင်၊ ဦးဝင်းခိုင်နဲ့ ဒေါက်တာ အောင်သူတို့ ပါဝင်ကြတယ်။ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူးဦးအောင်နိုင်ဦးလည်း ပါဝင်ခဲ့တယ်။ တည်းမယ့် ဟိုတယ်ရောက်ပြီး ကိုရီးယားသံအမတ်ကြီး၊ ထိုင်းသံအမတ်ကြီးတွေနဲ့တွေ့ဆုံခဲ့တယ်။ ညဘက်မှာ ညစာစားရင်း ရခိုင်ပြည်နယ်က စီစဉ်ထားတဲ့ဖျော်ဖြေပွဲကို ကြည့်ရှုကြတယ်။ နိုင်ငံအသီးသီးက သံအမတ်ကြီး ရှစ်ဦးတက်ရောက်တာ တွေ့ရလို့ အားရမိတယ်။ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်တွေ၊ ရင်းနှီးမြှုပ်နှံဖို့ဆန္ဒရှိတဲ့သူ တွေ တက်ရောက်ကြတယ်။ ဖွင့်ပွဲနေ့ ရောက်တော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောခဲ့တယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ အခုလိုကိုယ်တိုင်ကိုယ်ကျ တက်ရောက်လာတာဟာ ရင်းနှီးမြှုပ်နှံမှုပွဲရဲ့အရေးပါမှုကို မီးမောင်းထိုးပေးခြင်းဖြစ်တယ်။ သူ့အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုခဲ့တယ်။ အခုလို နိုင်ငံ့ခေါင်းဆောင်အနေနဲ့ ရခိုင်ပြည်နယ်အပေါ် ယုံကြည်မှုပေးတာဟာ အားရစရာပါ။ အမှန်တော့ အခုလိုအချိန်အခါမျိုးမှာ သူ့အနေနဲ့ ရခိုင်ပြည်နယ်ကို လာရောက်ခဲ့တာကို ချီးကျူးရမှာဖြစ်တယ်။ သူ့ရဲ့မိန့်ခွန်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမယ့်သူတွေအနေနဲ့ အားရကျေနပ်ကြပါတယ်။ မိန့်ခွန်းပြောပြီးချိန်မှာ ပြခန်းတွေကို လာရောက်ကြည့်ရှုအားပေးကြတယ်။ ပြခန်းတွေကမျိုးစုံ။ နိုင်ငံခြားကုမ္ပဏီတွေ၊ ပြည်တွင်းကုမ္ပဏီတွေ၊ စွန့်ဦးတီထွင်မှုတွေ ပုံစံအမျိုးမျိုး။ အားရစရာတွေ။

ထမင်းမစားမီ ကျွန်တော်စီစဉ်ခဲ့တဲ့ သဘောတူစာချုပ်ကို ထိုးဖြစ်ခဲ့တယ်။ ထိုင်းကုမ္ပဏီက ဒေါ်လာသန်း ၂၀ ကျော်။ ပုစွန်၊ ငါး၊ မွေးမြူရေး အအေးခန်းစက်နဲ့ ဆိုလာစက်ရုံဆောက်လုပ်ဖို့ ဖြစ်တယ်။ ကုမ္ပဏီရဲ့အကြီးအကဲနဲ့ ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းတို့က လက်မှတ်ထိုးကြတယ်။ ကျွန်တော်နဲ့ထိုင်းသံအမတ်ကြီးတို့က သက်သေအဖြစ်လက်မှတ်ထိုးခဲ့ပါတယ်။ လနဲ့ချီကြိုးစားခဲ့တာကို အောင်အောင်မြင်မြင်လုပ်နိုင်ခဲ့တာ ကျေနပ်မိတယ်။

> **“ ရခိုင်နဲ့ ပတ်သက်ရင် ပြည်တွင်း ပြည်ပ အမြင်တွေကမျိုးစုံ။ ရှုပ်ထွေးမှု၊ သိမ်မွေ့မှုကို သဘောမပေါက်ကြဘူး။ နိုင်ငံတကာရဲ့ ပြစ်တင်ဝေဖန်မှုတွေက မျိုးစုံ။ ဖိအားတွေက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံပဲ။ ပကတိအခြေအနေကို ပြီးပြည့်စုံအောင် မသိကြဘူး။ သိပေမယ့် မသိချင်ယောင်ဆောင်နေတာ”**

### အချုပ်အခြာအာဏာ မထိပါးတဲ့အဖြေ ထုတ်ဖို့လို

အမှန်တော့ ဒီလက်မှတ်ထိုးပွဲက အစသာဖြစ်တယ်။ ဆက်လက်ပြီး ဒေါ်လာသန်း ၂၀၀ တန် ရင်းနှီးမြှုပ်နှံမှုတွေဝင်ဖို့ရှိတယ်။ တစ်ဖက်ကလည်း ရန်ကုန်မှာ အခြေစိုက်ထားတဲ့ ကိုရီးယားပိုင်အထည်ချုပ်စက်ရုံတစ်ရုံကို စစ်တွေကို ရွှေ့ဖို့ ဆွေးနွေးခဲ့တယ်။ ကျွန်တော်နဲ့အတူ UEHRD ရဲ့အလုပ်အဖွဲ့တွေဟာ အလုပ်အကိုင်အခွင့်အလမ်းတိုးမှု စိုက်ပျိုးရေး၊ မွေးမြူရေး၊ သားငါးလုပ်ငန်းတွေမှာ ဆောင်ရွက်ဖို့။ မောင်တောမြို့နယ်မှာ စီးပွားရေးဇုန်တစ်ခုဖော်ထုတ်ဖို့ နှစ်နိုင်ငံကုန်သွယ်မှု လုပ်ငန်းအတွက်၊ စစ်တွေ-မောင်တော လမ်းမကြီးကို Asia World က ဦးထွန်းမြင့်နိုင် ဦးစီးပြီးဖောက်လုပ်ပေးခဲ့တာ မကြာမီ ပြီးတော့မယ်။ ဒီလမ်းမကြီးကတစ်ဆင့် အလွန်အရေးပါလှတဲ့ စီးပွားရေးကုန်သွယ်မှုလုပ်ငန်းတွေ ဖြစ်ထွန်းတော့မှာ ဖြစ်တယ်။

UEHRD အနေနဲ့ ကနဦးမှာ တစ်ဖက်နိုင်ငံရောက်နေသူတွေကို ပြန်လည်လက်ခံနိုင်အောင် ကြိုးစားအားထုတ်ခဲ့ကြတယ်။ အခုအချိန်မှာတော့ စခန်းတွေမှာရှိနေသူတွေနဲ့ လူ့အဖွဲ့အစည်းအမျိုးမျိုး အတူတူနေထိုင်ကြတဲ့ရွာတွေကို ဦးစားပေးပြီး အကူအညီပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ် ပြဿနာဟာ ကြီးမားလှပါတယ်။ အဖြေကို အလွယ်တကူရနိုင်ဖို့ ခဲယဉ်းတယ်။ ဒါပေမယ့် လုပ်စရာရှိတာတွေကို ကိုယ်တတ်နိုင် သလောက် လုပ်ကြရမှာဖြစ်တယ်။ ပြီးခဲ့တာတွေကို အာရုံစိုက်နေရုံနဲ့မပြီးဘူး။ ဖြစ်ခဲ့တာတွေ ဖြစ်ခဲ့တယ်။ ဒါပေမယ့် ဒါတွေကို စဉ်းစားနေတာထက် နောက်နှစ်ပေါင်း ၂၀ ကျော်မှာ ရခိုင်ပြည်နယ်ကို ဘယ်လိုဖြစ်စေချင်သလဲဆိုတဲ့ ရူပါရုံကိုဖော်ထုတ်ဖို့ လိုအပ်တယ်။ ဒီရူပါရုံကို အားလုံးက လက်ခံနိုင်အောင် ကြိုးစားရမယ်။ အပေးအယူလုပ်ရမယ်။ ညှိနှိုင်းရမယ်။ အချုပ်အခြာအာဏာကို မထိပါးတဲ့အဖြေ ထုတ်ရမယ်။ နိုင်ငံတကာရဲ့အမြင်ကိုလည်း အသိအမှတ်ပြုပြီး ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်လူမျိုးအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားကြရမှာ။ ။

---

## မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အိမ်ခွန်စည်းကြပ်ကောက်ခံမှု ကင်းလွတ်နေသည့် အိမ်အလုံးရေ တစ်သိန်းသုံးသောင်းခန့် တွေ့ရှိ

**မန္တလေး မတ် ၃**


မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၀၁၈ ခုနှစ် ဇူလိုင် ၆ ရက်မှ စတင်၍ စီမံချက်ဖြင့် ဆောင်ရွက်နေသည့် မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တွင် နေအိမ်အဆောက်အအုံ အသီးသီး၏ အချက်အလက်စာရင်းများ ကောက်ယူမှုလုပ်ငန်းတွင် လက်ရှိ ကောက်ယူထားမှုစာရင်းများအရ အိမ်ခွန်ကောက်ခံမှု ကင်းလွတ်နေသည့် အိမ်အလုံးရေ တစ်သိန်းသုံးသောင်းခန့် တွေ့ရှိထားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇောအောင်က ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနတွင် လက်ရှိစာရင်းများအရ မန္တလေး ခြောက်မြို့နယ်မှ အိမ်ခွန်စည်းကြပ် ကောက်ခံမှုရရှိသည့် အိမ်အလုံးရေမှာ တစ်သိန်းသုံးသောင်းကျော်သာရှိခဲ့ပြီး ယခုစီမံချက်ဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးကောက်ယူမှုများအရ လုပ်ငန်းဆောင်ရွက်မှု ၉၈ ရာခိုင်နှုန်းအပြီးတွင် အိမ်ခွန်စည်းကြပ်ကောက်ခံရန်အတွက် အိမ်အလုံးရေ နှစ်သိန်းခြောက်သောင်းခန့် တွေ့ရှိထားကြောင်း သိရသည်။

အဆိုပါ စီမံချက်လုပ်ငန်းကို အနာဂတ်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်းကာ ၂၀၁၈ ခုနှစ် ဇူလိုင် ၆ ရက်မှစ၍ မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တွင် အိမ်ပိုင် (သို့မဟုတ်) အငှားနေထိုင်မှု အိမ်ခွန်စည်းကြပ်မှု ရှိ မရှိ၊ ဂရန်ပိုင်ဆိုင်မှု ရှိ မရှိနှင့် မီလ္လာနှင့် ရေသုံးစွဲမှုစနစ် လုပ်ငန်းလုပ်ကိုင်သူများ လိုင်စင် ရှိ မရှိ စသည့်အချက်အလက်များ ကောက်ယူခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာအထိ ဘဏ္ဍာနှစ်တွင် မြို့နယ် ခြောက်မြို့နယ်အတွင်းမှ အိမ်ခွန်စည်းကြပ် ကောက်ခံရရှိမှုမှာ ကျပ်သန်းပေါင်း ၁၈၀၀ ရရှိရန် လျာထားခဲ့ပြီး လာမည့်နှစ်တွင် အိမ်ခွန်ကောက်ခံရရှိမှုကို ယခုထက် နှစ်ဆ ပိုမိုတိုးတက်ရရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ - အောင်ဖြိုးကျော်**



မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းက မန္တလေးမြို့တော် တစ်နေရာ။

# ငွေးချိုရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေ မတ်လ ၁၅ ရက်တွင် ပေးဝေမည်

**ရေစကြို မတ် ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ငွေးချိုရေလှောင်တမံမှ ၂၀၁၈-၂၀၁၉ ခုနှစ် နွေစပါးစိုက်ပျိုးရန်အတွက် မတ် ၁၅ ရက်နေ့တွင် စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ကြောင်း ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

“ငွေးချိုရေလှောင်တမံ စီမံကိန်းက ၂၀၀၇-၂၀၀၈ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ်ကစပြီး နွေစပါး၊ မိုးစပါးနဲ့ ဆောင်းသီးနှံတွေကို နှစ်စဉ်ဆည်ရေနဲ့ စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ်မှာ မိုးစပါး ၂၀၆ ဧက၊ နွေစပါး ၈၅ ဧက၊ ၂၀၀၉-၂၀၁၀ ပြည့်နှစ်မှာ မိုးစပါးဧက ၂၀၀၊ နွေစပါး ၂၅ ဧက၊ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ မိုးစပါးဧက ၂၀၀၊ နွေစပါး ဧက ၈၀၊ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ မိုးစပါး ၂၂၉ ဧက၊ နွေစပါး ဧက ၈၀၊ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ မိုးစပါး ၂၂၉ ဧက၊ နွေစပါး ဧက ၆၀၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ မိုးစပါး ၂၂၉ ဧက၊ နွေစပါးဧက ၈၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်မှာ မိုးစပါး ၂၂၉ ဧက၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ မိုးစပါး ၂၂၉ ဧက၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မိုးစပါး ဧက ၈၀၊ နွေစပါးဧက ၆၀၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ မိုးစပါး ၅၉ ဧက၊ နွေစပါး ၅၉ ဧက၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ မိုးစပါး ၆၄ ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ နဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ နွေစပါး မစိုက်နိုင်တာကတော့ ဆည်အတွင်း မိုးရေဝင်ရောက်မှု နည်းလို့ဖြစ်ပါတယ်။ ဆည်ထဲမှာ သိုလှောင်ရေပမာဏနဲ့ စိုက်ဧကကို ချိန်ညှိဆောင်ရွက်ရတာဖြစ်လို့ မိုးရွာသွန်းမှုနဲ့ မိုးရေဝင်ရောက်မှုက အဓိက ဖြစ်ပါတယ်။ ဒီနှစ်မှာ နွေစပါးဧက ၆၀ စိုက်ပျိုးမှာဖြစ်ပြီး စိုက်ပျိုးရေကို မတ် ၁၅ ရက်မှာ ပေးဝေမှာဖြစ်ပါတယ်” ဟု ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က ပြောသည်။

ငွေးချိုရေလှောင်တမံ တည်ဆောက်ပြီးချိန်မှစ၍ ဆည်ရေဖြင့် နှစ်စဉ်မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံများကို တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ခဲ့သည့်အတွက် ဒေသခံတောင်သူများ၏ စိုက်ပျိုးစွမ်းအား တိုးတက်လာခြင်း၊ လူနေမှုဘဝမြင့်မားလာခြင်း၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံခြင်း၊ ဝင်ငွေတိုးတက်ရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနေကြပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုပါ ငွေးချိုရေလှောင်တမံမှ အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှ ငွေးချိုရေလှောင်တမံ။

# မကွေးတိုင်းဒေသကြီးအတွင်း သခွားမွှေးစိုက်တောင်သူများ အရှုံးပေါ်

ရေစကြို မတ် ၃

**မကွေးတိုင်းဒေသကြီးအတွင်းမှ သခွားစိုက်ခင်းများတွင် သခွားသီးများအက်ကွဲမှုကြောင့် အသီးကောင်း အထွက်နှုန်းလျော့လျက်ရှိပြီး တရုတ်သို့တင်ပို့ရာတွင်လည်း ဈေးကောင်းမရသောကြောင့် သခွားစိုက်တောင်သူများအရှုံးပေါ်လျက်ရှိသည်။**

“အသီးဆွတ်တဲ့အချိန်မှာ ရာသီဥတုက အပူအအေးမမျှတော့ အသီးတွေ တအားကွဲတယ်။ တစ်ဧကကို ၁၅ တန် လောက်ထွက်ရမယ့် အခင်းမှာ ၁၀ တန် လောက်ပဲ ထွက်တယ်။ ပြည့်ပြည့်ဝဝ မရင့်မှည့်ခင်မှာ အကွဲသက်သာအောင် လို့ဆွတ်ကြတော့ အသီးအရည်အသွေးက မမီတော့ဘူး။ အမှည့်မဟုတ်တော့ စိမ်းတယ်။ ဈေးကွက်မှာ တင်လိုက်တဲ့အခါကျတော့ ဈေးနှိမ်တော့တာပေါ့” ဟု တိုင်းဒေသကြီး ဖရဲ/ သခွားအသင်းမှ ဒုဥက္ကဋ္ဌ ဦးကျော်မင်းက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းတွင် သခွားမွှေးကို ရေစကြိုမြို့နယ်တွင် အစိုက်များပြီး စိုက်ဧက ၁၀၀၀ ခန့်ရှိကြောင်း သိရသည်။ သခွားမွှေးစိုက်တောင်သူများသည် သခွားမွှေးမျိုးစေ့များကို အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလတို့တွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် အသီးခူးဆွတ်ရောင်းချရကြောင်း သိရသည်။ သခွားမွှေးတစ်ဧကလျှင် ငွေကျပ်သိန်း ၈၀ ခန့်ကုန်ကျလေ့ရှိပြီး ယခုနှစ်တွင် အသီးများအက်ကွဲမှုကြောင့် အသီးကောင်းအထွက်နှုန်း လျော့နည်းလျက်ရှိရာ မြို့နယ်အတွင်းရှိ စိုက်ပျိုးဧက ၉၀ ရာနှုန်းမှ တောင်သူများမှာ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

“နှစ်တိုင်းဆိုရင် ဒီချိန်ဆို အတော်မြတ်နေကြပြီ။ ဒီနှစ်တော့ တစ်ဧကကို ငွေကျပ် ၁၀ သိန်းမှ ၁၅ သိန်းလောက် ရှုံးတယ်။ မြတ်ရမယ့်ဟာ မမြတ်တော့တာပေါ့။ ရာသီဥတုအပူ အအေးမညီမျှတာရော မျိုးစေ့လည်း မမှန်ကန်တဲ့ အနေအထားလို့ သုံးသပ်နေကြပါတယ်” ဟု ၎င်းက ပြောသည်။

သခွားစိုက် တောင်သူများသည် နီးစပ်ရာပွဲရုံများမှ တရုတ်ပြည်က မျိုးစေ့ကို ဝယ်ယူရခြင်းဖြစ်ပြီး အဆိုပါမျိုးစေ့မှာ မျိုးစေ့မမှန်ကန်သောကြောင့် အသီးများ အက်ကွဲခြင်းလည်းဖြစ်နိုင်ကြောင်း သခွားစိုက်တောင်သူများက ခန့်မှန်းကြကြောင်း သိရသည်။

“ဒီနှစ် အသီးအနေအထားကလည်း သိပ်မကောင်းဘူး။ ကျင်ဆန်းကျော့ဂိတ်ကနေ ကားအဝင် အထွက်တွေ ပိတ်လိုက်တော့ ပိတ်မိခဲ့တဲ့ အသီးတွေဟာ လတ်ဆတ်မှုမရှိတော့ ဈေးကျသွားတယ်။ အသီးမလတ်ဆတ်တော့ တရုတ်တွေက မဝယ်ရဲတော့ဘူး။ အဲဒီတော့ ဈေးချဝယ်တယ်။ အခု ဈေးပြန်တက်ရမယ့် အချိန်မတက်တော့တာပေါ့” ဟု သခွားစိုက် တောင်သူတစ်ဦးက ပြောသည်။

ယခင်နှစ်က သခွားမွှေး တစ်ကီလိုလျှင် ၆ယွမ်ရရှိသည့် အသီးများမှာ ယခုအခါ ၁ကီလိုလျှင် ၃ ဒသမ ၂ ယွမ်ဖြင့် ရောင်းချနေရခြင်းကြောင့် ဈေးနှုန်းမှာ ထက်ဝက်မက ဈေးလျော့ရောင်းရလျက်ရှိပြီး အသီးကောင်းအထွက်နှုန်းမှာလည်း လျော့နည်းလျက်ရှိသောကြောင့် သခွားစိုက်တောင်သူများ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



မကွေးတိုင်းဒေသကြီးတွင် သခွားမွှေးသီးများကို တွေ့ရစဉ်။

# လယ်ယာသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်အတွက် ကုန်ထုတ်လမ်း ဖောက်လုပ်

**ကံမ မတ် ၃** - မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ထန်းလေးပင်ကျေးရွာအုပ်စု ဝန်လိုကိုင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၉ ဒသမ ၇၁၆ သန်းဖြင့် ဟန်သီရိလွင်ကုမ္ပဏီမှ တာဝန်ယူ၍ လယ်ယာကုန်ထုတ်လမ်းကို ဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းမှာ လမ်းအရှည် တစ်မိုင်ဖြစ်ပြီး တောင်သူ ၂၄၅ ဦး၏ လယ်ယာ ၅၀၃ ဧကမှ ထွက်ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန်အတွက် အထောက်အကူရရှိမည့် လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# တပ်ကုန်းမြို့နယ် ဆင်သေလက်ဝဲမြောင်း ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းစီမံကိန်းဧရိယာတွင် နွေစပါးရေစတင်ပေးဝေမှု ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း မတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေလက်ဝဲမြောင်း ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ADSP စီမံကိန်းဧရိယာတွင် နွေစပါးစိုက်ပျိုးရေ စတင်ပေးဝေနေမှုကို နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့် နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မတ် ၁ ရက်က သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့သည်။

ရှေးဦးစွာ ဆင်သေရေလွှဲဆည် ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန နေပြည်တော် (ထိန်းသိမ်းရေး) လက်ထောက်ညွှန်ကြားရေးမှူးက ဆင်သေလက်ဝဲမြောင်း ရေသောက်စနစ်အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် နှစ်အလိုက်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ဆင်သေလက်ဝဲမြောင်း ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ADSP စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် နွေစပါးစိုက်ပျိုးရေ စတင်ပေးဝေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယခုနှစ်တွင် နွေစပါးရေပေးဝေမည့် မြောင်းမကြီး ပေတိုင် ၀ မှ ပေတိုင် ၁၄၀၀၀ အတွင်း မြောင်းပုံစံကျ ပြုပြင်ခြင်းလုပ်ငန်း၊ ကျောက်လိုင်နင်စီခြင်းလုပ်ငန်းနှင့် တူးမြောင်း အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းများကို နွေစပါးရေပေးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်မှစတင်ကာ နွေစပါးစိုက်ပျိုးရေ ပေးဝေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆင်သေလက်ဝဲမြောင်း ရေသောက်စနစ်၏ ယခုနှစ် နွေစပါးလျာထားဧရိယာမှာ ၃၀၃၅ ဧကဖြစ်ပြီး ဆင်သေရေသောက်စနစ်တစ်ခုလုံး၏ စုစုပေါင်းနွေစပါး လျာထားဧရိယာမှာ ဧက ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွှေး**



နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန် ဆင်သေလက်ဝဲမြောင်း ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ADSP စီမံကိန်းဧရိယာတွင် နွေစပါးရေ စတင် ပေးဝေမှု ကြည့်ရှုစဉ်။

# တာလေ၌ လယ်ယာနှင့် ဥယျာဉ်ခြံစိုက်တောင်သူ ၆၄ ဦးအား ထိုင်းဘတ်ငွေသိန်း ၄၀ သီးနှံထောက်ပံ့ကြေးငွေပေးအပ်

**တာလေ မတ် ၃**

တာလေမြို့ မိုင်းလင်း(အနောက်)ကျေးရွာအုပ်စု နားဟိုင်းလုံကျေးရွာအထက်ဘက်တောင်ပေါ်ရှိ ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီ ကိုးခုမှ စုပေါင်းကာ လယ်ယာနှင့် ဥယျာဉ်ခြံစိုက်တောင်သူ ၆၄ ဦးအား သီးနှံထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်စိုးသူက အမှာစကားပြောကြားပြီး သတ္တုထုတ်လုပ်သူများ ကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီကိုးခုမှ တာဝန်ရှိသူများက လယ်ယာမြေတစ်ဧကလျှင် သီးနှံထောက်ပံ့ငွေ ထိုင်းဘတ် ၁၁၄၉၆ ဘတ်နှုန်း (မြန်မာငွေကျပ် ၅၅၂၆၉၀) စုစုပေါင်းလယ်ယာမြေ ဧက ၃၄၇ ဒသမ ၉၃ ဧကအတွက် ထိုင်းဘတ်ငွေသိန်း ၄၀ ကို တောင်သူများကိုယ်စား မိုင်းလင်း(အနောက်)ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းရီတစ်ထံ ပေးအပ်ခဲ့သည်။ ထို့နောက် ဦးစိုင်းရီတစ်နှင့် တာဝန်ရှိသူတို့က တောင်သူ ၆၄ ဦးတို့အား တစ်ဦးချင်းထံ ဆက်လက်ထုတ်ပေးခဲ့ကြသည်။

“သတ္တုတူးဖော်ရေးလုပ်ငန်းတွေမှာ အသုံးပြုတဲ့ ဓာတုပစ္စည်းတွေကြောင့် နားဟိုင်းလုံကျေးရွာရှိ တောင်သူများ၏ လယ်ယာနှင့် ဥယျာဉ်ခြံမြေတွေ သီးနှံတွေမအောင်မြင်ဘူး။ ဖြစ်ထွန်းမှုမရှိဘူးဆိုပြီး ရွာသူ ရွာသားတွေက နှစ်နာကြေးပေးဖို့ တင်ပြလာတဲ့အတွက် သီးနှံထောက်ပံ့ငွေပေးအပ်တာပါ။ ၂၀၁၄ ခုနှစ် စိုက်ပျိုးရာသီမှစပြီး ယနေ့အထိ နှစ်စဉ်နှစ်နာကြေးတင်ပြလာတဲ့အတွက် တောင်သူ ၆၄ ဦးအား သီးနှံထောက်ပံ့ငွေတွေ ပေးအပ်ပွဲဖြစ်ပါတယ်”ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(ခ) ကြားခံဒေသတွင် -

(၁) လမ်းဖောက်လုပ်ခြင်း၊ ဆိပ်ခံဇောတံတား၊ ယာဉ်ရပ်နားစခန်း၊ ရထားလမ်း၊ ရထားဘူတာရုံ၊ အားကစားရုံ၊ အားကစားကွင်းများ၊ အဆောက်အအုံနှင့် တံတားများအသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(၂) ဆက်သွယ်ရေးတာဝါတိုင်များ၊ မြေအောက်လုပ်ငန်းများ၊ မြေအောက်ဓာတ်အားကြိုးများ၊ လျှပ်စစ်မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်တိုင်များ၊ ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်စိုက်ထူခြင်း၊

(၃) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ မောင်းသူမဲ့လေယာဉ်ဖြတ်သန်းပျံသန်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၄) ဇာတ်ရုံကဲ့သို့သော ဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများ၊ တည်းခိုရေး အဆောက်အအုံများ၊ နားနေစခန်းများ၊ မြင်းစီးစခန်းပြိုင်ကွင်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း။

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင်-

(၁) လယ်မြေ၊ ယာမြေများအပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်မြင်ကွင်းကို ထိခိုက်စေသော နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(၂) မူလမြေမျက်နှာသွင်ပြင်ကို ပျက်စီးစေနိုင်သည့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း-

(ကက) ရွှေကျင်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ အမှိုက်များ စုပုံစွန့်ပစ်ခြင်း၊ ရေဆိုးထုတ်ခြင်း၊

( ခခ ) သဘာဝကုန်းကမူများနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြေညှိခြင်း၊ မြေတူးခြင်းနှင့် ရေစီးရေလာပိတ်ဆို့တားဆီးခြင်း၊

( ဂဂ ) ကန်၊ ချောင်း၊ ဆည်မြောင်း၊ တာတမံ၊ လျှို၊ ချိုင့်များ မြေဖို့ခြင်း။

(၃) လက်ရှိပေါက်ရောက်နေသည့် ဒေသမျိုးရင်းသဘာဝသစ်ပင်များကို ခုတ်ထွင်ခြင်း၊ ခင်တန်းများကို ဖျက်ဆီးခြင်း၊ ဒေသမျိုးရင်းမဟုတ်သော မျိုးစိတ်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(၄) ဝင်းခြံတစ်ခုခုအတွင်း ကျရောက်နေသည့် ရှေးဟောင်းအဆောက်အအုံများ၊ နေရာများ၏ မြင်ကွင်းကို တမင်ဖုံးကွယ်ခြင်း၊ အလွယ်တကူဝင်ရောက်သွားလာ ကြည့်ရှုမရအောင် ပိတ်ဆို့တားဆီးခြင်း၊ ခြံခတ်ကာရံခြင်း။

၂၂။ (က) ပုဒ်မ ၂၁ အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ရက်ပေါင်း ၆၀ အတွင်း စိစစ်ဆုံးဖြတ်ရမည်။

(၂) ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ရက်ပေါင်း ၃၀ အတွင်း စိစစ်ဆောင်ရွက်ရမည်။

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီသည် ပုဒ်မခွဲ (က)၊ ပုဒ်မ ခွဲငယ် (၁) အရ စိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ဂ ) ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ စိစစ်ပြီး ကြိုတင်ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း ပြုနိုင်သည်။ လိုအပ်ပါက ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်ဖြင့် တင်ပြနိုင်သည်။

၂၃။ ဝန်ကြီးဌာနသည်ပုဒ်မ ၂၂၊ပုဒ်မခွဲ(ဂ) အရတင်ပြချက်ကို စိစစ်၍ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပြီး-

(က) ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသင့်ကြောင်း တွေ့ရှိလျှင် လျှောက်ထားသူအား ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရမည်။

( ခ ) ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် မသင့်ကြောင်း တွေ့ရှိလျှင် လျှောက်ထားချက်ကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ရမည်။

၂၄။ (က) ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်မှုမရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန် ကမ္ဘာ့အမွေအနှစ်ဒေသ သို့မဟုတ် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီသို့ လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဒေသ သို့မဟုတ် အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ် ဒေသမှအပ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဖြစ်ပါက ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီသို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(၁) ရှေးဟောင်းအဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဌာန်ကို ဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၃) ပြတိုက်များ တည်ဆောက်ခြင်း၊ ဖွင့်လှစ်ခြင်း၊

(၄) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းရပ်များအတွက် မဖြစ်မနေ လိုအပ်သော အဆောက်အအုံ၊ လူအများသုံး အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း။

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီသည် ယင်းတို့၏ သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည်။

၂၅။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို ဦးစီးဌာနအား စိစစ်စေခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီထံ သဘောထားပြန်ကြားခြင်းများ ပြုလုပ်ရမည်။

၂၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီသည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) ပါ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောထားပြန်ကြားချက်အရ-

(က) ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသင့်ကြောင်း တွေ့ရှိလျှင် လျှောက်ထားသူအား ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရမည်။

( ခ ) ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန်မသင့်ကြောင်း တွေ့ရှိလျှင် လျှောက်ထားချက်ကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ရမည်။

၂၇။ ဝန်ကြီးဌာနသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီနှင့် ဝန်ကြီးဌာနတို့ သဘောထားကွဲလွဲလျှင် ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာကော်မတီတို့မှ ကိုယ်စားလှယ်များ ပါဝင်သော အစည်းအဝေး ခေါ်ယူကျင်းပ၍ ညှိနှိုင်းဆွေးနွေးပြီး ဆုံးဖြတ်ရမည်။

( ခ ) လိုအပ်ပါက ညှိနှိုင်းဆွေးနွေးချက်ကို အစည်းအဝေးမှတ်တမ်းနှင့်အတူ အမျိုးသားအဆင့် ကော်မတီသို့တင်ပြ၍ အတည်ပြုဆုံးဖြတ်ချက်ရယူရမည်။

၂၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေး ကော်မတီသည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့်ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) တို့အရ ကြိုတင်ခွင့်ပြုချက်ပေးရန် ငြင်းပယ်ကြောင်းဆုံးဖြတ်လျှင် မည်သည့် အကြောင်းကြောင့် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

၂၉။ ဝန်ကြီးဌာနက သဘောထားပြန်ကြားရာတွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသည် ပုဒ်မ ၂၂ နှင့် ၂၆ တို့အရ ကြိုတင်ခွင့်ပြုချက်ပေးရန် စိစစ်ရာတွင်လည်းကောင်း အောက်ပါအချက်များကို အခြေခံ၍စိစစ်ရမည်-

(က) ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွက် ကမ္ဘာ့အမွေအနှစ် စံနှုန်းသတ်မှတ်ချက်များ၊ စီမံခန့်ခွဲရေး အစီအစဉ်များနှင့် ညီညွတ်မှု ရှိ မရှိ၊

( ခ ) ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်းနှင့် ဂေဟစနစ်ကို ထိခိုက်ပျက်ယွင်းစေနိုင်ခြင်း ရှိ မရှိ၊

( ဂ ) ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊

(ဃ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို အဟန့်အတား၊ အနှောင့်အယှက် ဖြစ်နိုင်ခြင်းရှိ မရှိ၊

( င ) ရှေးဟောင်းအဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာနှင့် လွတ်ကင်းခြင်း ရှိ မရှိ၊

( စ ) ရှေးဟောင်းအဆောက်အအုံ၏ ထည်ဝါခံ့ညားမှုကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ၊

(ဆ) မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊

( ဇ ) ယဉ်ကျေးမှုအမွေအနှစ်များ၏ လုံခြုံမှုကိုထိခိုက်စေနိုင်ခြင်း ရှိ မရှိ၊

(ဈ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိ မရှိ၊

(ည) ဤဥပဒေအရ ထုတ်ပြန်ထားသောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှု ရှိ မရှိ။

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီများသည် ပုဒ်မ ၂၁ နှင့်ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) တို့ပါ ကြိုတင်ခွင့်ပြုချက် လျှောက်ထားသော ကိစ္စများအားလုံးနှင့် စပ်လျဉ်း၍အမွေအနှစ်ထိခိုက်နိုင်မှု ဆန်းစစ်ချက် ဆောင်ရွက်ရန်နှင့် ခွင့်ပြုပြီး ကိစ္စများတွင် သတ်မှတ်စည်းကမ်းချက်များ လိုက်နာမှု ရှိ မရှိကို ဦးစီးဌာနက စောင့်ကြည့်၍ ပြန်လည်တင်ပြရန်ညွှန်ကြားရမည်။ လိုက်နာမှုမရှိပါက ခွင့်ပြုမိန့်ကို ပယ်ဖျက်ရမည်။

**အခန်း (၁၀)**

**တားမြစ်ချက်များ**

၃၁။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသအတွင်းရှိ မြို့ပြနှင့်ကျေးရွာတွင် အောက်ပါကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေး ကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ-

(က) အဆောက်အအုံ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

( ခ ) ရှေးဟောင်းအဆောက်အအုံမှတစ်ပါး အခြားအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကို ကာရံခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

( ဂ ) ယဉ်ကျေးမှုအမွေအနှစ်များကိုမထိခိုက်သည့် သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊

(ဃ) လမ်းများတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဆိပ်ခံဇောတံတားများ ပြင်ဆင်ခြင်း၊

( င ) ရေတွင်း၊ ရေကန်၊ ရေကူးကန်၊ ရေလှောင်ကန်၊ မွေးမြူရေးကန်များ၊ မွေးမြူရေးခြံများ၊ နှစ်ရှည်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင် မွမ်းမံခြင်း၊

( စ ) လက်မှုလုပ်ငန်းဆိုင်ရာ အလုပ်ရုံများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်းဆိုင်ရာ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများ တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

( ဇ ) ပြခန်းလုပ်ငန်းဆိုင်ရာ အဆောက်အအုံအသစ် ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

( ဈ ) မူလရှိပြီးဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်း အဆောက်အအုံကို ပြင်ဆင်ခြင်း၊

(ည) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ် ပျံသန်းခြင်း။

၃၂။ မည်သူမျှ ကြားခံဒေသတွင် အောက်ပါကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ-

(က) လမ်းဖောက်လုပ်ခြင်း၊ ဆိပ်ခံဇောတံတား၊ ယာဉ်ရပ်နားစခန်း၊ ရထားလမ်း၊ ရထား ဘူတာရုံ၊ အားကစားရုံ၊ အားကစားကွင်းများ၊ အဆောက်အအုံနှင့် တံတားများ အသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

( ခ ) ဆက်သွယ်ရေးတာဝါတိုင်များ၊ မြေအောက်လုပ်ငန်းများ၊ မြေအောက်ဓာတ်အားကြိုးများ၊ လျှပ်စစ်မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်တိုင်များ၊ ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်စိုက်ထူခြင်း၊

( ဂ ) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ မောင်းသူမဲ့လေယာဉ် ဖြတ်သန်းပျံသန်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဃ) ဇာတ်ရုံကဲ့သို့သော ဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများ၊ တည်းခိုရေးအဆောက်အအုံများ၊ နားနေစခန်းများ၊ မြင်းစီးစခန်း ပြိုင်ကွင်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း။

၃၃။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မပြုလုပ်ရ-

(က) ရှေးဟောင်းအဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

( ခ ) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊

( ဂ ) ပြတိုက်များ တည်ဆောက်ခြင်း၊ ဖွင့်လှစ်ခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းရပ်များအတွက် မဖြစ်မနေ လိုအပ်သော အဆောက်အအုံ၊ လူအများသုံးအခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း။

၃၄။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ဤဥပဒေအရထုတ်ပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါပြုလုပ်မှု တစ်ခုခု မပြုလုပ်ရ-

(က) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်း အဆောက်အအုံကိုပြင်ဆင်ခြင်း၊

( ခ ) လယ်မြေ၊ ယာမြေများပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်မြင်ကွင်းကို ထိခိုက်စေသော နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

( ဂ ) မူလမြေမျက်နှာသွင်ပြင်ကို ပျက်စီးစေနိုင်သည့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း-

(၁) ရွှေကျင်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ အမှိုက်များ စုပုံစွန့်ပစ်ခြင်း၊ ရေဆိုးထုတ်ခြင်း၊

(၂) သဘာဝကုန်းကမူများနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြေညှိခြင်း၊ မြေတူးခြင်းနှင့် ရေစီးရေလာပိတ်ဆို့ တားဆီးခြင်း၊

(၃) ကန်၊ ချောင်း၊ ဆည်မြောင်း၊ တာတမံ၊ လျှို၊ ချိုင့်များမြေဖို့ခြင်း။

(ဃ) လက်ရှိပေါက်ရောက်နေသည့် ဒေသမျိုးရင်း သဘာဝသစ်ပင်များကို ခုတ်ထွင်ခြင်း၊ ခင်တန်းများကို ဖျက်ဆီးခြင်း၊ ဒေသမျိုးရင်းမဟုတ်သော မျိုးစိတ်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

( င ) ရှေးဟောင်းအဆောက်အအုံများနှင့် ပရဝဏ်များအတွင်း တိရစ္ဆာန်များ လွှတ်ကျောင်းခြင်း၊

( စ ) ဝင်းခြံတစ်ခုခုအတွင်း ကျရောက်နေသည့် ရှေးဟောင်းအဆောက်အအုံများ၊ နေရာများ၏မြင်ကွင်းကို တမင်ဖုံးကွယ်ခြင်း၊ အလွယ်တကူဝင်ရောက်သွားလာကြည့်ရှုမရအောင် ပိတ်ဆို့တားဆီးခြင်း၊ ခြံခတ်ကာရံခြင်း။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

၃၅။ မည်သူမျှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဖျက်ဆီးခြင်း၊

( ခ ) ရှေးဟောင်းအဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ၊ မူလရှေးဟောင်းအမည်ကိုဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

( ဂ ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း။

၃၆။ မည်သူမျှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ သတ်မှတ်သည့် နယ်နိမိတ်တွင် ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေရန်ဆောင်ရွက်ခြင်း မပြုရ။

**အခန်း (၁၁)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၃၇။ မည်သူမဆို ပုဒ်မ ၃၁ သို့မဟုတ် ပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှအများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၂ သို့မဟုတ် ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၉။ မည်သူမဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် တရားရုံးသည် ထိုသူကို အောက်ပါအမိန့်တစ်ခုခုကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေဖြင့် သတ်မှတ်ထားသည့်ကာလအတွင်း ဆောင်ရွက်ရန် အမိန့်ချမှတ်ရမည်-

(က) တည်ဆောက်ထားသည့်အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

( ခ ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည်ပြင်ဆင်စေခြင်း၊

( ဂ ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဌာန်အတိုင်း ပြန်လည်ပြင်ဆင်စေခြင်း၊

(ဃ) သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း။

၄၂။ မည်သူမဆို ပုဒ်မ ၄၁ အရ ချမှတ်သည့်အမိန့်ကို သတ်မှတ်ကာလအတွင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထိုသူကို ပျက်ကွက်သည့် နေ့ရက်အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်း ပေးဆောင်စေရမည်။

**အခန်း (၁၂)**

**ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း**

၄၃။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ရန်ပုံငွေတစ်ရပ်ကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည်-

(က) ပြည်တွင်း၊ ပြည်ပ အစိုးရ၊ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းငွေများ၊

( ခ ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ကောက်ခံသည့် အခကြေးငွေနှင့် ဝင်ကြေးများအပေါ် ရာခိုင်နှုန်းအချိုးအစား သတ်မှတ်ချက်အရ ရရှိသည့် ငွေကြေးများ၊

( ဂ ) ထိန်းသိမ်းရေး ကော်မတီများက ကောက်ခံရရှိသည့် ဒဏ်ကြေးငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားငွေများ။

၄၄။ ဝန်ကြီးဌာနသည် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သူများပါဝင်သည့် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄၅။ ပုဒ်မ ၄၄ အရ ဖွဲ့စည်းသည့် ရန်ပုံငွေ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည်-

(က) ရန်ပုံငွေမှ သင့်လျော်သည့်ထောက်ပံ့ငွေများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီများသို့ ခွဲဝေပေးနိုင်သည်။

( ခ ) ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် သုံးစွဲခြင်းတို့ ပြုရမည်။

( ဂ ) မိမိ၏ ရငွေသုံးငွေများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရမည်။

(ဃ) နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အရအသုံးငွေစာရင်း ရှင်းတမ်းများ ပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

**အခန်း (၁၃)**

**အထွေထွေ**

၄၆။ နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ခြင်းနှင့် စပ်လျဉ်း၍-

(က) ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့်အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ဆောင်ရွက်ခြင်းကို တားမြစ်သည်။

( ခ ) ပုဒ်မခွဲ(က)ပါ ယဉ်ကျေးမှုအမွေအနှစ် ဒေသများမှတစ်ပါး အခြားယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ရာတွင် ထိခိုက်ပျက်စီးနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း နိုင်ငံတကာလုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ ပြောင်းရွှေ့အစားထိုးထိန်းသိမ်း၍ ဆောင်ရွက်ရမည်။

၄၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသည် အောက်ပါကိစ္စရပ်များအတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် အခကြေးငွေကောက်ခံခြင်းနှင့် ဝင်ကြေးသတ်မှတ် ကောက်ခံခြင်း၊

( ခ ) ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေသည့် ဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးအတွက် ဒဏ်ကြေးငွေသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း။

၄၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီသည် ကြိုတင်ခွင့်ပြုချက်ပါ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင်လည်းကောင်း၊ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများက ထုတ်ပြန်သော စည်းကမ်းချက်၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူကို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ ခံဝန်ချုပ်ရေးထိုးစေခြင်း၊

( ခ ) သတ်မှတ်ထားသော ဒဏ်ကြေးငွေပေးဆောင်စေပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊

( ဂ ) ကြိုတင်ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း။

၄၉။ (က) ပုဒ်မ ၄၈ အရ ချမှတ်သော အမိန့်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ထိုအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်ရောက်ခွင့်ရှိသည်။

( ခ ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ယင်းအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

( ဂ ) ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၅၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားအဆင့် ကော်မတီဝင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီဝင်နှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များကို ဝန်ကြီးဌာနက ကျခံရမည်။

၅၁။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၂။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းရှိ မြို့ပြနှင့် ကျေးရွာများ၏ လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို မထိခိုက်စေဘဲ ညှိနှိုင်းသတ်မှတ်ပေးရမည်။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည်နည်းဥပဒေ၊စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) အမျိုးသားအဆင့် ကော်မတီ၊ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၄။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၉/၁၉၉၈) အရ သတ်မှတ်ထားသည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်နှင့် ရှေးဟောင်း နေရာဇုန်တို့ကို ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသဟုလည်းကောင်း၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်ကို ကြားခံဒေသဟုလည်းကောင်း မှတ်ယူရမည်။

၅၅။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၉/၁၉၉၈) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၅၆။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၉/၁၉၉၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

# ရွှေပြည်သာမြို့နယ်မီးဘေးကြောင့် ဒဏ်ရာရရှိသူ ၁၃ ဦးအနက် ထပ်မံသေဆုံးသူ ကိုဦး၏ မိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၃)ရပ်ကွက် ဆိပ်ကမ်းသာလမ်း အမှတ်(၃၃၈/၃၃၉)ရှိ ဟွန်ဒါမြန်မာ အထပ်သားစက်ရုံတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က မီးလောင်ကျွမ်းခဲ့ခြင်းကြောင့် ပြင်းထန်သောဒဏ်ရာများနှင့် ရန်ကုန်ဆေးရုံကြီးနှင့် အင်းစိန်ဆေးရုံကြီးတို့တွင် အတွင်းလူနာအဖြစ် ဆေးရုံတက်ကုသမှုခံယူနေစဉ် အဆိုပါစက်ရုံအလုပ်သမားအမျိုးသား ၁၄ ဦးအနက် ကိုငြိမ်းချမ်းဦးဆိုသူ တစ်ဦးမှာ ဖေဖော်ဝါရီ ၁၉ ရက်က အင်းစိန်ဆေးရုံကြီး၌ သေဆုံးခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ဆေးကုသခံဒဏ်ရာရလူနာ ၁၃ ဦး နှင့် သေဆုံးသူတစ်ဦးတို့ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန(ရန်ကုန်) က ဒဏ်ရာရလူနာ ထောက်ပံ့ငွေနှင့် သေဆုံးထောက်ပံ့ငွေအဖြစ် အင်းစိန်ဆေးရုံကြီး၌ ဖေဖော်ဝါရီ ၁၉ ရက်က မိသားစုများလက်ဝယ်သို့ ငွေကျပ် ၉၅၀၀၀၀ ကို ပထမအကြိမ် ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ထပ်မံသေဆုံး**

ယခုအခါ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဆေးရုံတက်ကုသခံ ၁၃ ဦးအနက် ကိုဦးထပ်မံသေဆုံးသွားခြင်းကြောင့် ရွှေပြည်သာမြို့နယ် (၁၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် သေဆုံးသူများ၏ မိသားစုလက်ဝယ်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ (၁၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (ရန်ကုန်) ညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများက ရွှေပြည်သာမြို့နယ် အမှတ် (၁၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သေဆုံးသူ ကိုဦးအတွက် မိသားစုလက်ဝယ်သို့ ငွေကျပ် ၂၂၅၀၀၀၀ ကို မတ် ၁ ရက်က ထပ်မံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**မျိုးမင်းသိန်း**
**(မရမ်းကုန်း)**



# တတ်အားသရွေ့ အကြံပြုလိုက်ရပါတယ်

မောင်ခိုင်မာ(အထက်မင်းလှ)

မကြာမီ(၂၀၁၉၊ မတ်လ ၆ ရက်နေ့မှစတင်၍) ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြရတော့မှာ ဖြစ်ပါတယ်။ ကျောင်းသူ ကျောင်းသားအများစုဟာ ဖြေဆိုဖို့ရန်အသင့်အနေအထားကို ရောက်နေလောက်ပါပြီ။ ကြိုတင်ပြင်ဆင်ခြင်း အချိန်ကာလကို ကျော်လွန်ခဲ့ပြီဖြစ်လို့ အနီးကပ်ကာလမှာ မောင်တို့ မယ်တို့ အလေးဂရုပြုသင့်တာတွေကို အကြံပြုချင်ပါတယ်။

**မေးခွန်းပုံစံအပြောင်းအလဲ**

အားလုံးသိကြတဲ့အတိုင်း ၂၀၁၉ တက္ကသိုလ်ဝင်စာမေးပွဲမှာ စတင်အသုံးပြုမယ့် မေးခွန်းပုံစံသစ်ဟာ မောင်တို့ မယ်တို့အနေနဲ့ သင်ခန်းစာကို နှုတ်တိုက်အလွတ်ကျက်မှတ်တဲ့ ပုံစံကို လျှော့ချပြီး တစ်နှစ်ပတ်လုံး သင်ယူလေ့လာဆည်းပူးထားတဲ့ သင်ခန်းစာတွေကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု၊ ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်မှု၊ ကိုယ်ပိုင်ရေးသားတင်ပြမှု၊ ကိုယ်တိုင်ဆုံးဖြတ်နိုင်မှုစွမ်းရည်တွေနဲ့ ပေါင်းစပ်ဖြေဆိုရမယ့်ပုံစံကို ဦးတည်ပြောင်းလဲထားတာ ဖြစ်ပါတယ်။ နှုတ်တိုက်အလွတ်ကျက်မှတ်ခြင်းကို လျှော့ချတယ်ဆိုပေမယ့် ဘာသာရပ်တိုင်းမှာ အလွတ်ကျက်မှတ်ရမယ့် ကဏ္ဍတွေရှိပါတယ်။ ဥပမာ- ဓာတုဗေဒဖော်မြူလာတွေ၊ ရူပဗေဒသီအိုရီတွေ၊ ဇီဝဗေဒအမည်နာမတွေ၊ သမိုင်းက ခုနှစ်သက္ကရာဇ်တွေ၊ ပထဝီက လတ္တီတွဒ်၊ လောင်ဂျီတွဒ်တွေ၊ မြန်မာစာခက်ဆစ်၊ အလင်္ကာတွေ၊ အင်္ဂလိပ်စာ မီးနင်းတွေ အစရှိသဖြင့်ပေါ့။ ဒါတွေကိုတော့ မလွဲမသွေ အလွတ်ကျက်ရ မှာပါ။ မောင်တို့၊ မယ်တို့အနေနဲ့လည်း မေးခွန်းပုံစံသစ်အတိုင်း သက်ဆိုင်ရာ ဆရာ ဆရာမတို့က သင်ကြားပြသပေးပြီးဖြစ်လို့ စနစ်တကျ လေ့ကျင့်ဖြေဆိုကြဖို့ လိုအပ်ပါတယ်။

**ကျန်းမာရေး**

မောင်တို့ မယ်တို့ ဖြေဆိုရမည့် ကာလဟာ ပူအိုက်တဲ့ရာသီကို ရောက်ရှိနေပြီဖြစ်သလို အချို့ဒေသတွေမှာ နေ့ပူညချမ်းတာမျိုးတွေ ရှိတတ်ပါတယ်။ ဒါကို သတိမထားဘဲ အနေအထိုင် အစားအသောက် မဆင်ခြင်ဘူးဆိုရင်တော့ ကြိုတင်ပြင်ဆင်အားခဲထားသမျှ အချည်းနှီးဖြစ်သွားပါလိမ့်မယ်။ စာကြည့်ချိန်၊ အနားယူချိန်၊ အိပ်စက်ချိန်တို့က ညီညွတ်မျှတဖို့ လိုအပ်ပါတယ်။ စာကြည့်ချိန်များလွန်းခြင်း၊ ဒါမှမဟုတ် အနားယူချိန်၊ အိပ်စက်ချိန် များလွန်းခြင်း စတဲ့ အစွန်းတရားတွေက ဘေးထွက်ဆိုးကျိုးကို ရစေပါတယ်။ ဒီအတူ အစားမှားခြင်း(ဝမ်းပျက်စာ၊ ဝမ်းလျှောစာ၊ ရင်ပြည့်စာ စသည်)၊ မငိုက်ချင်အောင်၊ မအိပ်ချင်အောင် တားမြစ်ဆေးသုံးစွဲခြင်း၊ ရေချိုးချိန် မမှန်ခြင်း၊ လေအေးပေးစက်၊ ပန်ကာတို့ကို အလွန်အမင်း သုံးစွဲခြင်း စတာတွေကို အထူးဂရုပြုသင့်ပါတယ်။ စာလုပ်ရတာ ငြီးငွေ့လာရင် (ကြာလာရင်) ထပြီး ခဏလမ်းလျှောက်တာ၊ တေးဂီတနားထောင်တာ၊ ခေတ္တတုံးလုံးလှဲ အနားယူတာမျိုးတွေ လုပ်ဖို့လည်း လိုအပ်ပါတယ်။ စာမေးပွဲကာလအတွင်း မတော်တဆ ထိခိုက်မှုမရှိအောင်နေကြရမှာဖြစ်သလို စာစစ်ဌာန အသွားအပြန် (ဒါမှမဟုတ်)တစ်နေရာရာသို့ ကိစ္စဖြင့် အသွားအပြန် ပြုရာမှာ ခေါင်းဆောင်းကြရပါမယ်။ (မဆိုစကောင်း) ထိခိုက်ဒဏ်ရာရခြင်း၊ ဖျားနာခြင်းများ စာဖြေရက်အတွင်းဖြစ်ပါက သက်ဆိုင်ရာ ကြီးကြပ်ရေးမှူးထံ တင်ပြပြီး လိုအပ်တဲ့ဥပဒေအရ အခွင့်အရေး (လက်ယာလက် ထိခိုက်မိ၍ အကူဖြေဆိုပေးစေလိုခြင်း၊ ဆေးရုံစာစစ်ဌာနသို့ ပြောင်းလဲဖြေဆိုခွင့်ပေးရေး) စသည်များကို တောင်းဆိုနိုင်ပါတယ်။



ယမန်နှစ်က မန္တလေးတိုင်းဒေသကြီးအတွင်း စာဖြေဌာနတစ်ခုမှ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

**“ဖြေဆိုရမည့်ကာလဟာ ပူအိုက်တဲ့ရာသီကို ရောက်ရှိနေပြီဖြစ်သလို အချို့ဒေသတွေမှာ နေ့ပူညချမ်းတာမျိုးတွေ ရှိတတ်ပါတယ်။ ဒါကို သတိမထားဘဲ အနေအထိုင် အစားအသောက် မဆင်ခြင်ဘူးဆိုရင်တော့ ကြိုတင်ပြင်ဆင် အားခဲထားသမျှ အချည်းနှီးဖြစ်သွားပါလိမ့်မယ်။ စာကြည့်ချိန်၊ အနားယူချိန်၊ အိပ်စက်ချိန်တို့က ညီညွတ်မျှတဖို့ လိုအပ်ပါတယ်”**

**မိဘအုပ်ထိန်းသူများနှင့် ပတ်ဝန်းကျင်**

မိဘအုပ်ထိန်းသူများကို အကြံပြုလိုပါသည်။ မိမိသားသမီး အခြေအနေကို ကြည့်ပြီး သင့်တင့်တဲ့ ကြိုးစားအားထုတ်မှု ရှိစေဖို့ အားပေးရပါမယ်။ ဆုပူကြိမ်မောင်းမှုအစား နားလည်အောင် ညင်သာသိမ်မွေ့စွာ ဆိုဆုံးမရပါမယ်။ ဖိအားမပေးသင့်ပါ။ အစားအသောက်၊ အနေအထိုင်၊ အအိပ်အနေများကို ကျန်းမာရေးနဲ့ ညီညွတ်အောင် ဂရုပြုပေးရမယ့်အစား ညဥ့်နက်သန်းခေါင် စာကြည့်ခိုင်းတာ၊ ဟိုဆေးဒီဆေးတွေ တိုက်တာ၊ ကလေးအနားကပ်ပြီး မြည်တွန်တောက်တီးတာတွေ လုံးဝမလုပ်သင့်ပါဘူးခင်ဗျာ။ အိမ်တွင်းရေးပြဿနာအပါအဝင် ပတ်ဝန်းကျင်ဆူညံမှုများမှ အတတ်နိုင်ဆုံး ကင်းဝေးအောင် စီမံပေးသင့်ပါတယ်။ မိမိသားသမီးအား ဂမ္ဘီရအစီအရင်များကို လွန်လွန်ကဲကဲ ဆောင်ရွက်ပေးနေပါက အဆင်မပြေနိုင်ပါ။

တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုခွင့်ရ ကျောင်းသူ ကျောင်းသားများအနေနဲ့ ကြိုတင်ပြင်ဆင်မှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယခုလို စာမေးပွဲအနီးကပ်ကာလမှာ စာကိုအာရုံစိုက်ကျက်မှတ်နေကြပြီး ဖြစ်ပါတယ်။ ဒီကာလမှာ အလှူခံမဏ္ဍပ်အပါအဝင် ပွဲလမ်းသဘင်များရဲ့အသံချဲ့စက်၊ အိမ်နီးနားချင်းတွေရဲ့ တီဗွီ၊ ဗီဒီယို၊ စီဒီ ကာရာအိုကေ စတာတွေ အသံကျယ်ကျယ်ဖွင့်နေတာတွေကို ဆင်ခြင်သင့်ပါတယ်။ တာဝန်ရှိသူများကလည်း စည်းကမ်းဥပဒေအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း ညှိနှိုင်းတားမြစ်ပေးသင့်ပါတယ်။

**စာစစ်ဌာနသို့ စာဖြေရန်အသွား**

မနက် ကိုးနာရီက စတင်ဖြေဆိုရမှာဖြစ်တဲ့အတွက် စာစစ်ဌာနသို့ နာရီဝက်လောက် ကြိုတင်ရောက်နေသင့်ပါတယ်။ ဒါကြောင့် စာစစ်ဌာနသို့သွားမယ့် အစီအစဉ်(ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေကျင်)နှင့် အကွာအဝေးတို့ကို ခန့်မှန်းတွက်ချက်သွားသင့်ပါတယ်။ အိမ်မှ မထွက်ခွာမီ ဖြေဆိုခွင့်ကတ်ပြား၊ စာရေးကိရိယာ အစုံအလင်ပါ မပါ စစ်ဆေးယူဆောင်သွားကြရမယ်။ ဘောပင်များဟာ မင်အရောင်တူဖြစ်နေရပါမယ်။ ပြာလိုက် နက်လိုက် မဖြစ်ရပါ။ စာစစ်ဌာနသို့ ရောက်တဲ့အခါ မိမိဖြေဆိုရမယ့် အခန်းကို ကြိုတင်ရှာဖွေပါ။ ပထမအချက်ပေးခေါင်းလောင်းထိုးသည်နှင့် တစ်ပြိုင်နက် အဆင်သင့်ဖြစ်နေရပါမယ်။ တောက်ပသစ်လွင်တဲ့ အဝတ်အစားတွေ ဝတ်ဆင်သွားမယ့်အစား ကျောင်းဝတ်စုံ(ဖြူ-စိမ်း)ကိုသာ ဝတ်ဆင်သွားသင့်ပါတယ်။ အဝတ်အစားဟာ ကျပ်ကျပ်တည်းတည်း ဖြစ်မနေသင့်ပါဘူး။ လက်အကွေးအဆန့် အဆင်ပြေမယ့် အဝတ်အစား၊ ရာသီဥတုနဲ့ ကိုက်ညီတဲ့ အဝတ်အစားကိုသာ ဝတ်ဆင်သင့်ပါတယ်။ အစာရေစာကို လွန်ကဲစွာ စားသုံးထားခြင်းမျိုးတွေကို ရှောင်ကြဉ်ကြပါ။ စာဖြေရန်အတွက် စိတ်ရောကိုယ်ပါ ရှင်လန်းတက်ကြွနေရပါမယ်။ ဖြေဆိုရမယ့် နေ့ရက်နဲ့ ဘာသာရပ်ကို မလွဲပါစေနဲ့ စာမေးပွဲအချိန်စာရင်းကို သတိထားကြပါ။

**စာဖြေတော့မည်**

ပထမဦးစွာ အနန္တောအနန္တငါးပါးနဲ့ မိမိကိုယ်စောင့်နတ်အပါအဝင် အားလုံးကို မေတ္တာပို့ပါ။ ပြီးလျှင် အဖြေလွှာပေါ်က သတ်မှတ်တဲ့နေရာမှာ မိမိရဲ့ခုံနံပါတ်ကို မှန်ကန်ပီသစွာရေးပါ။ တာဝန်ကျဆရာ ဆရာမများက ဖတ်ပြတဲ့ စည်းကမ်းချက်တွေကို ဂရုတစိုက် နားထောင်ပါ။ မသမာသော နည်းလမ်းများနဲ့ မဖြေကြပါနဲ့။ သူတစ်ပါးကို မေးမြန်းခြင်း(သို့မဟုတ်) ပြောပြခြင်းများကိုလည်း ရှောင်ကြဉ်ပါ။ မိမိဖြေဆိုရမယ့် နေရာ၊ ထိုင်ခုံ၊ ရေးခုံများက စာရေးဖို့အတွက် အဆင်မပြေဖြစ်နေရင်၊ ယိုင်နဲ့လှုပ်နေရင် တာဝန်ကျဆရာများကို အကျိုးအကြောင်းပြောပြပြီး လဲလှယ် ပေးဖို့ ခွင့်တောင်းပါ။ အပိုစာရွက်တောင်းရင် အပိုအဖြေလွှာမှာ ခုံနံပါတ်တပ်ပါ။ မူလအဖြေစာအုပ်နဲ့ သေချာစွာတွဲချုပ်ဖို့ အရေးကြီးပါတယ်။

ရရှိလာတဲ့ မေးခွန်းကို အသေအချာဖတ်ပါ။ မိမိပိုင်နိုင်သည့် အပုဒ်မှ စတင်ဖြေဆိုပါ။ ပထမဆုံးသော ဖြေဆိုချက်ဟာ မိမိအတွက် First Impression ဖြစ်လို့ သပ်သပ်ရပ်ရပ် အမှားကင်းကင်း ဖြေစေချင်ပါတယ်။ မေးခွန်းနံပါတ်တပ်ပါ။ တစ်ပုဒ်ဖြေပြီးတိုင်း မျဉ်းပိတ်ပါ။ ဘာသာရပ်အားလုံးကို ဖြေဆိုရာမှာ စိတ်ကို တည်ငြိမ်စွာထားပါ။ ပုစ္ဆာ / မေးခွန်းက တောင်းဆိုတာကို သေချာစွာဖြေပါ။ မေးခွန်း / ပုစ္ဆာက တောင်းဆိုတာကို သေချာစွာဖြေဆိုဖို့ စဉ်းစားရတာ ကြာနေမယ်၊ လောလောဆယ် မေ့နေမယ်ဆိုရင် အချိန်ကုန်မခံပါနဲ့။ ထားခဲ့ပါ။ နောက်မှ ပြန်ဖြေပါ။ သတ်မှတ် ပုဒ်ရေတော့ မကျန်ပါစေနဲ့၊ အားလုံးဖြေဆိုပါ။ ပြန်လည်စစ်ဆေးဖို့ အချိန်ချန်ပြီး ပြန်လည်စစ်ဆေးပြီးမှ အဖြေလွှာကို အပ်ပါ။

**မသန်စွမ်းကျောင်းသူ ကျောင်းသားများအတွက်**

ယခုနှစ်(၂၀၁၉) တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးမှ ဝင်ရောက်ဖြေဆိုရန် လျှောက်ထားသူပေါင်း ၈၉၀၀၀၀ ကျော်ရှိပြီး အမြင်အာရုံ၊ အကြားအာရုံနှင့် ခန္ဓာကိုယ်မသန်စွမ်း ကျောင်းသူ ကျောင်းသား ၁၀၀ ကျော် ဖြေဆိုကြမည်ဖြစ်ကြောင်း၊ ၎င်းမသန်စွမ်းသူများအတွက် သီးခြားစာဖြေခန်းနှင့် အချိန်ပို မိနစ် ၃၀ ပို ပေးထားကြောင်း၊ အမြင်အာရုံနှင့် ခန္ဓာကိုယ်မသန်စွမ်း ဖြေဆိုမယ့်သူတွေက တောင်းဆိုရင် နဝမတန်းကလေးတွေက ကိုယ်စားရေးပြီး ဖြေခွင့်ပြုကြောင်း၊ အကြားအာရုံမသန်စွမ်းသူတွေအတွက် သက်ဆိုင်ရာသင်တန်းကျောင်းဆရာတွေက ကြိုတင်လျှောက်ထားရင် သူတို့ရဲ့ သင်္ကေတဖြစ်တဲ့ Sign Language နဲ့ အချိန်ပို ပေးထားတဲ့ မိနစ် ၃၀ ထဲကနေ မေးခွန်းကို ရှင်းပြခွင့်ပေးထားကြောင်း စသည်တို့ကို သက်ဆိုင်ရာ ကျောင်းသူ ကျောင်းသားများ မိဘအုပ်ထိန်းသူများ သင်တန်းကျောင်းဆရာများက သိရှိဆောင်ရွက်ပေးကြဖို့ လိုအပ်မှာပါ။ ဆောင်ရွက်ပေးနေကျလည်း ဖြစ်မှာပါ။

**အိတ်သွန်ဖာမှောက် ထူးချွန်စွာ ဖြေဆိုနိုင်ဖို့ရန်**

မောင်တို့ မယ်တို့အနေနဲ့ စာသင်နှစ်စကတည်းက ဂရုတစိုက် လေ့ကျင့် ကျက်မှတ်မယ်၊ ခွင့်ပြုချိန်ကိုက်ဖြေဆိုနိုင်ဖို့ မေးခွန်းဟောင်းတွေကို ဖြေဆိုလေ့ကျင့်ထားကြမယ်၊ နေ့စဉ်သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတွေကတစ်ဆင့် တာဝန်ရှိသူ ဆရာကြီး ဆရာမကြီးများရဲ့ ဟောပြောပို့ချတဲ့ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာတွေကို လိုက်နာမှတ်သားမယ်၊ ကျန်းမာရေးလည်း ကောင်းမယ်ဆိုရင်တော့ အခက်အခဲမရှိနိုင်ပါဘူး။

မည်သို့ဆိုစေ မောင်တို့ မယ်တို့အနေနဲ့ စာသင်နှစ်တစ်နှစ်လုံး ကြိုးစားကျက်မှတ်ထားခဲ့သမျှတွေကို အိတ်သွန်ဖာမှောက် ထူးချွန်စွာ ဖြေဆိုနိုင်ဖို့အတွက် အခုတတ်အားသရွေ့အကြံပြုချက်တွေကို လိုက်နာသင့်လှပါတယ်။ မောင်တို့ မယ်တို့ရဲ့ ကျက်မှတ်ထားမှုတွေဟာ ကံ၊ ဉာဏ်၊ ဝီရိယ၊ ဆန္ဒတို့နဲ့ အချိုးကျပေါင်းစပ်ကာ မျှော်မှန်းသည့်အတိုင်း အခက်အခဲမရှိ ဖြေဆိုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်။ ။

## မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ တစ်သိန်းနှစ်သောင်းကျော် ဖြေဆိုမည်

**မန္တလေး မတ် ၃**

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူ တစ်သိန်းနှစ်သောင်းသုံးထောင်ကျော် ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး ၎င်းတို့အနက် အခြေခံပညာကျောင်းများမှ တစ်သိန်းခန့်၊ ဗကကျောင်းများမှ လေးထောင်ကျော် ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကာ တိုင်းဒေသကြီးအတွင်း ဖြေဆိုသူအားလုံးအတွက် စာစစ်ဌာန ၂၀၃ ခု ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ထို့ပြင် တိုင်းဒေသကြီးအတွင်း မသန်စွမ်းဖြေဆိုသူကျောင်းသား ကျောင်းသူ ခုနစ်ဦးရှိပြီး ၎င်းတို့အနက် ချမ်းမြသာစည်မြို့နယ်ရှိ အမှတ် (၂၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် အကြားအာရုံမသန်စွမ်းလေးဦး၊ မိတ္ထီလာမြို့ အထက ရှမ်းတဲ စာစစ်ဌာနတွင် အမြင်အာရုံမသန်စွမ်းနှစ်ဦးနှင့် ပြင်ဦးလွင်မြို့နယ် အထကခွဲ (လ-၁)တွင် အမြင်အာရုံမသန်စွမ်းတစ်ဦးတို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး မန္တလေးအိုးဘိုအကျဉ်းထောင် စာစစ်ဌာနတွင် ဖြေဆိုသူ ၇၃ ဦးရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အင်းစိန်မြို့နယ်၌ စာဖြေဌာန ၁၁ ခု ဖွင့်လှစ်ထား

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် စာစစ်ဌာန ၁၁ ခု ဖွင့်လှစ်ထားရှိပြီး အထကကျောင်း ရှစ်ကျောင်းမှ ၂၅၅၄ ဦး၊ ကိုယ်ပိုင်အထက်တန်းကျောင်း ၁၁ ကျောင်းမှ ၁၀၈၃ ဦးနှင့် ပြင်ပမှ ဝင်ရောက်ဖြေဆိုသူ ၂၃၂၀ တို့သည် မတ် ၆ ရက်တွင် စတင်ကျင်းပမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယခုနှစ်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးမှ အကျဉ်းကျကျောင်းသား ၇၁ ဦး၊ ကျောင်းသူသုံးဦးတို့သည် အင်းစိန်ဗဟိုအကျဉ်းဦးစီးဌာန၌ စာစစ်ဌာနကို ယခုနှစ်မှစ၍ သီးသန့်ဖွင့်လှစ်ထားပြီး ယင်းစာဖြေဌာန၌ အကျဉ်းကျ ကျောင်းသား ကျောင်းသူများ ဖြေဆိုကြရမည်ဟု မြန်မာနိုင်ငံစာစစ်ဌာနမှ တရားဝင်သတ်မှတ်ထားကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ထူးက ပြောသည်။

